
www.burmeseclassic.com



# မောင်သာမြည့်

# အကျဉ်းခံနှလုံးသား

(အသစ်စက်စက်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၂၀၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၉၀၄၀၇

မျက်နှာဖုံးဒီဇိုင်း - အံ့ဘွယ်ဝင် (STARS)

ထုတ်ဝေသည့်လ - ၂၀၀၇ ခုနှစ်၊ မေလ (ပထမအကြိမ်)

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ - ဦးသန်းမြင့် (၀၁၀၄၀)၊ လင်းလင်းစာပေ၊
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊
၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ - ဦးဇော်မင်း (W!zard)၊
အမှတ် (၁၉၈)၊ ၃၃-လမ်း၊ (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း (၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်၊ (၉၆/၁)၊
၁၁-လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ပပစိုးနှင့်အဖွဲ့

တန်ဖိုး - ၅၀ ကျပ်


BURMESE CLASSIC

မောင်သာပြည့်

# အကျဉ်းခံနှလုံးသား

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

## (၁)

စိတ်လက်မရွှင်ပျခြင်းကို 'မေသက်' မျက်နှာမှာ အထင်းသားမြင်သည်။ သူ မေသက်မျက်နှာကို ခပ်တွေတွေကလေး ကြည့်တော့လည်း မေသက် ခေါင်းတယမ်းယမ်းဖြစ်နေ၏။

'ခေါင်းကြီး တယမ်းယမ်းနဲ့ နင် ဘာဖြစ်နေတာလဲ မေသက်'

'ကိုတိုး မသိပါဘူး'

'မသိလို့ မေးတာပေါ့ဟ၊ မသိတာကို သိအောင် နင်က ပြောပြရမှာပေါ့'

မေသက်က ခေါင်းကိုသာ တွင်တွင်ခါသည်။ ပြီးမှ

'တောင်ပေါ်တက်ရအောင် ကိုတိုး'

'ဘာလုပ်ဖို့လဲ'

'ဆုတောင်းပြည့်မှာ ဆုတောင်းချင်လို့ပါ'

စကားတွေက ဆန်းနေ၏။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ဆုတောင်းပြည့်ကို သူနှင့် မေသက် တစ်ပတ်ကို တစ်နေ့တ်လောက်တော့ရောက်နေတာပဲ။ ရောက်တော့လည်း ဘုရားရှိခိုးတာထက် ဟိုဟိုသည်သည်လျှောက်သွားပြီး ဇရပ်တစ်ခုခုမှာ ဝယ်လာသည့်မုန့်နှင့် အချဉ်ထုပ်ကို ထိုင်စားနေသည်က များသည်။ ခုတော့ ဆုတောင်းပြည့်မှာ ဆုတောင်းချင်တာတွေ ဘာတွေ လုပ်နေ၏။

'နေပါဦး… မေသက်က ဘာတွေဆုတောင်းချင်ပြန်ရတာလဲ'

'အဲဒီကျတော့ သိမှာပေါ့'

ဆုတောင်းပြည့်က မြို့အစွန်မှာ။

သူက ဘာမှမပြောတော့ဘဲ မေသက်၏ စက်ဘီးကို ဆွဲယူပြီး မေသက်ကို စက်ဘီးနောက်မှာတင်သည်။

'ဖြည်းဖြည်းနင်း'

'အင်းပါ'

'ဟိုတစ်ခါအရမ်းနင်းတာလေ၊ ကံကောင်းလို့ နှစ်ယောက်စလုံး မသာမပေါ်တယ်'

မေသက်က မိန်ကလေးပီပီ သည်လိုစကားပြောသိမ့်မွေ့၏။ ဘုရားခြေတော်ရင်းရောက်တော့ စက်ဘီးကိုအပ်ခဲ့ပြီး နှစ်ယောက်သား တောင်ပေါ်ကိုတက်သည်။ လှေကားထစ် တစ်ဝက်လောက်အရောက်မှာ မေသက်က

'မေသက် အရမ်းစိတ်ထိခိုက်နေတယ် ကိုတိုး'





'စိတ်ထိခိုက်ရင်တော့ စိတ်ကုဆရာနဲ့ပြတာ အကောင်းဆုံးဖြစ်လိမ့်မယ်၊ ငါက ဘာမှတတ်နိုင်တာမဟုတ်ဘူး'

မျက်စောင်းကြီးထိုး၏။ သူကလည်း ဘာတွေ စိတ်ထိခိုက်နေတာလဲဆိုသည့် အမေးစကားကို မမေး။ မေသက်မျက်နှာ ညှိုးညှိုးကလေးဖြစ်နေသည်ကို သတိထားမိသည်။

ဘုရားရှေ့ရောက်တော့ မေသက်နှင့်အတူ သူပါ လက်အုပ်ချီကန်တော့သည်။ သူက ဦးသုံးကြိမ်နှင့် ကိစ္စပြီးပြတ်သော်လည်း မေသက်တော့ ဘုရားရှိခိုးခြင်းကိစ္စ မပြီးပြတ်ပါ။ ပါးစပ်ကလည်း တတွတ်တွတ်နှင့် ဘာတွေဆုတောင်းနေသည် မသိ။

ဆုတောင်းခြင်းကိစ္စ ပြီးပြတ်တော့မှ-

'ဘာတွေဆုတောင်းနေတာလဲလို့ ကိုတိုးဈာ မေးလေ'

'ကဲ… မေးပါပြီတဲ့ဟာ'

'ကိုတိုးနဲ့ ခွဲခွာပြီးရင် သံသရာတစ်ကွေ့ကွေ့မှာ ထပ်မံတွေ့ဆုံပါရစေလို့ မေသက် ဘုရားမှာ ဆုတောင်းတယ်'

'ဟဲ့… နင့်စကားက ဘာစကားလဲ မေသက်ရဲ့'

သည်တော့မှ မေသက် ရှိုက်ကြီးတငင်နှင့် ငိုပါတော့၏။ မေသက်ငိုတော့ သူပါ ပျာပျာသလဲ ဖြစ်သွားရသည်။

'ဘာတွေလဲ မေသက်ရယ်၊ ငါ ဘာမှနားမလည်ဘူး'

'မေသက်တို့ ရန်ကုန်ပြောင်းရတော့မယ် ကိုတိုး'

'ဟင်'

သူ ဘယ်လိုမှ မျှော်လင့်မထားသောစကား။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်သက်မှာ သူနှင့် မေသက် ကွဲကွဲကွာကွာ နေသွားလိမ့်မည်ဟု သူ မထင်ခဲ့။ မေသက်မျက်နှာကိုလည်း ခပ်ညှိုးညှိုးနှင့် သူ စိုက်ကြည့်နေမိသည်။

'ကိုတိုးက နောက်နေတယ်ထင်သလား၊ ညက ဖေဖေတို့ပြောနေတာကို မေသက် အသေအချာ ကြားထားတာ၊ သည်စကားက နောက်ရမယ့်စကားလည်း မဟုတ်ဘူး'

'ဟုတ်ရဲ့လား မေသက်ရယ်၊ အဲဒီ စကားတွေက မေသက် နားကြားလွဲပြီး ငါ့ကို လာပြောနေတာလား'

'ရော်…'

မေသက်က သူ့ကို စိတ်မရှည်ဟန်နှင့် မျက်လုံးပြူးပြီး ကြည့်သည်။

'သေချာရင်တော့ ငါ လွမ်းရတော့မှာ အမှန်ပဲ'

'ဘာဖြစ်လို့ လွမ်းရမှာလဲ ကိုတိုးရဲ့'

သူ တော်တော်နှင့်မဖြေ။

တောင်ပေါ်မှနေ၍ အဝေးဆီသို့ လှမ်းမျှော်ကြည့်သည်။ ရထားလမ်းကို ကွေ့ကွေ့ကောက်ကောက်မြင်နေရ၏။

သူ့ရင်မှာ စောစောကလောက် လွတ်လပ်ပေါ့ပါးခြင်း မရှိတော့။ ရှေ့ဘက် ထန်းတောထဲမှ လွင့်တက်လာသော မီးခိုးဖြူတန်းကလေး လွင့်တက်ရာသို့ လိုက်ကြည့်ပြီး…

'မေသက် မရှိရင် ဒီမှာ ကိုတိုးတစ်ယောက်တည်း ကျောင်းတက်ရတာလည်း ပျော်မှာမဟုတ်တော့ဘူး၊ မပြောင်းသွား





မဖြစ်ဘူးလား မေသက်ရာ၊ မေသက်ဖေဖေကို ပြောကြည့်ပါဦး'

မေသက်က ခေါင်းကို ခပ်မော့မော့လေးလုပ်၍–

'မေသက်ပြောတော့ကော ရမှာတဲ့လား၊ ဖေဖေက အစိုးရဝန်ထမ်းဆိုတော့ အထက်က ပို့တဲ့နေရာကို လိုက်ပြောင်းနေရတာ၊ မပြောင်းရင် ဖေဖေ အလုပ်ပြုတ်မှာပေါ့၊ ဖေဖေ အလုပ်ပြုတ်သွားရင် မေသက်ကို ဘယ်သူ ထမင်းကျွေးမှာလဲ'

'ကိုတိုး ကျွေးမယ်'

သူ့စကားကို မေသက်က ကျေနပ်စွာပြုံးရင်း…

'တကယ်နော်'

'မေသက် မယုံရင် ကိုတိုးနဲ့နေခဲ့လေ'

အပြုံးက နဂိုကဝိုင်းနေသော မေသက်မျက်နှာကို ပိုလို့ ဝိုင်းသွား၏။

'မလုပ်ပါနဲ့ ကိုတိုးရယ်၊ နှစ်ယောက် မျှစားရရင် နှစ်ယောက်စလုံး ထမင်းမဝဘဲနဲ့ သေလိမ့်မယ်'

'ဘာပဲဖြစ်ဖြစ်လေ၊ ကိုတိုးစေတနာကို မေသက် လေးစားရမယ်'

'လေးစားပြီးသားပါနော်၊ ဒါပေမဲ့ လက်တွေ့ဘဝက စိတ်ကူးယဉ်လို့မရဘူး ကိုတိုးရဲ့၊ နောက်ပြီး မေသက်နဲ့ ကိုတိုးက ငယ်ကတည်းက အတူနေ အတူကစားခဲ့ကြတာ၊ ဟိုမှာဆိုရင် ကိုတိုးလည်း အနားမှာမရှိနဲ့ ဘယ်လို ပျော်စရာကောင်းတော့မှာလဲ၊ ဖေဖေကပြောတယ်၊ ငယ်ငယ်လေးနဲ့ စိတ်ညစ်တတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလာတဲ့အခါ သွားတွေကျိုးပြီး ဆံပင်တွေတအားဖြူလိမ့်မယ်တဲ့'

'မဆိုင်တာ'

'ဆိုင်တယ် ကိုတိုး၊ ဆိုင်တယ်'

'ခွတ်မငြင်းနဲ့ မေသက်၊ လူဆိုတာ အသက်ကြီးလာရင် သွားလည်းကျိုးမှာပဲ၊ ဆံပင်လည်းဖြူမှာပဲ၊ အဲဒါ ငယ်ငယ်က စိတ်ညစ်တာနဲ့ ဘာမှမဆိုင်ဘူး'

'မရဘူး၊ မရဘူး၊ မေသက်ပြောတာ မှန်ရမယ်၊ ကိုတိုးပြောတာ မှားတယ်'

'ပြဿနာပါလား'

ဘုရားရှေ့မှာ မေသက်က ခွတ်ငြင်းနေ၏။ ပုတီးစိပ်နေသည့် အဘွားကြီးနှစ်ယောက်ကပင် ပြုံးပြုံးပျာပျာနှင့် လှမ်းကြည့်သည်။ အနေအထားက မေသက်ကို အနိုင်ပေးလိုက်တာ အကောင်းဆုံးပင်။

'အင်း... သေသေချာချာ စဉ်းစားရင်တော့ မေသက်ပြောတာ အမှန်ပဲ'

'သည်လိုလုပ်စမ်းပါ ကိုတိုးရယ်'

မေသက်က သူမ၏ ဝက်ဝံရုပ်အိတ်ထဲမှ ချောကလက်ကိုထုတ်ပြီး သူ့ကိုကျွေးသည်။

'ဒါပေမဲ့ ငြင်းတာတော့ မကောင်းဘူး'

'မေသက်ကတော့ ခုလည်း ငြင်းမယ်၊ နောက်လည်း





ငြင်းမယ်၊ ကိုတိုးပြောသမျှကို လိုက်ငြင်းနေမှာပဲ'

'ငြင်းပါ... နောက်ကို ငါ ဘာမှမပြောတော့ဘူး၊ မေသက်တို့က ပြောင်းတော့မှာဆိုတော့ ပြောချင်ရင်တောင် ပြောလို့ရမှာမဟုတ်တော့ဘူး'

သည်စကားအပေါ်မှာတော့ မေသက်မျက်နှာ ညှိုးညှိုးကလေးဖြစ်သွား၏။

'ပြောင်းတဲ့စကားကြီး ဘာလို့ပါလာရတာလဲ ကိုတိုးရယ်၊ ဘယ်လောက်ဝမ်းနည်းစရာကောင်းသလဲ'

သူလည်း အတော်စိတ်မချမ်းသာဖြစ်သွား၏။

ဘုရားပေါ်က ပြန်ဆင်းတော့ လှေကားတစ်ဝက်မှာ သူက...

'မေသက်ကို ကိုတိုး သိပ်ချစ်တာပဲ'

'ဟင်'

သူ့လက်မောင်းကို ဆုပ်ကိုင်ထားသည့် မေသက်လက်က ရုတ်ခြည်းပြေလျော့သွား၏။ သူ့ကိုကြည့်သည့် မျက်လုံးဝိုင်းကြီးမှာ သူ မမြင်ဖူးသောအရိပ်များ ထင်နေသည်။

သူ ထိတ်ထိတ်ပျာပျာနှင့် မေသက်မျက်နှာကို အကြည့်မှာ...

'ကိုတိုး မေသက်ကို ဘာစကားပြောတာလဲ'

သူထင်သည့်အတိုင်း ဖြစ်လာ၏။

'အချစ်စကားလေ'



www.burmeseclassic.com

www.burmeseclassic.com



'အချစ်စကား ဟုတ်လား'

သူက ဟက်ဟက်ကလေးရယ်လိုက်ပြီး…

'ကိုတိုးက မေသက်ကို ညီမလေးတစ်ယောက်လို ချစ်တယ်လေ၊ သည်အချစ်စကားက ရိုးစင်းပြီး ဘယ်လောက်ရိုးသားလဲ'

မျက်စောင်းဝင့်လာ၏။

သူက ရယ်ရင်းနှင့်–

'ဒီမှာ မေသက်၊ မေသက်နဲ့ ကိုတိုးက ဘယ်တော့မှ ရည်းစားဖြစ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငယ်ငယ်ကတည်းက မောင်နှမရင်းချာလို ချစ်ခဲ့ကြသူတွေဟာ ကြီးလာရင် ဘယ်တော့မှ ရည်းစားမဖြစ်ဘူးလို့ ကိုတိုး ကြားဖူးတယ်'

'ကိုတိုး ပြောနေတာကို မေသက် ဘာမှနားမလည်ဘူး'

လေကားအဆင်းတစ်လျှောက် သူ ဘာမှမပြောတော့။ သည်တောင်ပေါ်ဘုရားကို သူနှင့် မေသက်လာခြင်းဟာ နောက်ဆုံးများလားဆိုသည့် အတွေးနှင့် သူ့ရင် ပူလောင်နေသည်ကိုတော့ 'ညီတိုး' ကိုယ့်ကိုယ်ကိုယ်သိသည်။

'ရင်မှာ မကောင်းဘူး'

– စက်ဘီးအပ်ထားသည့်နေရာမှာ စက်ဘီးကိုဆွဲယူရင်း သူကပြောသည်။

'ဘာကိုလဲ ကိုတိုး'

'မေသက် ရန်ကုန်ပြောင်းရင် ကိုတိုးတစ်ယောက်တည်း





ဒီမှာ လွမ်းပြီး ကျန်နေခဲ့မှာ အမှန်ပဲ။ နေလို့ထိုင်လို့ကို ရမှာမဟုတ်တော့ဘူး၊ မေသက်ကတော့ ရန်ကုန်ရောက်တာနဲ့ ကိုတိုးကိုမေ့သွားမှာပါ'

'သည်လို မပြောပါနဲ့'

'ဟုတ်တယ်လေ၊ ငှက်ဖမ်းသွားရင်လည်း ကိုတိုး တစ်ယောက်တည်း၊ ကျောင်းသွားကျောင်းပြန်လည်း တစ်ယောက်တည်း၊ ဘာပဲလုပ်လုပ် ကိုတိုးတစ်ယောက်တည်း ဖြစ်နေတော့မယ်'

'ငိုချင်လိုက်တာ ကိုတိုးရာ၊ ကိုတိုး မေသက်ကို ဘာလို့ လွမ်းစရာစကားတွေ လာပြောနေတာလဲ'

'လွမ်းစရာကောင်းတယ်လေ'

စက်ဘီးနောက် ထိုင်ခုံပေါ်မှာ မေသက် ဝင်ထိုင်တော့ သူ စက်ဘီးကို နင်းထွက်ခဲ့၏။

လမ်းမပေါ်ရောက်သည်ထိ သူနှင့်မေသက် စကားမပြောဖြစ်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



တံတားအလွန်မှာ သူက စက်ဘီးကို ခပ်သွက်သွက် ကလေး နင်းသည်။

'ဖြည်းဖြည်းနင်းပါ'

သူ နင်းအားကို လျှော့လိုက်၏။

'စက်ဘီးလဲပြီး ဒူးကွဲပေါင်ပြဲ ဖြစ်နေမယ်'

'အဲဒါမှ အမှတ်တရလေးတွေ ပိုဖြစ်ကြမှာ'

'အဲဒါမဖြစ်လည်း မေသက်က သတိတရဖြစ်နေမှာပါ'

'သေချာရဲ့လား'

'သေချာပါတယ်'

'ကိုတိုးကတော့ မေသက်ကို ဘယ်တော့မှ မမေ့ပါဘူး'

'ယုံတမ်းစကားတွေကို မေသက် မကြိုက်ဘူးနော်'

အညာလေက ခပ်နွေးနွေးတိုက်ခတ်နေ၏။

မေသက်က စက်ဘီးနောက်မှနေ၍ သူ့ခါးကို ဖက်ထား သည်။

'အမှန်စကားပါ၊ မေသက် ဒီမြို့က ပြောင်းသွားတာနဲ့ ဘယ်သူ့ကိုမှ ကိုတိုး မပေါင်းဘူးတော့ဘူး၊ ကိုယ့်ဘာသာ တစ် ယောက်တည်းပဲ နေတော့မယ်၊ မေသက်ကို လွမ်းလာရင်တော့ တစ်မျိုးပေါ့'

'စကားက ဘာစကားလဲ၊ လွမ်းလာရင် တစ်ယောက် ယောက်ကို အစားထိုးခင်မယ်ဆိုတဲ့ သဘောလား'

'ဟာ…မဟုတ်ပါဘူး၊ ဆုတောင်းပြည့်မှာ တစ်ယောက်





တည်း သွားထိုင်နေမှာကို ပြောတာ'

'သူလား'

သည်လိုနှင့်…

သူ့နည်းတူ မေသက်ရင်ထဲမှာလည်း အညွန့်တက်ကာစ နှယ်လေးတစ်ပင် ရှိနေပြီကို သူသိလိုက်၏။

ထိုနွယ်က…

သံယောဇဉ်နွယ်မှလွဲ၍ တခြား မည်သည့်နွယ်မှ မဖြစ် နိုင်တော့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၂)

'အော်ဒါကတော့ ဒီအပတ်ထဲမှာထွက်မယ်လို့ ပြောတာပဲ ကိုအောင်တိုးရေ'

'ကိုကြီးတို့မရှိရင် ကျွန်တော်တို့သားအဖတော့ ပျင်းကျန်ခဲ့မှာ အမှန်ပဲ'

ဖေဖေနှင့် မေသက်ဖေဖေပြောနေသော စကားများကို နားထောင်ပြီး သူ ဝမ်းနည်းလာသည်။ သူ့နည်းတူ မေသက်မျက်နှာကလည်း ခပ်ငယ်ငယ်ဖြစ်နေ၏။

'ခင်ဗျားတို့ ကျုပ်တို့က အစိုးရအမှုထမ်းတွေဆိုတော့ ဒီလိုပဲ ဟိုရွှေ့ရ၊ ဒီရွှေ့ရနဲ့ သွားလာနေရတာပါပဲဗျာ၊ ကျုပ်ကတော့ ဒီနယ်မြို့ကလေးကိုပဲ သံယောဇဉ်ဖြစ်နေတာပါ၊ ကျုပ်သမီးကတော့ ပြောင်းရမယ်ဆိုတဲ့နေ့ကစပြီး ငိုငိုရယ်ရယ်ဖြစ်နေတာဗျ၊ ဘယ်တတ်နိုင်မလဲလေ'





ဖေဖေက မေသက်မျက်နှာကိုလှမ်းကြည့်သည်။ မေသက်က အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ခြေဆင်းထိုင်ရင်း သူ့မျက်နှာ ကွက်ကြည့်ကွက်ကြည့် လုပ်နေ၏။

'သမီးကတော့ သူ့သူငယ်ချင်း မောင်တိုးနဲ့ ခွဲရမှာကို အတော်စိတ်ထိခိုက်နေရှာတာဗျာ၊ ကံတရားတွေပါပဲ'

သူ... ငိုချင်လာသည်။

ဖြစ်နိုင်လျှင် မေသက်ကို ဒီမြို့က မပြောင်းစေချင်သေးပါ။ ဆောက်လက်စ တစ်ဝက်တစ်ပြက်သာရှိသော ကျောင်းသစ်ကြီးမှာ မေသက်နှင့်အတူ ကျောင်းတက်ချင်ပါသေးသည်။

ကလေးဘဝ ခပ်ငယ်ငယ်အရွယ်က သူနှင့် မေသက် တိုင်ပင်ခဲ့ဖူးသည်။

'မေသက်'

'အင်း'

'တို့နှစ်ယောက် ကြီးလာရင် တစ်အိမ်တည်းမှာ အတူတူနေကြမယ်နော်'

'နေလေ'

'တက္ကသိုလ်တွေ ဘာတွေလည်း အတူတူတက်မယ်၊ ဘွဲ့ယူတော့လည်း အတူတူ'

'ကောင်းတာပေါ့ ကိုတိုးရဲ'

'တစ်ခုတော့ရှိတယ်၊ ကိုတိုးကလွဲရင် မေသက်က ဘယ်သူ့ကိုမှ မခင်မင်ရဘူး'



www.burmeseclassic.com

www.burmeseclassic.com



‘ကိုဘိုးတစ်ယောက်တည်းကိုပဲ ခင်မှာပါ’

‘လူဆိုတာ ပြောလို့ရတာ မဟုတ်ဘူး မေသက်ရဲ့ စိတ်ဆိုတာ အမျိုးမျိုးပြောင်းလဲတတ်တယ်လို့ ဖေဖေက ပြောဖူးတယ်’

‘မေသက်က မပြောင်းလဲပါဘူး’

‘တကယ်နော်’

‘တကယ်ပါ… ကိုတိုးကသာ ပြောင်းလဲတာ’

‘ဘယ်လို’

‘ထန်းဖူးဦးထုပ် ထိုးပေးမယ်ဆို၊ ခုထိ ဘယ်မှာထိုးပေးလို့လဲ၊ သည်တစ်သက်မပြောနဲ့၊ နောက်တစ်သက်တောင် ဆောင်းရမှာမဟုတ်ဘူး’

‘ကိုတိုး မအားလို့ပါ၊ ကိုတိုးမှာ အမေမရှိတာ မေသက် သိပါတယ်၊ အိမ်အလုပ်တွေကို ထမင်းချက်ရေခပ်ကအစ နိုင်ခံလုပ်နေရတာ’

မေသက်မျက်နှာ ပြန်ညိုးသွား၏။

သူနှင့်မေသက်က အဆင့်ကွာလွန်းပါသည်။ မေသက်ဖေဖေက ဆည်မြောင်းဌာနက အရာရှိ။ သူ့ဖေဖေက စာရေးဝန်ထမ်းမျှသာ။

မေသက်က ကြွေရုပ်ကလေးနှင့်တူပြီး သူက ရွှံ့ရုပ်ကလေးနှင့်တူပါသည်။ သို့သော်လည်း သူနှင့် မေသက် ပေါင်းလို့ရပါ၏။





မေသက်က သူ့မျက်နှာကို မေးကလေးထောက်၍ကြည့်ရင်းမှ…

‘ကိုတိုးက သိပ်ယောက်ျားပီသတာပဲ၊ တခြားယောက်ျားလေးတွေလို သနပ်ခါးဖွေးနေအောင်လိမ်းပြီး နွဲ့နွဲ့ကလေး မနေတတ်ဘူး၊ တစ်ခါတစ်ခါ ကိုတိုး လုပ်တာကိုင်တာကိုကြည့်ပြီး မေသက် ကိုတိုးကို သိပ်သနားတာ’

‘တကယ်ဆို တို့နှစ်ယောက်က အတူတူနေရမှာနော်၊ မေသက်ကကော နေမှာလား’

‘နေမှာပေါ့ ကိုတိုးရဲ့’

‘လိမ်မပြောနဲ့နော်၊ လိမ်ပြောရင် နောက်ဘဝကျရင် အရုပ်ဆိုးပါစေလို့ ဆုတောင်းရမလား’

‘တောင်း’

သူက လက်အုပ်ကလေးချီလိုက်ပြီး–

‘အရှင်ဘုရား… မေသက်ပြောသည့်အတိုင်း မှန်ကန်ပါက မေသက်သည် ယခုဘဝတွင်သာမက နောက်ဘဝဆက်တို[illegible]ပါ ရုပ်ရည်ချောမောလှပသူတစ်ယောက် ဖြစ်ပါစေ၊ မေသက်ပြောသည့်စကားများမမှန်ကန်ပါက နောက်ဘဝအဆက်ဆက် ရုပ်ရည်ကြမ်းတမ်း…’

ဆိုရင်း သူ့စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားသည်။ တကယ်လို့ မေသက်သည် သူ့အပေါ်၌ အမှန်တကယ် လိမ်ညာခဲ့ပါလျှင် နောင်ဘဝ၌ တကယ်ပင် ရုပ်ဆိုးအကျည်းတန်သွားမှာ သူစိုးရိမ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုတော့လည်း မေသက်ကို မဖြစ်စေချင်။

မျက်လုံးဖွင့်ပြီး ဟုတ်မဟုတ် သေချာသွားအောင် မေသက်ကို ပြန်မေးယူရသည်။

'နင် တကယ်ပြောတာနော် မေသက်'

'ရော်… ခက်လိုက်တာ၊ တကယ်ပါလို့ ဘယ်နှခါပြောရမလဲ၊ ကိုယ့်ဘာသာကိုယ် ကျိန်မှာသာ ကျိန်စမ်းပါ၊ ကျိန်နိုင်းပြီး ဘာလို့ မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်နေရတာလဲ'

'မကျိန်တော့ဘူးဟာ၊ နင် မညာဘူးဆိုရင်လည်း ပြီးတာပဲ'

မေသက်က မျက်လွှာကလေးသိမ်းပြီး ခေါင်းလေးငုံ့ထားသည်။

သည်တုန်းက မေသက် အမူအရာနှင့် လေယူလေသိမ်းတို့သည် လှုပ်ရှားတက်ကြွနေခဲ့သလောက် ကံကြမ္မာအလှည့်အပြောင်းများ ဖြစ်ပေါ်လာခဲ့သည့်နောက်ပိုင်း မေသက်သည် စကားပြောရာ လှုပ်ရှားရာတိုင်း အရုပ်ကြိုးပြတ်သလို ဖြစ်နေခဲ့၏။

သူ့ကို မော့ကြည့်လာသော အကြည့်တိုင်းတွင် မျက်ရည်ရိပ်သည် မည်သည့်အခါမျှ မလွတ်။ တွေတွေငေးငေးနှင့် တစ်ခုခုကို အမြဲတမ်း စိုးရိမ်နေဟန်ရှိခဲ့သည်။

'ကိုအောင်တိုးတို့ သားအဖနှစ်ယောက်ကို ကျုပ်တစ်သက်မှာ မေ့လို့ရမှာ မဟုတ်ပါဘူး'





မေသက်ဖေဖေ၏ စကားသံ ဖြတ်ဝင်လာမှ သူ့အတွေးတွေ တန့်ရပ်သွား၏။

'ကိုယ့်အထက်အရာရှိပုံစံထက် ကိုယ့်အစ်ကိုကြီးတစ်ယောက်လို ကျွန်တော့်ကို ကျိုးနွံကူညီခဲ့တာတွေကိုလည်း အထူးကျေးဇူးတင်ပါတယ် ကိုအောင်တိုး၊ ကိုအောင်တိုးနဲ့ ကျွန်တော့်ကြားမှာ ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းအရာတွေကိုလည်း မေ့တွာစိတ်နဲ့ မေ့ပျောက်လို့ရပါတယ်ဗျာ'

'ကျွန်တော် အဲဒီအကြောင်းတွေကို တွေးကို မတွေးတော့ပါဘူး အစ်ကိုကြီး'

ဖေဖေ့စကားကို မေသက်ဖေဖေက ပြုံးသည်။

သည်အပြုံးသည် ထူးခြားမှုတစ်ခု ဖြစ်ပေါ်နေသည်ကို ထိုကတည်းက သူ သတိထားနားလည်ခဲ့ပါ၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၂)

'ကိုတိုးရေ'

'ကိုတိုး'

'ကိုတိုးရေ'

သူ့နာမည်ကို တကြော်ကြော်အော်ရင်း ပြေးလာသော မေသက်ကိုကြည့်၍ ထင်းခွဲနေရာမှ လက်တွင်ကိုင်ထားသော ဓားကို ပစ်ချလိုက်ပြီး သူ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။

တရုတ်စကားပင်များကြားမှ ဖြတ်ပြေးလာနေသော မေသက်မျက်နှာတွင် ဝမ်းသာရွှင်ပျနေသည့်ဟန်များကို အထင်းသားတွေ့ရ၏။

'ကိုတိုး··· ကိုတိုး···'

သူ့အနားရောက်သည်အထိ စကားကို ပြည့်စုံအောင် မပြောနိုင်သေး။ သူ့မျက်နှာကိုကြည့်ပြီးတော့သာ တတွတ်တွတ် ခေါ်နေသည်။

'ဘယ်လိုဖြစ်လာတာလဲ မေသက်ရဲ့၊ အူလျားဖားလျား နဲ့'





'ကိုတိုး··· ကိုတိုး···'

မေသက်က အသက်ကို ကြိုးစားပမ်းစားရှူပြီး သူမ နေထိုင်သည့် နှစ်ထပ်အိမ်မည်းကြီးရှိရာဘက်ကို လက်ညှိုးညွှန် ရင်း ဝမ်းသာအားရ ခုန်ပေါက်နေ၏။

'နှင် ဘာတွေဖြစ်လာတာလဲ၊ နှင်တို့အိမ်မှာ ဘယ်သူ ဘာဖြစ်လို့လဲ၊ ပြောစရာရှိရင် မြန်မြန်ပြောစမ်းဟာ၊ ငါ့ရှေ့မှာ ခုန်ဆွခုန်ဆွ လုပ်မနေစမ်းပါနဲ့'

'ပျော်စရာကြီး ကိုတိုးရ'

'အဲဒီ ပျော်စရာဆိုတာကြီးကို မြန်မြန်ပြောစမ်းပါ'

သိလိုစိတ်ကြောင့် သူ့ရင် တလှပ်လှပ်ဖြစ်နေရ၏။

'ကိုတိုးတို့ရော၊ မေသက်တို့ရော ဒီအပတ်အတွင်း ရန်ကုန်ကိုပြောင်းရတော့မယ်တဲ့'

'ဘာ'

သူ့နားကိုပင် သူမယုံ။

မေသက် လာနောက်နေသည်ဟုပဲ သူ ထင်သည်။

'နှင် ငါ့ကို မနောက်နဲ့နော် မေသက်၊ ဝမ်းနည်းကြေကွဲ နေတဲ့အချိန်မှာ အဲသလို လာမနောက်ရဘူး'

'မေသက် အတည်ပေါက်နဲ့ လာနောက်နေတာ မဟုတ် ဘူး၊ ကိုတိုးမယုံရင် ဖေဖေ့ကို လိုက်မေးကြည့်'

'တကယ်နော်'

'တကယ်ပါလို့ဆို'

'လာ··· ခု သွားမေးမယ်'

ပြောလည်းပြော၊ မေသက်နှင့်အတူ အိမ်မြင့်ကြီးဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့သည်း ပြေးသည်။ ပြေးနေစဉ်အတွင်း သူ့ခြေထောက်သည် ခြေဖြီးနှင့်ပင် ထိသည်ဟု မထင်ရ။ သည်ကြားထဲ မေသက် အဓောဖောက်နေ၍ စောင့်ခေါ်ရသေးသည်။

အိမ်ဘက်သို့ တအားကုန်ပြေးလာသော သူနှင့် မေသက်တို့ကြည့်ပြီး မေသက်ဖေဖေက ပြုံးနေ၏။

'လေးလေး… လေးလေးတို့နဲ့အတူတူ ကျွန်တော့်ဖေဖေပါ ရန်ကုန်ကို ပြောင်းရမယ်ဆို၊ အဲဒါ ဟုတ်လားဟင်'

မေသက်ဖေဖေက သူ့ပခုံးကို ဖျစ်ညှစ်ပြီး…

'ဟုတ်တယ် မောင်တိုး၊ လေးလေးတို့ရော၊ မောင်တိုးတို့ ဖေဖေပါ ရန်ကုန်ကို အတူတူပြောင်းဖို့ အထက်က အမိန့်စာ ရောက်လာပြီ၊ အဲဒါ တစ်ပတ်အတွင်း ပြောင်းရတော့မယ်'

'ဝမ်းသာလိုက်တာ လေးလေးရာ၊ အရမ်းကို ဝမ်းသာတာပဲဗျာ'

သူ ဝမ်းသာအားရ ထခုန်တော့ မေသက်က သူ့လက်ကို လှမ်းဆွဲထား၏။

လေတိုး၍ တဖျတ်ဖျတ်လှုပ်နေသော တောင်စကားရွက်များသည် သူ့ရင်ထဲက နှလုံးသားအသံဖြစ်နေသည်။

သည်လိုနှင့် သူတို့အားလုံး ရန်ကုန်ကို ပြောင်းရွှေ့ခဲ့ရပါတော့သည်။

✣ ✣ ✣



# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ကျောင်းခန်းထဲဝင်ဝင်ချင်း မျက်လုံးပေါင်းများစွာက သူ့ရှိရာသို့ စုပြုံရောက်ရှိလာသည်။ မကြားတကြားပြောလာသောအသံတချို့လည်း ထွက်လာ၏။

သူ လွယ်အိတ်ကြီးကို ခပ်တင်းတင်းဆုပ်ပြီး ဆရာမနောက်မှ ကပ်လိုက်ခဲ့သည်။ နေရာသစ် အတန်းသစ်ဖြစ်နေ၍ သူ့ရင်ထဲမှာ ငြိမ်ငြိမ်သက်သက်တော့ မရှိလှ။

ဆရာမက သူ့လက်ကို ဖွဖွဆုပ်၍…

'မင်းတို့အားလုံးနဲ့ မိတ်ဆက်ပေးမယ်'

အတန်းသားများဘက် လှည့်လှည့်ချင်း မေသက်ကို သူ ရှာလိုက်သည်။ ရှေ့ဆုံးတန်းနောက်မှ အတန်းထောင့်စွန်းတွင် သူ့ကို လှမ်းကြည့်နေသော မေသက်နှင့် မျက်လုံးချင်းဆုံ၏။

မေသက်က သူ့ထက် ရက်တစ်ပတ်စော၍ ကျောင်းကို ရောက်နှင့်နေသူ။ သူက သည်နေ့မှ ကမန်းကတန်း ကျောင်းအပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး တက်လာရသူ။ သူ့ထက် မေသက်က အားလုံးနှင့် ရင်းနှီး ကျွမ်းဝင်နေပြီလည်း ဖြစ်သည်။

'နာမည်က မောင်ညီတိုးတဲ့၊ အထက်အညာက ပြောင်းလာတာ၊ မင်းတို့အားလုံး သူ့ကို မှတ်ထားကြ၊ ပြီးတော့ သူမသိတဲ့စာတွေကိုလည်း ဝိုင်းကူးပေးကြ၊ ကဲ… မောင်ညီတိုး၊ မိန်းကလေးတန်းနောက်က လွတ်နေတဲ့ခုံမှာ ဝင်ထိုင်နော်၊ လိုတာရှိရင် ဆရာမကိုပြော'

ဆရာမက ထိုင်သူမဲ့နေသော ခုံကလေးကို လက်ညှိုးညွှန်ရင်း ပြောသည်။ သူက ခေါင်းညိတ်ပြပြီး နောက်ဘက်တန်းမှာ ခပ်တည်တည်ဝင်ထိုင်လိုက်၏။

'ခုကတည်းက မေသက် မှာထားမယ်နော် ကိုတိုး၊ ကျောင်းမှာ ဘယ်သူနဲ့မှ အရောတဝင်ကြီး မပေါင်းရဘူး၊ အတန်းထဲကကောင်တွေအားလုံး ဗရုတ်တွေချည်းပဲ၊ သူတို့နဲ့ပေါင်းရင် ကိုတိုး ပျက်စီးလိမ့်မယ်၊ ကိုယ့်ဘာသာကိုယ် ခပ်တည်တည်ပဲနေ'

မနေ့ညနေက မေသက်ပြောခဲ့သောစကားများ နားထဲ ပြန်ဝင်လာသည်။

သူ အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်၏။

မေသက် ပြောသလိုပဲ ထင်သည်။

ငတိတွေမျက်နှာက တကယ့်ကို ပြောင်ချော်ချော်ပါပဲ။

✣ ✣ ✣



(၅)

'ငါ့နာမည်က ဆစ်ဖလစ်၊ သူက စိန်အိုးစည်၊ ဒီဘက်က လဒ၊ အားလုံး နာမည်ရင်းတွေတော့ မဟုတ်ဘူး၊ အဲဒါတွေ အားလုံးက ဒီကျောင်းမှာ တို့ကို အပိုင်စားပေးထားတဲ့နာမည်တွေပဲကွ၊ တို့မှာ ဘော်ဒါစိတ်ရှိတယ်၊ မင်း တို့နဲ့ ပေါင်းမလား ညီတိုး'

သူ ခပ်တွေတွေဖြစ်သွားသည်။

မေသက်က ဒီသုံးကောင်ကို ဘယ်တော့မှ မပေါင်းရဟု ပြင်းထန်စွာတားမြစ်ထား၏။

သူ့စိတ်ထဲမှာ တော်တော်မောသွားသည်။

ဒီကောင်တွေမျက်နှာက ခင်စရာကောင်းတဲ့မျက်နှာတွေ ပါပဲ။ ပျော်ပျော်နေတတ်ကြသည်။ စာလည်းတော်ပါသည်။

အသားညစ်ညစ်နှင့် လူမမာရုပ်ပေါက်နေသော ဆစ်ဖလစ်ကို တစ်ချက်လှမ်းကြည့်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



‘ငါ့မှာ သူငယ်ချင်းတော့ မရှိသေးဘူးကွ၊ မင်းတို့ကို ‌တော့ မြင်မြင်ချင်း ငါခင်ပါတယ်၊ ဒါပေမဲ့…’

ခါးကိုင်းကိုင်းနှင့် အဘိုးကြီးရုပ်ပေါက်နေသော လဒက ကြားထဲမှဖြတ်ဝင်၍…

‘တို့က မင်းကို သနားလို့လာခေါ်တာ၊ မင်းတစ်ယောက်တည်း အခန်းထဲမှာ ထိုင်ထိုင်နေတာ ဘယ်လောက်ပျင်းဖို့ကောင်းလဲ၊ မင်းသူငယ်ချင်းငတိမလေးက သူ့မိန်းကလေးအဖော်တွေနဲ့ စမတ်ကျနေပြီ’

ငတိမလေးဆိုသည်မှာ မေသက်ကို ရည်ညွှန်းပြောမှန်း သူတန်းသိသည်။ လဒက ဆက်၍…

‘တို့သုံးယောက်က မင်းမြင်တဲ့အတိုင်းပဲ၊ ပျော်ပျော်နေတယ်၊ စိတ်ညစ်စရာကောင်းတဲ့အလုပ်ကို ဘာမှမလုပ်ဘူး၊ ညဘက် ညဘက်ကျရင် တို့သူငယ်ချင်းတွေစုပြီး ဂစ်တာခေါက်တယ်၊ ဟစ်တယ်၊ ဘယ်လောက်ကောင်းသလဲ၊ အဲ… တစ်ခုတော့ရှိတယ်၊ ခုနစ်ရက်သားသမီး စိတ်မချမ်းသာတာ၊ ချမ်းသာတာတော့ သူတို့အပိုင်းပေါ့ကွာ’

လဒပြောတဲ့ စကားတွေထဲမှာ သူနားမလည်တဲ့ စကားလုံးအချို့တော့ ပါသည်။ သူမက မနေ့တစ်နေ့ကမှ ရန်ကုန်ရောက်လာတဲ့ တောသား။

သို့သော်လည်း သူက တတ်သလို နပ်သလိုနှင့်…

‘မင်းတို့ ညဘက်ကျရင် ဂစ်တာခေါက်တယ်၊ ဟစ်





တယ်ဆိုတော့ ကုသိုလ်တွေ အများကြီးရမှာပေါ့ကွာ၊ ဘုရားအလုပ် တရားအလုပ်လုပ်တာ လူတိုင်းကြိုက်တာပဲဟာ’

‘ဟော့ကောင် ညီတိုး’

အိုးစည်က သူ့ကို မျက်လုံးကြီးပြူးကြည့်ပြီး အသံပြဲကြီးနှင့် အော်သည်။ သူက မျက်လုံးလှန်ပြီး အိုးစည်ကို ပြန်ကြည့်လိုက်၏။

‘ဂစ်တာခေါက်တယ်ဆိုတာ ပရိတ်ရွတ်တာကိုပြောတာမဟုတ်ဘူးကွ၊ ဒါ လုပ်တာ၊ နားလည်လား’

‘ဖြန်း… ဖြန်း… ဖြန်း’

ပြောလည်းပြော၊ ပါးစပ်ကလည်း တဖြန်းဖြန်းအော်ပြသည်။ လက်ကိုလည်း အထက်အောက် လှုပ်ပြလိုက်သေး၏။

သူ့မျက်လုံးထဲရော၊ နားထဲရော မြင်ကွင်းက ရှုပ်ထွေးသွားသည်။

‘အဲဒါ ဘာလဲကွ’

အိုးစည် လုပ်သလို လုပ်ပြပြီး သူက လှမ်းမေးလိုက်သည်။

အိုးစည်က ပြုံး၍…

‘ဖြန်းဖြန်းလုပ်တယ်ဆိုတာ ဂစ်တာတီးတာကို ပြောတာကွ၊ မင်း မတီးတတ်ဘူးလား’

‘ဟော့အေး’

သူ့ကိုကြည့်ပြီး အားလုံးဝိုင်းရယ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ရန်ကုန်အထာ မကျွမ်းသေးလို့ပါ ညီတိုးရာ၊ နောက် တစ်လ နှစ်လလောက်ဆိုရင် မင်း ရေရေလည်လည် သဘောပေါက်သွားမှာပါ'

ဆစ်ဖလစ်က လက်ကို ဟန်ပါပါဝိုက်ထားရင်း ပြောသည်။ သူတို့ဟာနှင့် သူတို့ကတော့ တကယ့်ကို အံဝင်ခွင်ကျဖြစ်နေသော်လည်း သူ ဘာကိုမှ ရေရေလည်လည် နားမလည်သေး။

သို့သော်လည်း ဖြန်းဖြန်းဆိုတာကြီးကိုတော့ သူများစွာ စိတ်ဝင်စားနေမိသည်။ သူတို့နောက်လိုက်ပြီး ဖြန်းဖြန်းကြီးလုပ်လိုက်ရင်တော့ သူနှင့် မေသက်လည်း ဖြန်းဖြန်းကြီးကို ကွဲချေတော့မည်။

ကျောင်းအရှေ့ဘက် လွှတ်နေသော မြေကွက်ဆီမှာ ကျောင်းသားငယ်လေးများ ပြေးလွှားဆော့ကစားနေကြသည်။

'တို့က ခင်တတ်တယ် သူငယ်ချင်း၊ ဒီကျောင်းမှာ တို့ကိုမခင်တဲ့ကောင် တစ်ကောင်မှမရှိဘူး၊ မင်းကိုတော့ တို့က တကယ်ခင်ချင်လို့ ငြိမ်းချမ်းရေးလုပ်နေတာ၊ ဘယ်လိုလဲ ညီတိုး၊ တို့နဲ့ပေါင်းမယ်ဆိုရင် တို့ခုံမှာလာထိုင်၊ မိန်းကလေးတွေနောက်မှာထိုင်ပြီး အလုပ်မလုပ်နဲ့၊ ယောက်ျားလေး သိက္ခာကျတယ်'

အိုးစည်က မိန်းကလေးခုံတန်းဘက် မေးဆတ်ပြရင်း ပြောသည်။ အိုးစည် စကားကို ဆစ်ဖလစ်က ထောက်ခံ၏။

'ဟုတ်တယ် ညီတိုး၊ အဲဒီနောက်မှာ နေတာထက်စာရင်





တို့နဲ့ထိုင်တာက သိက္ခာအကြီးမားဆုံးပဲ'

'ငါ မေသက်ကို မေးကြည့်ဦးမယ်လေ'

'မင်းက မေသက်ကို ကြောက်နေရလို့လား'

သူ ပင့်သက်ကို ခပ်လေးလေးချပစ်လိုက်သည်။

'ကြောက်ရတာ မဟုတ်ပါဘူးကွာ၊ တော်ကြာ မေသက်က ငါ့ကို လွှတ်ဆူနေမှာစိုးလို့'

သူ့စကားကြောင့် သူတို့သုံးယောက်က သူ့ကို မျက်လုံးပြူးကြည့်ပြီး…

'ဘာလဲကွ၊ လွှတ်ဆူတာ'

သူ့စကားထဲမှာ အညာသုံးတွေ ပါလာသဖြင့် အိုးစည်က ဝင်မေးသည်။

'ဆူတာကို ပြောတာပါကွာ'

သူကလည်း ခပ်ကုပ်ကုပ်ဖြေလိုက်၏။ သည်လိုကျပြန်တော့လည်း သူတို့ ရယ်ကြပြန်သည်။

'အဲဒါတွေ ရှင်းနေရင် တို့ စကားပြောလို့ပြီးမှာ မဟုတ်တော့ဘူးကွ၊ မင်း တို့နဲ့ပေါင်းမလား၊ မပေါင်းဘူးလားဆိုတာပဲ စဉ်းစား၊ ညနေ ကျောင်းဆင်းရင် ကျောင်းရှေ့က တို့စောင့်နေမယ်'

'အဲဒါ ကောင်းတယ်'

မေသက်ကို တိုင်ပင်ချင်သေးသဖြင့် ခေါင်းညိတ်ပြလိုက်၏။ သူတို့သုံးယောက် ထွက်သွားတော့ အနားကို မေသက်



www.burmeseclassic.com

www.burmeseclassic.com



အပြေးရောက်လာသည်။

'ဟိုကောင်တွေ ဘာတွေ လာပြောနေတာလဲ ကိုတိုး'

'ဘာမှမဟုတ်ပါဘူး မေသက်ရာ၊ ဒီကောင်တွေက မေသက်ကို သက်မွန်မြင့်နဲ့တူတယ်ဆိုပြီး ငါ့ကို လာပြောနေလို့ နားထောင်နေတာပါ'

ရုတ်ခနဲ မေသက်မျက်နှာ အပြုံးတွေဝေသွား၏။

မိမေသက်၊ အမြှောက်ကြိုက်မ။

'ဒါပဲနော် ကိုတိုး၊ ဒီကျောင်းမှာ မေသက် မကြိုက်တာ မှန်သမျှ ကိုတိုး ဘာမှမလုပ်ရဘူး၊ လုပ်ချင်ရင် မေသက်ကို ပြောပြီးမှ လုပ်ရမယ်'

စောစောက မာနေသောလေသံက တစ်မျိုးပြောင်းသွား၏။ မေသက်ဘေးမှ ကပ်ပါလာသော ကောင်မလေးက သူ့မျက်နှာကို စိုက်ကြည့်နေသည်။

'ကိုတိုးကို မိတ်ဆက်ပေးရဦးမယ်၊ သူက ယဉ်ကျေးဝေတဲ့၊ ကျောင်းမှာ မေသက် အချစ်ဆုံးပဲ၊ ယဉ်ကျေး ဒါ ညီတိုးလေ၊ တို့ခေါ်သလို ကိုတိုးလို့ခေါ်ရင်လည်း ရတယ်'

နာမည်လေးက အဆန်းပါလား။

ယဉ်ကျေးဝေတဲ့။

သူ ခပ်စိုက်စိုက်ကြည့်တော့ ယဉ်ကျေးဝေက ပြုံးပြီး ခေါင်းညိတ်ပြသည်။ သူကလည်း ပြုံးပြလိုက်၏။

'ယဉ်ကျေးက မေသက်ကို အရမ်းခင်တာ ကိုတိုးရဲ့၊





ကျောင်းစာတွေကို ယဉ်ကျေးက အကုန်လိုက်ကူးပေးတာ၊ လက်ရေးလေးတွေကလည်း လှမှလှပဲ'

မေသက်က ယဉ်ကျေးဝေပခုံးကို ဖက်ထားရင်း ပြောသည်။

'ယဉ်ကျေး တို့ကိုခင်သလို ကိုတိုးကိုလည်း ခင်ရမယ်နော်'

'အင်းပါ'

ယဉ်ကျေးဝေက ခေါင်းညိတ်ရုပ်ကလေး လုပ်သည်။ ခဏနေတော့ ဆစ်ဖလစ်တို့အဖွဲ့ သူတို့ရှေ့မှ ဖြတ်လျှောက်လာသည်။ အိုးစည်က လှမ်းအော်သေး၏။

'ညီတိုးရေ… ဖြန်းဖြန်းကိစ္စကြီးကို စဉ်းစားထားဦးဟေ့'

မေသက်က မျက်မှောင်ကလေးကြုံ့ပြီး…

'သူတို့ပြောတဲ့ ဖြန်းဖြန်းကြီးဆိုတာ ဘာလဲ ကိုတိုး'

သူ့ကို ကပျာကယာ လှမ်းမေးသည်။

'ဒါကိုပြောတာ မေသက်ရ'

စောစောက အိုးစည်လုပ်ပြသွားသော အမူအရာအတိုင်း မေသက်ကို ပြန်လုပ်ပြလိုက်သည်။ မေသက်က နားမလည် ပါးမလည်နှင့် သူထင်တာကို စွတ်ပြောသည်။

'အဲဒါ ရှုပ်ပွေတွေလုပ်တာ ကိုတိုး၊ နင် အဲဒါ သွားလုပ်ရင် ဦးလေးအောင်တိုးနဲ့ တိုင်မယ်၊ အဲဒီကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို နင်ဘယ်လောက်သိလို့လဲ ကိုတိုး၊ အဲဒီသုံးယောက်ခေါ်း ကျောင်းထိုင်တစ္ဆေတွေ'

'ကျောင်းထိုင်ကိုယ်တော်တွေပဲ ကြားဖူးပါတယ်ဟာ'

'သည်ရုပ်တွေက ကျောင်းထိုင်ကိုယ်တော်ရုပ်ပေါက်သလားဟဲ့'

မေသက်က သူ့မစိတ်မတွေ့ရင် နင်တစ်လုံး ငါတစ်လုံး သုံးတတ်၏။ ယဉ်ကျေးကေတော့ မေသက်ပြောသမျှကို ပြုံးပြုံးကလေးနှင့် နားထောင်နေသည်။

'နင်ပြောတဲ့ ကျောင်းထိုင်တစ္ဆေဆိုတာ ဘာအဓိပ္ပာယ်လဲဟ၊ ငါနားမလည်ဘူး'

မေသက်က မျက်စောင်းထိုးပြီး-

'ကျောင်းထိုင်တစ္ဆေဆိုတာ တခြားကျောင်းသားတွေသာ တစ်တန်းပြီးတစ်တန်း အောင်လို့ တက္ကသိုလ်ရောက်သွားမယ်။ သူတို့ကတော့ ဒီမှာ ကျောင်းဆွေးအောင်ထိုင်ရမယ့်ကောင်တွေမို့ ကျောင်းထိုင်တစ္ဆေလို့ ပြောတာပေါ့ဟ'

ခုမှ သူ နားရှင်းသွားတော့သည်။

✣ ✣ ✣



## (၆)

'ဟယ်… ကိုတိုး ဒါ ဘာထုပ်ကြီးလဲ'

'ဖြန်းဖြန်းကြီး'

'ဘာရယ်'

မေသက် မျက်လုံးဝိုင်းစက်သွား၏။ သူ့မျက်နှာကိုလည်း နားမလည်သလို လှမ်းကြည့်နေသည်။

'ဂစ်လေဟာ၊ ဂစ်… ဂစ်…'

'ဂစ်… ဟုတ်လား၊ အဲဒီဂစ်ဂစ်ကြီးက ဘာလုပ်ဖို့လဲ'

'ခေါက်ဖို့ပေါ့ဟ'

'တဂစ်ဂစ်နဲ့ ဖြစ်နေမှတော့ ခေါက်မနေပါနဲ့ ကိုတိုးရယ်၊ သနားပါတယ်'

သူ စိတ်ဓာတ်အကြီးအကျယ် ကျသွား၏။

မေသက်ကိုလည်း ခပ်တည်တည်ဖြင့် ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နှင် အူကြောင်ကြောင်စကားတွေ လာပြောမနေနဲ့ မေသက်၊ ဂစ်ဆိုတာ တိရစ္ဆာန်ကိုပြောတာ မဟုတ်ဘူး၊ ဒီမှာ ကြည့်'

ချည်ထားသောကြိုးစကို ဖြည်ပြလိုက်သည်။ ဆစ်ဖလစ်ဆီက ငှားလာသော ဂစ်တာကြီးက ပြုံးတုံးပြုံတဲ့နှင့် သူနှင့်မေသက်ကို ကြည့်နေသလိုပါပဲ။

မေသက် နှုတ်ခမ်းကလေး ဝိုင်းဟသွားသည်။

'နှင် စာမကျက်ဘဲ ဒါကြီးနဲ့ လမ်းသလားနေတာပေါ့၊ ဟိုကောင်တွေနဲ့ပေါင်းပြီး ဗရုတ်ကျနေတာပေါ့၊ ဟုတ်လား ကိုတိုး'

'အဲသလိုတော့မပြောပါနဲ့ဟာ၊ ဂစ်တာဆိုတာ တိုင်းပြည်ကို ဒုက္ခပေးမယ့် လူသတ်လက်နက် မဟုတ်ပါဘူးဟ'

အိုးစည် ပြောနေကျစကားကို အမှတ်ရပြီး မေသက်ကို ပြန်ပြောလိုက်သည်။ စကားကြောင့် မေသက်မျက်နှာ ပိုမဲ့သွား၏။

'လုပ်မနေနဲ့ ကိုတိုး၊ နှင့်ကို မပြောချင်လို့ တမင်ကြည့်နေတာ၊ နှင် ခုတစ်လော ခြေလှမ်းတွေ သိပ်များနေတယ်၊ ညဆိုရင်လည်း ကိုးနာရီ၊ ဆယ်နာရီမှ ဝင်းထဲပြန်ဝင်တာ ငါတွေ့တယ်၊ နှင် ဟိုကောင်တွေနဲ့ ပေါင်းနေပြီမဟုတ်လား၊ ပေါင်းရင် နှင် ပျက်စီးမှာပဲ ကိုတိုး'

သူ ရယ်လိုက်သည်။





'နှင် အဲသလိုထင်ရင် မှားသွားမှာပေါ့၊ ဆစ်ဖလစ်တို့အဖွဲ့က ပျော်ပျော်နေတတ်တဲ့ကောင်တွေပါ၊ ဒီကောင်တွေမှာ ဘော်ဒါစိတ်ရှိတယ်'

'ဘာလဲ ဘော်ဒါစိတ်'

မေသက်အသံက ရွဲ့တဲ့တဲ့အသံဖြစ်နေ၏။ ဝင်းအပြင်ဘက်ရှိလမ်းမကို မိုးကျနေသော ကုက္ကိုပင်ကြီးကို သူ တစ်ချက်ငေးကြည့်လိုက်ပြီး–

'နှင် စွတ်ညွှံ့မနေနဲ့ မေသက်၊ ဘော်ဒါစိတ်ဆိုတာ…'

သူ့စကား ချက်ချင်းတန့်သွား၏။ ဆစ်ဖလစ် ပြောခဲ့သော စကားကိုလည်း မနည်းပြန်စဉ်းစားရသည်။

'ဟော့ကောင် ညီတိုး၊ တို့မှာ ဘော်ဒါစိတ် အပြည့်ရှိပါတယ်ကွ၊ စားရင်လည်း တစ်ယောက်တည်း မစားဘူး၊ သွားရင်လည်း တစ်ယောက်တည်းမသွားဘူး၊ ဘာပဲလုပ်လုပ် အားလုံးကို ထည့်စဉ်းစားပြီးမှ လုပ်တယ်'

ခေါင်းထဲပြန်ရောက်လာသော စကားအတိုင်း မေသက်ကို အတိအကျ ပြန်ပြောပြလိုက်သည်။

မေသက်က ထဘီအနားလေးကို ဖွဖွမကိုင်ပြီး–

'နှင့်ကို ငါ ဘာမှမပြောတော့ဘူး ကိုတိုး၊ ငါ့စကားကို နားမထောင်ဘူးဆိုရင် ငါ့အမုန်းစာရင်းဝင်မှာပဲ'

ကွမ်းယာဆိုင်လေးနားမှ လူတချို့ဟာ သူနှင့် မေသက်ကို တစ်ချက်ငေ့ကြည့်သည်။ ပတ်ဝန်းကျင်မှာ အမှောင်ရိပ်က



www.burmeseclassic.com

www.burmeseclassic.com



ကျစပြုနေပြီ။

'မေသက်ကလည်းဟာ… ဘာဖြစ်လို့ ငါ့ကို ဒီလောက် ရင့်သီးနေရတာလဲ၊ ငါ နင့်စကားကို နားထောင်နေတာပဲဟာ၊ ကျောင်းလည်း မှန်မှန်တက်နေတာပဲဟာ'

'ကျောင်းတက်တာ စာကို စိတ်ဝင်စားလို့ တက်တာမှ မဟုတ်တာ၊ ဆရာမ စာသင်နေရင်လည်း ဘယ်တော့မှ ငြိမ်ငြိမ် လေးမနေဘူး၊ ဆရာ မလာတဲ့အချိန်ဆို ပိုဆိုးတယ်၊ ခုံကို တဒေါက်ဒေါက် ခေါက်ပြီး သီချင်းဆိုနေတာ၊ ငါ အကုန်ကြား တယ်'

မေသက် ပြောမယ်ဆိုလည်း ပြောချင်စရာ။

သူတို့အဖွဲ့က အတန်းထဲမှာဆို ဘယ်တော့မှ ငြိမ်ငြိမ် ကုပ်ကုပ်လေး နေလေ့မရှိ။ တစ်ခုခုလုပ်ဖို့ကို လေးယောက် သား အမြဲကြံစည်နေတတ်သည်။

'မေသက်ရယ်… ကိုတိုးက မေသက်မျက်နှာပျက်မယ့် အလုပ်ကို မလုပ်ပါဘူး၊ ခုံခေါက်ပြီး သီချင်းဆိုတာလည်း ငါ မဟုတ်ပါဘူး'

'ဟုတ်ဟုတ် မဟုတ်ဟုတ် နားမလည်ဘူး၊ နောက် တစ်ခါ သီချင်းဆိုသံကြားရင် ထငိုမှာပဲ'

'ရော်'

သူ မျက်ခုံးနှစ်ဖက် အပေါ်သို့မြင့်တက်သွားသည်။ မေသက်က သူ့မျက်နှာကို ခပ်စူးစူးကြည့်၏။ သီချင်းဆိုတာနှင့်





သူမ ငိုတာကတော့ ဘာမှမဆိုင်။

'မေသက် စေတနာကို နားလည်ပါ ကိုတိုးရာ၊ ကိုတိုး ကို ကောင်းစေချင်လို့ ဒီလောက် လေကုန်ခံပြီး ပြောနေတာ၊ သိလား'

'ယဉ်ကျေးက ဆင်းရဲလား မေသက် ဟင်'

မဆီမဆိုင် ယဉ်ကျေးဝေ နာမည်သုံး၍ စကားလမ်း ကြောင်းပြောင်းရန် သူကြိုးစားကြည့်သည်။

မေသက်က မျက်ခုံးတန်းလေးကို ကျုံ့လိုက်ပြီး-

'ယဉ်ကျေး ဆင်းရဲတာ ချမ်းသာတာ ကိုတိုး အပူမပါ ဘူးထင်တယ်'

'မဟုတ်ပါဘူး'

'ဘာမဟုတ်တာလဲ၊ ကိုတိုးလုပ်ရမယ့်အလုပ်က မနက် မိုးလင်းတာနဲ့ အခုယူလာတဲ့ ဂစ်တာကြီးကို ပြန်ပေးလိုက်၊ မပေးဘဲ ဂစ်တာတီးတဲ့အသံ ကိုတိုးတို့ အခန်းဘက်က ကြားရင် တော့လား၊ ဒီမှာ တွေ့လား'

မေသက်က လက်ဝါးလေးကို ခပ်မြင့်မြင့်လေး မြှောက် ပြသည်။ မေသက် အမူအရာကိုကြည့်ပြီး သူရယ်တော့ မျက်စောင်း တစ်ချက်ကိုပါ အပိုရလိုက်ပါ၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

(၇)

'မင်းတို့လေးယောက်စလုံး ခုပေါ်တက် မတ်တတ်ရပ်စမ်း'

ဖျတ်ခနဲပေါ်လာသော အသံကြောင့် သူ့တစ်ကိုယ်လုံး ခပ်လှုပ်လှုပ်ဖြစ်သွား၏။ အသံလာရာနောက်ဘက်သို့ ခေါင်းလေးလုံးစလုံး ချာခနဲလှည့်ကြည့်မိလျက်သား ဖြစ်သွားသည်။

ဆရာမက သူတို့အားလုံးကို ခါးထောက်ပြီး ကြည့်နေ၏။ ဆရာမမျက်လုံးထဲမှာ ဒေါသရိပ်ကို တွေ့လိုက်သည်။

'စောစောက ခုခေါက်ပြီး သီချင်းအော်ဆိုတာ ဘယ်သူလဲ'

ဆရာမအသံက မာဆတ်ဆတ်ပြတ်တောင်းနေ၏။

'ကျွန်တော်ပါ ဆရာမ'

ဆရာမ၏အကြည့် စူးစူးအောက်မှာ ခေါင်းကိုငုံ့လိုက်သည်။





'မင်းတို့က မင်းတို့ကိုယ်မင်းတို့ ကမ္ဘာ့ဂီတပြိုင်ပွဲဝင်ဖို့ ကြိုးစားနေကြတယ်များ မှတ်နေသလား၊ ဒါ စတိတ်ရှိုးမဟုတ်ဘူး၊ ကျောင်းကွ ကျောင်း'

သူ စိတ်လှုပ်ရှားစွာဖြင့် မေသက်ရှိရာ ရှေ့ဆုံးတန်းဘက်သို့ မသိမသာ လှမ်းကြည့်လိုက်၏။

'ကိုယ့်အိမ်ရောက်မှ ကိုယ့်ဟာကို တစ်ယောက်တည်း ဆိုချင်သလိုဆို၊ ကချင်သလိုက၊ ကြိုက်သလိုလုပ်၊ ကျောင်းမှာ ဒါမျိုး လာမလုပ်နဲ့၊ ဆရာမ လုံးဝမကြိုက်ဘူး'

ဆရာမကို သည်လောက် ဒေါသကြီးတတ်လိမ့်မည်ဟု သူ အစက မထင်ခဲ့။ ယခုမူ ဆရာမက နှုတ်ခမ်းဆတ်ဆတ် တုန်သည်ထိ သူတို့လေးယောက်ကို စိုက်ကြည့်ပြီး ပြောနေ၏။

စောစော သူ ပြန်လည်ဆန်းသစ်ပြီး ဗီလင်ကလေးနှင့် ဟစ်ခဲ့သော မင်းမင်းလတ်သီချင်းသည် ဘယ်ဆီပြေးလွင့်သွားပြီမသိ။ အဖြေကတော့ သည်လိုပါ။

'ပြန်လည်ဆန်းသစ်တဲ့အနေနဲ့ မင်းမင်းလတ်သီချင်း တစ်ပုဒ်လောက် ဟစ်လိုက်ပါလား ညီတို့'

'ဖြစ်ပါ့မလား ဆစ်ဖလစ်ရာ၊ ဆရာမ ပြန်ဝင်လာရင် ရောဂါတက်နေမယ်'

'ဟ . . . ဘာလို့မဖြစ်ရမှာလဲ၊ ဆရာမက ရုံးခန်းဘက် ထွက်သွားတာ၊ ရုံးခန်းမှာ ဆရာ ဆရာမတွေ စုထိုင်ပြီး ဆွေးနွေးနေကြတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ညီတိုး၊ ဆရာမ ရှုံးခန်းဘက် တစ်ခါသွားရင် ဘော်တော်နဲ့ ပြန်မလာတော့ဘူး၊ တို့ကျောင်းကြီး တိုးတက်ဖွံ့ဖြိုးလာအောင် စွဲစွဲနွေးနွေးတာနေကြမှာ'

ဆစ်ဖလစ်နှင့် အိုးစည်က ကော်ရစ်ဒါဘက် လှမ်းကြည့်ရင်း သူ့ကိုပြောသည်။

သူ နည်းနည်းတော့ တွေသွားသည်။ ခုတစ်လော သီချင်းဆိုချင်သော ပိုးက သူ့ကိုယ်ထဲမှာ ပျံ့နှံ့စီးဝင်နေသည်။ ဆရာမလက်သည်နှင့် သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုကျက်ကျက်နေမိ၏။

ဆိုခါနီး မေသက်ကို လှမ်းကြည့်ရသေးသည်။

တော်သေး၏။

ယဉ်ကျေးဝေနှင့် ရယ်လိုက် မောလိုက်လုပ်ကာ စကားတပြောပြောနှင့် ဖြစ်နေ၏။

လဒအသံ ဖြတ်ဝင်လာသည်။

'ဆရာမကို ကြောက်မနေစမ်းပါနဲ့ကွာ၊ ဂီတဆိုတာ လူတွေရဲ့ အသည်းနှလုံးကို ပြုစားနိုင်ပါတယ်ကွ၊ မင်းအသံကို ကြားရင် ဆရာမ တစ်ခါတည်းငိုင်သွားမှာ ညီတိုး၊ ဆရာမက ဂီတကို ဝါသနာပါတယ်လို့ ငါကြားဖူးတယ်၊ တစ်ခါတစ်ခါ စားပွဲမှာထိုင်ရင်း တိုးတိုးလေးညည်းနေတာ မင်းတို့ မတွေ့ဘူးလား'

'ဘယ်က သီချင်းညည်းရမှာလဲ လဒရာ၊ အဲဒါ ဘေးလူကြားမှာစိုးလို့ အကြေးစာရင်းတွေ မသိမသာတွက်နေတာကွ'





'ကြာတယ်ကွာ… ညီတိုး၊ အပေါ်ထပ်နဲ့ အောက်ထပ်ဇာတ်လမ်းဆို'

ဆစ်ဖလစ်က ဆိုဖို့ချည်းသာ ဖိပြောနေသည်။ သူကိုယ်တိုင်လည်း ဖိုးဆိုချင်ဖြစ်နေလေရာ အစီအစဉ်ကို ခဏချင်းအကောင်အထည်ဖော်ပစ်လိုက်၏။

ခဏနေတော့ ဆစ်ဖလစ်က ခုံကိုခေါက်သည်။ အိုးစည်နှင့် လဒက နံရံကိုမှီရင်း သီချင်းကို ခပ်ငြိမ့်ငြိမ့်လေး နားထောင်နေသည်။

ထုံးစံအတိုင်း သူက ဟစ်တာ။

ဟစ်တာကလည်း ခဏလေးသာ ဖြစ်လိုက်ရပါ၏။

ခုဆို သူလည်း မဟစ်နိုင်၊ ဆစ်ဖလစ်လည်း မခေါက်နိုင်။ အိုးစည်နှင့် လဒလည်း မငြိမ့်နိုင်။

'မင်းတို့က တော်တော်ဆိုချင် တီးချင်ကြတယ်ပေါ့၊ အဆိုတော်အလုပ်ကို တော်တော်လုပ်ချင်ကြတယ်ပေါ့၊ဟုတ်လား'

ခါးထောက်ထားသော ဆရာမလက်သည် မသိမသာ တုန်နေသည်ကို သူ သတိပြုမိ၏။

'မဟုတ်… မဟုတ်ပါဘူး ဆရာမ၊ ဆရာမ မလာသေးလို့ ကျွန်တော်တို့ အပျင်းပြေ ဆိုမိတီးမိတာပါ'

မျက်လုံးပေါင်းများစွာက သူတို့ဆီသို့ စုပြုံရောက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ သိပ်ပျင်းနေကြတယ်ပေါ့၊ သိပ်အပျင်းပြေချင်နေကြတယ်ပေါ့'

'ဟုတ်ကဲ့'

လေးယောက်စလုံးထံမှ ပြိုင်တူအသံထွက်သွားသည်။

ဆရာမက သူတို့လေးယောက်ကိုကြည့်ပြီး ခပ်မဲ့မဲ့လေး ပြုံးလိုက်၏။

'အေး… ဒီလောက် အပျင်းပြေချင်ကြရင် ဆရာမခိုင်းတာ မင်းတို့ လုပ်မလား'

'လုပ်ပါမယ် ဆရာမ'

ပြောမည့်သာ ပြောလိုက်ကြရသော်လည်း သူတို့အားလုံး၏ အသံများက မငြိမ်မသက်ဖြစ်လာမည့် ဆရာမ၏ စကားကို နားစွင့်နေကြ၏။

ဆရာမက အတန်းသားများကို တစ်ချက်ဝေ့ကြည့်ကာ…

'မင်းတို့အားလုံး ပျင်းနေကြလားဟေ့'

အသံ ချက်ချင်းပြန်မထွက်။

'ဟေ့… မင်းတို့ကို ဆရာမ မေးနေတယ်လေ၊ မင်းတို့အားလုံး ပျင်းနေတယ်ဆိုရင် နောက်ဆုံးပေါ် တေးဂီတအဖွဲ့က တေးသီချင်းတွေနဲ့ ဖျော်ဖြေမလို့'

သူ့ရင် ထိတ်ခနဲဖြစ်နေဆဲမှာ-

'ပျင်းနေကြပါတယ် ဆရာမ'





တစ်ပြိုင်တည်း အော်လိုက်သော အသံများအဆုံး မေသက်မျက်နှာဆီ အကြည့်ကို ရွေ့ယူလိုက်သည်။

မေသက်မျက်နှာ ခပ်မှိုင်းမှိုင်းဖြစ်နေပြီး ယဉ်ကျေးဝေကတော့ ခေါင်းကိုငုံ့ထား၏။

'ကဲ… ဘယ်လိုလဲ၊ ကမ္ဘာ့ဂီတပညာရှင်တွေ၊ အတန်းသားတွေအားလုံးက ပျင်းနေကြတယ်တဲ့၊ အဲဒါ မောင်မင်းကြီးသားတို့ရဲ့ ဂီတလက်သံကို နားသောတဆင်ချင်ကြလို့တဲ့'

သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ဘယ်သူ့မျက်နှာမှ မသာယာ။

'ကဲ… ထွက်ခဲ့ကြစမ်း'

ဆရာမက စားပွဲပေါ်တွင် တင်ထားသော ကြိမ်လုံးကို လှမ်းဆွဲသည်။ သဘောကတော့ သူပြောသလို မလုပ်လျှင် ကြိမ်နှင့်ဆော်မည်ဆိုသည့်သဘော။

'ညီတိုးက သီချင်းဆို၊ ကျန်တဲ့ကောင်တွေက ပါးစပ်ဆိုင်းတီး'

ငြင်းဆန်လျှင်တော့ တင်ပါးသာ အရိုးရာထပ်မည်။ ဆရာမကတော့ သူ့စကားကို ပြင်လိမ့်မည်မဟုတ်။

သူတို့မျက်နှာငယ်လေးတွေနဲ့ ခုံပေါ်မှဆင်းပြီး အတန်းရှေ့ရောက်အောင် မနည်းလျှောက်နေရသည်။ အတန်းသားတွေအားလုံး ပြုံးစေ့စေ့ဖြစ်နေကြ၏။

မပြုံးနိုင်တာကတော့ မေသက်နှင့် ယဉ်ကျေးဝေ။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… မင်းတို့ ဆရာမ ပြောတဲ့အတိုင်း အားလုံးကြား အောင်ဆိုစမ်း'

သူတို့အသံ တော်တော်နှင့်မထွက်။

အရေးထဲ ဆစ်ဖလစ်က ခေါင်းပွတ်နေသေးသည်။

'ဆိုကြလေ'

'ကျွန်… ကျွန်တော် မဆိုရဲဘူး ဆရာမ'

သူ့အသံက လေးကန်စွာ ခုန်ထွက်သွား၏။

အတန်းသားများက ဝိုင်းဟားကြသည်။

'ဘာဖြစ်လို့ မဆိုရဲရမှာလဲ၊ အဆိုတော်လုပ်မယ့်ကောင် က ပရိသတ်ကိုကြောက်နေရင် ဘယ်လိုလုပ် အဆိုတော်ဖြစ်မှာ လဲ'

'ကြာတယ်ကွာ ညီတိုး၊ မြန်မြန်ဆိုပြီးရင် ပြီးတာပဲ၊ ဆိုလိုက်'

ဆစ်ဖလစ်က သူကြားရုံ လက်တို့ပြောသည်။ သူ မေသက်မျက်နှာကို လှမ်းကြည့်၏။ မေသက် မျက်လုံးတွေရဲနေ သည်။

'ကျွန်တော် ဘာသီချင်းဆိုရမှာလဲ ဆရာမ'

သူ့စကားကိုကြားတော့ ကျောင်းသားတွေက တစ်ယောက် တစ်ပေါက် ဝိုင်းအော်ကြသည်။

သူ့နားထဲမှာ ထူပူသွား၏။

'အောင်ခြင်းရှစ်ပါး ဆိုပါဗျို့'





'ခေတ်ဟောင်းတေး တစ်ပုဒ်လောက်'

'မလိုချင်ဘူး…အာလူးသီချင်း ဆိုရမယ်ဟေ့'

'အာလူး'

'အာလူး မဆိုနဲ့ကွ၊ မာမီရယ် ရှာပေးကွယ် ရည်းစား လိုချင်တယ် ဆိုရမယ်'

'အာလူးသီချင်းကို ညီတိုးက ပိုင်တယ်ကွ'

'ဒေါက်… ဒေါက်…'

ဆရာမက ကြိမ်လုံးဖြင့် ခုံကိုရိုက်လိုက်သဖြင့် အတန်း သားတွေ ပြန်ငြိမ်သွားသည်။

'ကဲ… ပရိသတ်က ငြိမ်ငြိမ်လေး နားထောင်ကြ၊ အာလူးသီချင်းကို သူတို့ ပြန်ဆိုပြလိမ့်မယ်'

အခြေအနေက မဆိုလို့မဖြစ်တော့။

သူ မျက်လုံးကို တအားဖိပိတ်ပစ်လိုက်သည်။

'ဆိုလေ'

ဆရာမက သူ့ကို ဖိအားထပ်ပေး၏။

'ဆိုကွာ… ညီတိုး၊ ငါတို့ ပါးစပ်ဆိုင်းတီးပေးမယ်'

ဖြစ်ချင်ရာဖြစ် ဟစ်ဖို့သာရှိတော့၏။

သူ သီချင်းကို ဆောင့်ဆောင့်အောင့်အောင့်နှင့် စလိုက် သည်။ ဆိုဆိုချင်း ဟားတိုက်သော ရယ်သံများက နားထဲသို့ ပူလောင်စွာစီးဝင်၏။ အရှက်ကတော့ လုံးလုံးကွဲပါပြီ။

*'အာလူး လာမပေးနဲ့၊ လေတွေနည်းနည်းလျှော့*×××



www.burmeseclassic.com

www.burmeseclassic.com



*ညာပြီးလာမေ့တော့နဲ့ ××× လေတွေနည်းနည်းလျှော့ ××× ဖြည်း ဖြည်းပေါ့*

သူ ဆိုနေစဉ်အတွင်း ဆစ်ဖလစ်နှင့် အိုးစည်က ပါးစပ် ဆိုင်းတီးပေးကြသည်။ လဒကတော့ ဟာမိုနီလိုက်ပေး၏။

'ဒန့် တဒန့်ဒန့်'

'ဒန့် တဒန့်ဒန့်'

စိတ်ကတော့ အပြတ်ညစ်သည်။ အတန်းသူ အတန်း သားတွေကလည်း တဝါးဝါး တဟားဟားနှင့် ဖြစ်နေကြ၏။

ရှုတ်မိမှတော့ ဆက်ရှုတ်ဖို့သာရှိတော့သည်။

ဝင့်ရှိသမျှတော့ ခံရပေဦးမည်။

*'လေယာဉ်ပျံကို ခဲနဲ့ပေါက်ရင် ထိလိမ့်မယ် ××× မယုံ မရှိနဲ့ ××× အမှန်ပါပဲကွယ် ××× ဘုတာရုံမှာ သင်္ဘောကြီးတွေ ဆိုက်လို့တဲ့ ××× အမှန်ပါပဲကွယ် ××× မယုံမရှိနဲ့ ×××'*

*'ဒန့် ××× ဒန့် ×××'*

ဆိုရင်းနဲ့ မေသက်ရှိရာ တစ်ချက်လှမ်းကြည့်လိုက် သည်။ မေသက်က မျက်နှာကို လက်ဝါးနှင့်အပ်၍ ခုံပေါ်သို့ မှောက်ကာ ငိုချလိုက်တော့၏။

ဆူညံနေသည့်အသံအားလုံး တိတ်သွားသည်။

မေသက်ရယ်… ငါ တောင်းပန်ပါတယ်။

✣ ✣ ✣



## (၈)

'သွား… နင် ငါ့ကို ဘာမှလာမပြောနဲ့၊ ငါ နင့်ကို သိပ်မုန်းသွားပြီ၊ သိလား'

'ငါ ရှင်းပြတာကို ဆုံးအောင်နားထောင်'

'ဟင့်အင်း… ဟင့်အင်း… ငါ ဘာမှမကြားချင်တော့ ဘူး'

လမ်းလျှောက်နေရာမှ ဖျတ်ခနဲ ထိုင်ချလိုက်ပြီး မျက်နှာ ကို လက်ဝါးနှင့်အပ်၍ မေသက် ငိုပြန်၏။

အဖြစ်အပျက်က မြန်ဆန်လွန်းနေသည်။ ယဉ်ကျေးဝေ ရော သူပါ မေသက်ကိုကြည့်ပြီး ကြောင်နေ၏။

'အဲသလို မလုပ်ပါနဲ့ မေသက်ရယ်၊ ကိုတိုး တောင်းပန် ပါတယ်၊ ယဉ်ကျေး မေသက်ကို ဖျောင်းဖျပါဦးဟာ'

မေသက်ကို ပြောလိုက်၊ ယဉ်ကျေးဝေကို ပြောလိုက်နှင့် နှစ်ယောက်အလယ်မှာ ဗျာများနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးဝေက မေသက်ပခုံးကို ခပ်ဖွဖွလှုပ်၍…

'မေသက်ကလည်းဟယ်… လမ်းသွားရင်း အဲလိုကြီး ငေးငိုင်နေတော့ မကောင်းပါဘူး၊ မေသက် မကြိုက်တာကို ကိုတိုးက နောက်ကို လုပ်မှာမှမဟုတ်တော့တာဘဲဟာ၊ ဟုတ် ဘယ်မို့လား ကိုတိုး'

'ဟုတ်တာပေါ့'

သူ့နှုတ်မှ စကားသုံးလုံး ခုန်ထွက်သွား၏။

မေသက်ကတော့ ကိုယ်ကလေး သိမ့်သိမ့်တုန်အောင် ငိုရှိုက်လို့ကောင်းတုန်း။

'သူများကို မတရားစော်ကားလို့ ဖြစ်တာမှ မဟုတ်တာဘဲ မေသက်ရယ်၊ နောက်ဆို ကိုတိုးက အတန်းထဲမှာ ငြိမ်ငြိမ်လေးနေတော့မယ့်ဟာပဲ၊ တိတ်ပါ၊ ဟိုမှာ လူတွေကြည့်ကုန်ပြီ၊ မရှက်ဘူးလား'

'ဟင့်အင်း… ယဉ်ကျေး၊ ယဉ်ကျေး ဘာမှ ဝင်မပြောနဲ့၊ ကိုတိုးကို မေသက် မခင်တွယ်ချင်တော့ဘူး'

သူ မေသက်ဘေးမှာ ထိုင်ချလိုက်၏။

'လာပါ မေသက်ရယ်၊ မေသက်စေတနာကို စော်ကားမိတာ ကိုတိုး တောင်းပန်ပါတယ်၊ နောက်ဆို မေသက် မကြိုက်တာကို ငါ ဘယ်တော့မှ မလုပ်တော့ဘူး'

မေသက် ဆတ်ခနဲ ပြန်ထ၏။

ကိုယ်ကို တစ်ဖက်သို့ ခပ်ကြမ်းကြမ်းလှည့်လိုက်ပြီး…





'နင် ငါ့ကို လာချော့မနေနဲ့ ကိုတိုး၊ ဒီကိစ္စကို နင့်အဖေ သာသိရင် နင့်ကို အသေသတ်မှာပဲ၊ သိပ်ရှက်ဖို့ကောင်းတာပဲ၊ တကယ်ပါ… ယဉ်ကျေးရယ်၊ မေသက် သေသာသေလိုက်ချင်တာပဲ'

စကားသံက ရှိုက်သံနှင့်ရောထွက်လာ၏။ မေသက် ပါးပြင်တစ်ခုလုံးမှာ မျက်ရည်တွေ စိုစွတ်နေသည်။

သူ ပြန်ထလိုက်၏။

'နင် မရှက်ဘူးလား မေသက်၊ ကလေးမဟုတ် သူငယ် မဟုတ်နဲ့ ငုတ်တုတ်ထိုင်ငိုရတယ်လို့၊ ရော့… ငါ့လက်ကိုင်ပုဝါနဲ့ မျက်ရည်တွေသုတ်လိုက်'

'မလိုချင်ဘူး'

လက်ကိုင်ပုဝါ လှမ်းပေးသည့် သူ့လက်သည် လမ်းတစ်ဝက်မှာပင် ရပ်တန့်သွား၏။

'နင် ငါ့ကို တကယ်ခွင့်မလွှတ်တော့ဘူးလား မေသက်၊ ငါ နင့်ကို အနူးအညွတ် တောင်းပန်နေတယ်နော်၊ ငါ့အမှား ငါသိလို့ နင်ကျေနပ်အောင် အောက်ကျနောက်ကျခံပြီး တောင်းပန်နေတာ သိပ်ရောင့်မတက်နဲ့'

သူ ဒေါသဖြစ်ဖြစ်နှင့် မေသက်ကို အော်ပစ်လိုက်၏။ ယဉ်ကျေးဝေက အံ့အားသင့်သွားဟန်နှင့် သူ့ကို မော့ကြည့်သည်။

မေသက်ကတော့ သူ့ကို မျက်နှာလွှဲထား၏။

'နင်တို့နှစ်ယောက်က အဲလိုဖြစ်နေတော့ ငါ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နေရမှာလဲ ကိုတိုးရယ်၊ တစ်ကမ္ဘာလုံး ပြေးကြည့်မှ သူငယ်ချင်းဆိုလို့ ဒါပဲရှိတဲ့ဟာ၊ သင့်မြတ်အောင်နေကြမှ ဖြစ်မှာပေါ့၊ အဲလိုသာဆို ရှေ့လျှောက် တို့တွေ ဘယ်လိုပေါင်းတော့မလဲ’

‘နင် မသိဘူး ယဉ်ကျေး၊ မေသက်က ငါ့ဆိုရင် သိပ်နိုင်တာပဲ၊ နေရာတကာ သူ့အမိန့်ပဲ စောင့်နားထောင်နေရတယ်၊ ငါ ဒီလောက် တောင်းပန်နေတဲ့ဟာကို ကြေလိုက်ရင် ပြီးသွားမယ့်ကိစ္စပဲဟာ၊ ခုတော့ အလကားသက်သက်…’

‘နင် ငါ့ကို ဒီလိုမပြောနဲ့နော် ကိုတိုး’

‘ပြောစရာရှိရင် ပြောရမှာပဲ မေသက်၊ နင်မကြိုက်လည်း ငါ ဘာမှမတတ်နိုင်ဘူး’

သူ စိတ်ပေါက်ပေါက်နှင့် ဘုတောပစ်လိုက်၏။

မေသက်နှုတ်မှ ရှိုက်သံသည် ချက်ချင်းလွင့်ပျောက်သွားပြီး သူ မကြုံဖူးသေးသည့် အကြည့်တစ်မျိုးကို မေသက်ဆီက ရလိုက်ပါ၏။

‘နင်ဟာ ဘယ်တော့မှ ထွန်းကားမယ့်ကောင်မဟုတ်ဘူး ကိုတိုး၊ သူများ စေတနာကိုလည်း နင် အရမ်းစော်ကားတယ်’

‘ဘာ…’

သူ့အသံ ကျယ်သွား၏။

အံကိုလည်း တင်းတင်းဖိကြိတ်ထားလိုက်သည်။

ယဉ်ကျေးဝေက မေသက် လက်တစ်ဖက်ကိုဆွဲထား





ရင်း သူတို့နှစ်ယောက်ကြားသို့ ဝင်လိုက်၏။

‘တော်ပါတော့လို့ ယဉ်ကျေး ပြောနေတယ်နော်၊ နှစ်ယောက်စလုံး ခု တော်မလား၊ မတော်ဘူးလား’

ယဉ်ကျေးဝေက လူကြီးဟန်လေးနှင့် ကြားဝင်ပြောသည်။ သူက ယဉ်ကျေးဝေမျက်နှာကို လှမ်းကြည့်ပြီး–

‘ငါ့ကို မတရားပြောနေတာ နင်ကြားတယ်မို့လား ယဉ်ကျေး၊ ငါက ငယ်ငယ်လေးကတည်းက အတူတူနေလာတာကြာလို့ ဒီလောက် သည်းခံနေတာ၊ သူ့နေရာမှာ တခြားလူသာဆိုရင် ဆွဲထိုးပစ်လိုက်တာ ကြာပြီ’

‘ဘာပြောတယ်’

မေသက်အသံ ကျယ်လောင်သွား၏။

ယဉ်ကျေးဝေကို ဆွဲဖယ်လိုက်ပြီး မကျေမနပ်ဟန်နှင့် ခါးကို လက်ထောက်သည်။ သူ့မျက်နှာကိုလည်း စိုက်ကြည့်၏။

‘စောစောကစကားကို ပြန်ပြောစမ်းပါ’

‘မြန်မာ့အသံက နှစ်ခါမလွှင့်ဘူး’

ပြောပြီးသားစကားကို ပြန်ပြင်လို့မဖြစ်။ ပါးစပ်ထဲတွေ့ရာကို ပြောချလိုက်သည်။ မေသက် ဒေါသတွေ ငယ်ထိပ်ဘက်သွားပြီကိုလည်း အတပ်သိလိုက်၏။

‘နင်ကလား ငါ့ကိုဆွဲထိုးမှာ၊ ထိုးရဲထိုးကြည့်စမ်း၊ ထိုးလေ… နင် ငါ့အသားကို ခု ထိရဲထိကြည့်စမ်း’

‘မေသက်နော်…နင့်ကို ငါ့ညီမလေးလိုချစ်လို့အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခပြာနေတာ၊ နင် ငါ့စိတ်ကို လာမဆွနဲ့'

'ဆွတော့ ဘာဖြစ်လဲ၊ နင့်ကိုယ်နင် ယောကျ်ားဆိုပြီး သိပ်အနိုင်မကျင့်နဲ့၊ သိလား'

'မေသက် နင် တော်တော့နော်၊ ငါ ဒေါသထွက်လာပြီ'

တကယ်လည်း ဒေါသထွက်လာ၏။

သည်လိုမျိုးနှင့် အနိုင်ပေးခဲ့ရပေါင်းများပြီ။ ခု မရတော့။

'အဟင့်… ဟင့်…'

'ဟင်…'

သူ မျက်လုံးပြူးသွားသည်။

ယဉ်ကျေးဝေက ဆတ်ခနဲ ထိုင်ချလိုက်ပြီး တသိမ့်သိမ့် ငိုပါတော့၏။ မေသက်ရော သူပါ ယဉ်ကျေးဝေမျက်နှာကို ပြိုင်တူငုံ့ကြည့်မိလျက်သား ဖြစ်သွားသည်။

ပြဿနာပါပဲ။

သူကတော့ တကယ့်ကို ပြဿနာကောင်ကြီးဖြစ်တော့မည်။ အခြေအနေကို သူထိန်းမှ ဖြစ်တော့မည်ကို နားလည်လိုက်၏။

'ငိုမနေစမ်းပါနဲ့ ယဉ်ကျေးရာ၊ တို့နှစ်ယောက် ဘာမှ မဖြစ်တော့ပါဘူး'

'အေးလေဟာ… ယဉ်ကျေး၊ နင်ငိုတော့ တို့လည်း ဘယ်စိတ်ကောင်းပါ့မလဲ'

ရန်ပွဲကို ခဏနား၍ ငိုနေသော ယဉ်ကျေးဝေကို ပြန်





ချော့ကြရပြန်သည်။ ယဉ်ကျေးဝေက ငုံ့ထားသောမျက်နှာကို ပြန်မမော့ဘဲ–

'နင်တို့နှစ်ယောက်က အဲလိုကြီးဖြစ်နေတော့ ငါ သိပ်ဝမ်းနည်းတာပဲ၊ ဒီလိုသာဆက်ဖြစ်နေမယ်ဆိုရင် နှစ်ယောက်စလုံး ယဉ်ကျေးကို မခေါ်ကြနဲ့တော့'

သူက မေသက်မျက်နှာကို လှမ်းကြည့်လိုက်၏။ မေသက်ကလည်း သူ့မျက်နှာကို လှမ်းကြည့်နေသည်။

'ကိုတိုးက တောင်းပန်နေတာပဲ ယဉ်ကျေး၊ တောင်းပန်တဲ့သူရှိရင် ကျေအေးတဲ့သူ ရှိရမှာပေါ့၊ ခုဟာက သက်သက်မဲ့ အခြောက်တိုက်'

'နင်နော်…. နင်…'

'ဖြစ်ကြပြန်ပြီ'

ယဉ်ကျေးဝေက ပြောလည်း ပြော၊ ငိုလည်းငို လုပ်သည်။

'မဟုတ်ပါဘူး ယဉ်ကျေးရာ၊ ကိုတိုး ဘယ်လောက်အထိ တောင်းပန်နေတယ်ဆိုတာ ယဉ်ကျေးအသိပဲ၊ ဒီကြားထဲက သူက ရန်စွယ်နဲ့ငေါ်ငေါ်လုပ်နေတာ'

မေသက်ထံက အသံတော့ ပြန်မလာ။ မျက်စောင်းတစ်ခုသာ ဒိုင်းခနဲရောက်လာသည်။

'နင်တို့ နောက်ကို ရန်ဖြစ်ဦးမှာလား'

'သူ အေးအေးဆေးဆေးနေရင် ကိုတိုးဘက်က အေး



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေးပဲ'

သူက ခပ်သွက်သွက်ဖြေလိုက်သည်။

ဒါကို ယဉ်ကျေးဝေက အားမရနိုင်သေးဘဲ-

'နှစ်ယောက်စလုံး လက်ဆွဲနှုတ်ဆက်'

'ဟာ… ယဉ်ကျေးကလည်း'

မေသက်က တွန့်ဆုတ်ဆုတ်လုပ်၏။

'မရဘူး… လက်ဆွဲနှုတ်ဆက်ရမှာပဲ'

သူ စိတ်မရှည်ချင်တော့။

သူကပဲ စတင်ပြီး မေသက်လက်ကို ဖျတ်ခနဲ ဆွဲလိုက်သည်။

'ဖြည်းဖြည်းလုပ်ပါ'

နောက်တော့လည်း…

ပြဿနာက ဘာမှမဟုတ်တော့။

✣ ✣ ✣



(၉)

'ယဉ်ကျေးဝေတို့က ချို့တဲ့ရှာတယ် ညီတို့၊ သူ့အမေနဲ့ သူနဲ့ နှစ်ယောက်တည်းနေတာ၊ သူတို့အဖေက ယဉ်ကျေး ငယ်ငယ်လေးကတည်းက ဆုံးသွားတယ်လို့ပြောတယ်၊ ဆွေမျိုးအသိုင်းအဝိုင်းဆိုတာလည်း ယဉ်ကျေးတို့မှာ တစ်ယောက်မှမရှိဘူး၊ သူ့အမေ စက်ချုပ်လို့ရတဲ့ ပိုက်ဆံလေးနဲ့ ယဉ်ကျေး လူဖြစ်နေရတာ'

ယဉ်ကျေးဝေနှင့် တစ်ရပ်ကွက်တည်းမှာနေသော အိုးစည်က ယဉ်ကျေးဝေအကြောင်းကို စိတ်ဝင်တစားပြောပြသည်။ သူ ယဉ်ကျေးဝေ၏ ထာဝရအားငယ်နေဟန် မျက်နှာလေးကို ပြေးမြင်၏။

'သူ့အမေက ဟိုးခေတ်တုန်းက အငြိမ့်မင်းသမီး တစ်ယောက်တဲ့ကွ၊ သိတဲ့လူတချို့က ပြောတယ်၊ ရပ်ကွက်နဲ့ သူတို့မိသားစုက သိပ်ရောရောနှောနှောနေတာ မဟုတ်ဘူး၊ အလုပ်ကိစ္စရှိမှ ဆက်ဆံစကားပြောကြတာ၊ တို့နဲ့ တစ်ရပ်ကွက်တည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေတာတောင် သိပ်ရင်းရင်းနှီးနှီး မတွေ့ဖူးဘူး'

အိုးစည်က ချထားသော ဂစ်တာကို ကောက်ကိုင်သည်။ လဒက ဆေးပေါ့လိပ်ကို မဖွာတတ်ဖွာတတ်နှင့် တအား ဖွာရှိုက်နေ၏။ ဆစ်ဖလစ်က ကတ္တရာလမ်းရှေ့ရှိ အမှောင်ကို စိုက်ကြည့်ရင်း သီချင်းတစ်ပုဒ်ကို တိုးတိုးလေးညည်းနေသည်။

'ပြီးတော့ ယဉ်ကျေးဝေက ကတာ ခုန်တာ ဝါသနာပါတယ်၊ တို့ကျောင်းကပွဲမှာဆို ယဉ်ကျေးဝေက တစ်ပင်တိုင်မင်းသမီးပဲ'

'ဘယ်လို'

သူ တအံ့တသြဖြစ်သွားသည်ကို အိုးစည် မသိလိုက်။

'မင်း အဲဒါကို ခုမှ သိလားကွ ညီတိုးရ၊ မင်း မေသက်က အဲဒါကို တစ်ခါမှ မပြောဘူးလား'

'ဟော့အေး··· မေသက် ငါ့ကို ဒီအကြောင်း မပြောဖူးဘူး၊ မင်းပြောတာနဲ့ ယဉ်ကျေးကို ငါတောင် စိတ်ဝင်စားလာပြီ'

လဒနှင့် ဆစ်ဖလစ်က သူ့ကိုလှည့်ကြည့်သည်။

'ယဉ်ကျေးဝေ ကတာဆိုတာကိုသာ မင်းကြားရင် ရေရေလည်လည် လက်ဖျားခါသွားမယ် ကိုယ့်လူ၊ မင်းမယုံရင် ဆရာကန်တော့ပွဲနေ့ကျရင် စောင့်ကြည့်၊ အဲဒီနေ့ဆို ယဉ်ကျေးဝေက စတားပဲ'

ညနက်လာပြီဖြစ်သဖြင့် အအေးဓာတ်က ကိုယ်တွင်းသို့ စိမ့်ဝင်လာသည်။ တစ်ချက်တစ်ချက် လွင့်လာသော ပုစဉ်းရင်ကွဲ





အော်သံများကိုလည်း ကြားနေရ၏။

'ယဉ်ကျေးဝေက တကယ် သနားစရာကောင်းတဲ့ ကောင်မလေးပါ ညီတိုးရာ၊ မင်းကို ခင်မင်တဲ့ သံယောဇဉ်က လည်း ကြီးမားပါတယ်၊ မင်း ကျောင်းမတက်တဲ့နေ့ဆိုရင် ယဉ်ကျေးဝေရော မေသက်ရော အတန်းထဲမှာ ငိုင်နေတာပဲ'

'ယဉ်ကျေးနဲ့ပေါင်းနေတာ ကြာပြီ၊ ယဉ်ကျေးအကြောင်းကို ခုမှပဲသိတော့တယ်၊ တော်ပြီကွာ··· နောက်ဆို သူတို့မကြိုက်တာ ငါ ဘာမှမလုပ်တော့ဘူး၊ မင်းတို့လည်း ငါ့ကို ကျောင်းပြေးဖို့ လာမခွယ်ကြနဲ့'

အကြည့်တွေ သူ့ဆီ စုပြုံရောက်လာ၏။

ဆစ်ဖလစ်က မျက်နှာကို မဲ့ပြသည်။ သူ့စကားကို သက်မခံသည့်သဘော။

'ဟော့ကောင် ညီတိုး၊ တို့တွေကလည်း ကျောင်းပြေးတယ်ဆိုတာ·အကြောင်းမဲ့သက်သက် ဘယ်နှခါပြေးဖူးလို့လဲကွ၊ ဆွမ့်ဝန်တိုက်က ငြိမ်းချမ်းဆီမှာ ဂစ်သွားခေါက်တာရယ်၊ သီချင်းအသစ်ထွက်ရင် လက်ဖက်ရည်ဆိုင်တွေမှာ သီချင်းလိုက်နားထောင်တာရယ်၊ အဲဒါပဲရှိတဲ့ဟာ'

ဝါသနာတွေကတော့ တူကြသည်။ စီးရီးအသစ်ထွက်လျှင် လက်ဖက်ရည်ဆိုင်ပြေးပြီး သူတို့အုပ်စု နားထောင်ကြသည်။ စာသားများကို မှတ်ကြကူးကြသည်။ ပြီးတော့ အိမ်ရောက်လျှင် ဂစ်တာကိုင်၍ ပြန်ခေါက်ပြန်ဟစ်ကြည့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်ဝါသနာကို မေသက်ကတော့ ပြင်းပြင်းထန်ထန် ရှုံ့ချပါသည်။

'ဘာဂီတာလဲ ကိုတိုး၊ ကိုတိုး ပြောတဲ့ အနုပညာကို မေသက် စိတ်မဝင်စားဘူး၊ အထင်လည်းမကြီးဘူး၊ ကိုတိုး ဆိုတာ တီးတာကောင်းရင် ပရိသတ်ဆီက လက်ခုပ်သံပဲကြားရမယ်၊ ရွှေတွေငွေတွေ ကိုတိုးကိုယ်ပေါ် ကျမလာဘူး၊ မကောင်းရင်တော့ တိုက်ဆောက်ဖို့ တုတ်တွေ ခဲတွေပဲရမယ်'

သည်သို့ မေသက်က သူ့ကို အားပေးဖူး၏။

မေသက်ကတော့ သူ့ဝါသနာကို နားလည်ချင်မှ နားလည်မည်။ တစ်နေ့ အောင်မြင်တဲ့ အနုပညာသမားဖြစ်ရမယ် ဆိုတဲ့ သူ့ယုံကြည်ချက်ကို နှုတ်ခမ်းမဲ့ပြီး လှောင်သည်။

တစ်ခါတလေ သူ ဂစ်တာကိုင်ပြီး မေသက်နှင့် လမ်းမှာဆုံလျှင်-

'ဘယ်မှာတောင်းပြီး ပြန်လာတာလဲ'

ဟု ခပ်နှိမ်နှိမ်စကားကို ပြောတတ်ပါသေး၏။

တစ်ခါတစ်ခါတော့လည်း မေသက်သည် သူ့အပေါ်တွင် လွန်စွာကောင်းနေတတ်ပြန်သေး၏။

'ကိုတိုးကလည်းဟယ်၊ ပိုက်ဆံကို သိပ်သုံးတာပဲ၊ ဟိုတစ်နေ့က ငွေတစ်ထောင်ပေးလိုက်တာပဲဟာ၊ ခု ငါးရာနဲ့ဆိုရင် ထောင့်ငါးရာရှိသွားပြီ၊ ကိုတိုး ဘာတွေ လျှောက်သုံးနေတာလဲဟင်၊ မေသက် မကြိုက်တာတွေကိုတော့ လျှောက်မလုပ်ပါနဲ့





ကိုတိုးရယ်၊ မေသက် စိတ်ပူတတ်တယ်ဆိုတာ ကိုတိုး သိပါတယ်'

သည်လိုစကားမျိုးလေးတွေ ပြောလာရင် သူ့ရင်ထဲမှာ အမည်မဖော်တတ်သော ဝေဒနာလေးတွေ ရောက်ရောက်လာတတ်၏။

သူအတွေးတွေ ငေ့နေဆဲမှာ ဆစ်ဖလစ်က-

'မေသက်က လှတယ်နော် ညီတိုး၊ တို့ကျောင်းကို မေသက် ပြောင်းလာတာ တို့ကျောင်းရဲ့ဂုဏ် အရှိန်မြင့်မားလာသလိုပဲကွ၊ ပြုံးလိုက်ရင်လည်း ပါးချိုင့်လေးနဲ့၊ အသားလေးတွေဆို နုညက်နေတာပဲ၊ အထူးခြားဆုံးကတော့ မေသက်ရဲ့ ဆံပင်လေးတွေကွ'

ဆစ်ဖလစ်က ဘာစိတ်ကူးပေါက်သွားသည်မသိ။ အခေးကို လှမ်းကြည့်ရင်း တိုးတိုးလေးပြောသည်။ သူရယ်တော့…

'မင်း ဘာရယ်တာလဲ ညီတိုး၊ မေသက်က သူ့အလှကို နာမည်နဲ့ စီးထားတာကွ၊ တို့တောင် မေသက်ကို တွေ့ရင် ရင်တွေ ဘာတွေ ခုန်လာတယ်ကွ'

အိုးစည်က ဆစ်ဖလစ်ကို မျက်စောင်းတစ်ချက်လှမ်းထိုး၏။ လဒက နှာဂိုဒေါင်ဟု ခပ်ကျယ်ကျယ်အော်သည်။

'ဟော့ကောင်တွေ… ငါ့ဟာငါ နှာဂိုဒေါင်မကလို့ နှာခက်ရုံပဲဖြစ်ဖြစ် လောကကြီးမှာ ကိုယ်ခံစားချက်နဲ့ကိုယ်ပဲကွ၊ နားလည်လား'



www.burmeseclassic.com

www.burmeseclassic.com



'ငကြောင်…'

သူတို့အားလုံး ဝိုင်းအော်လိုက်ကြသည်။

ဆစ်ဖလစ်မျက်နှာကတော့ တစ်ချက်ကလေးမှ အပိုး မသွားပါ။

✣ ✣ ✣



(၁၀)

'အဲဒီ ပန်းနှစ်ပွင့်က ဘာလုပ်ဖို့လဲ ကိုတိုး'

စူးစမ်းကြည့်သည့်အကြည့်နှင့်အတူ မကျေနပ်ဟန်ကို လည်း မျက်နှာမှာ မြင်တွေ့ရ၏။

'မေသက်နဲ့ ယဉ်ကျေးပန်ဖို့လေ၊ အိမ်မှာ စိုက်ထားတဲ့ နှင်းဆီပင်က ခူးလာတာ'

'ဘာပြောတယ်၊ ယဉ်ကျေးနဲ့ မေသက်ပန်ဖို့ ဟုတ်လား'

'ဟုတ်တယ်လေ… ယဉ်ကျေးနဲ့ မေသက် ပန်းဆင်တူ ပန်ထားတာကို ကိုတိုး မြင်သားပဲ၊ မေသက်ပဲ ပြောတယ်လေ၊ ယဉ်ကျေးက နှင်းဆီပန်း ကြိုက်တယ်ဆို'

'သူက ကြိုက်တယ်ဆိုတာနဲ့ ကိုတိုးက ပန်းပေးတယ် ပေါ့၊ ဟုတ်လား'

မေသက် ဘာတွေ မကျေမနပ်ဖြစ်ရပြန်တာလဲ။ သူ အတော်ကို စဉ်းစားရခက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါက နှစ်ယောက်စလုံးကို စေတနာနဲ့ပေးတာ၊ ဒီမှာ ကြည့်ပါလား၊ လက်မှာတောင် နှင်းဆီဆူး စူးသွားသေးတယ်'

သူက ဆူးစူးထားသောလက်ကို မေသက် မြင်အောင် မြှောက်ပြလိုက်သော်လည်း မေသက်က စောင်းငဲ့၍မျှပင်မကြည့်။ နှုတ်ခမ်းကို ဖိကိုက်ထားသည်ကိုတော့ အားတိုက်မြင်နေရ၏။

'နင်ကလေ ထစ်ခနဲဆို စိတ်ကောက်ဖို့ပဲသိတယ်၊ ငါ ပြောတဲ့စကားဆိုရင် ဘယ်တော့မှ လက်မခံဘူး၊ နင့်ကိုယ်နင် ကလေးများ ထင်နေသလား မေသက်'

မေသက် ကျောပိုးအိတ်နောက်က **စန့်တာကလော့** နှုတ်ခမ်းမွေးကြီးကို လှမ်းဆွဲရင်း သူရယ်လိုက်၏။ မေသက် မျက်နှာ သူ့ဘက်ပြန်လှည့်လာသည်။

'သိပါပြီ၊ မေသက် အရမ်းသိသွားပြီ၊ ကိုတိုးက မေသက်ထက် ယဉ်ကျေးကို ပိုပြီး အလေးထားတာကိုး'

'ရော်...'

'လာပြီး ရော်တွေ ဂေါ်တွေ လုပ်မနေနဲ့၊ ကိုတိုးပေးတဲ့ ပန်းကို မေသက် ယူသွားမယ်၊ ကိုတိုး စိတ်ချမ်းသာအောင် ယဉ်ကျေးကို ပန်းပေးလိုက်ပါ့မယ်၊ အဲဒါဆို ကျေနပ်တယ် မဟုတ်လား'

သူ ခေါင်းခါယမ်းလိုက်ပြီး...

'မေသက်ထက်ပိုပြီး အလေးထားရမယ့်သူ ငါ့မှာ မရှိပါဘူး'





'ပေး... ပေး... ပန်းတွေပေး'

လက်ထဲတွင်ဆုပ်ကိုင်ထားသော နှင်းဆီပွင့်ကို မေသက် လက်ထဲရောက်အောင် လှမ်းပေးလိုက်သည်။

ကျောင်းဝင်းထဲရောက်တော့ မေသက်က ဘောက်ဆတ် ဘောက်ဆတ်နှင့် ကျောင်းပေါ်တက်သွားသည်။ သူက ဆစ် ဖလစ်တို့အုပ်စုရှိရာသို့ လျှောက်သွား၏။

ကျောင်းတက်ခါနီး ကျောင်းပေါ်သို့ ရောက်သောအခါ မေသက်တို့ရှိရာသို့ သူမသိမသာ လှမ်းကြည့်လိုက်သည်။

'ဟင်'

မျက်လုံးထဲ ပူခနဲဖြစ်သွား၏။

ယဉ်ကျေးဝေက သူပေးလိုက်သော နှင်းဆီပွင့်ကို ခေါင်းမှာ လှလှလေးပန်ထားသည်။ မေသက်ရှေ့ခုံပေါ်မှာတော့ နှင်းဆီပွင့်ကြွေ အဖတ်အစအနများ ပြန့်ကြဲနေသည်ကို တွေ့ရ၏။

မေသက်က ရယ်နေသည်။

ယဉ်ကျေးဝေက ခေါင်းကိုခါရင်း နွဲ့နွဲ့လေးပြုံးနေသည်။

နှင်းဆီပွင့်ကြွေများက သူ့ကိုကြည့်၍ ငိုနေကြ၏။

သူမအတွက် ပေးလိုက်သော နှင်းဆီပွင့်ကို မေသက် သည် အဘယ်ကြောင့် ချေမွပစ်ရပါသနည်း။

မေသက်က ရယ်ရင်းနှင့် နောက်ဘက်ကို ဆတ်ခနဲ လှည့်အကြည့်မှာ သူနှင့် မျက်လုံးချင်းဆုံသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသက်တ မျက်နှာကို ခပ်ဆတ်ဆတ် ပြန်လှည့်သွား၏။

သူ့ရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားတာတော့ အမှန်ပါပဲ။

✣ ✣ ✣



## (၁၁)

'နင်ဘာဖြစ်နေတာလဲ မေသက်၊ မျက်နှာက စူပုပ်နေတာလဲ'

အိမ်ပြန်ရာလမ်းထောင့်ရှိ ခရေပင်အောက်သို့အရောက်တွင် မေသက်ကို သူ လှမ်းမေးလိုက်၏။ မေသက်ကတော့ သူ့ကို တစ်လမ်းလုံး စကားပြောမလာ။

'နင် ဘာဖြစ်နေတာလဲလို့ ငါ မေးနေတယ် မေသက်၊ နင် ငါ့ကို ဘာမကျေနပ်လို့လဲ၊ ငါပေးတဲ့ပန်းကို မပန်ဘဲ ဘာဖြစ်လို့ ချေမွပစ်ရတာလဲ'

မေသက် မျက်နှာကတော့ ခပ်တင်းတင်း။

မျက်တောင်ကိုပင်မခတ်ဘဲ ရှေ့ကိုသာ မဲကြည့်နေသည်။

စိတ်က သိပ်မရှည်ချင်တော့။

'ဘယ်လိုဖြစ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူ့အော်တော့ မေသက်က…

'ငါ ဘာဖြစ်နေလို့လဲ'

'အော်… နင်ဖြစ်နေတာ နင်အသိဆုံးဖြစ်မှာပေါ့ မေသက်၊ နင့်ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ သိရအောင် ငါ့မှာ ဒိဗ္ဗစက္ခုမရှိဘူး'

'ငါ ဘာမှမဖြစ်ဘူး၊ ဘယ်လိုမှလည်း မနေဘူး၊ ဘာကို မှလည်း မပြောချင်ဘူး'

မာဆတ်နေသည့် လေသံဝယ် သူ့ကို မကျေနပ်ကြောင်း များ ပါဝင်နေ၏။ အခြေအနေကို သူရိပ်စားမိလိုက်သည်။

'နင်ဖြစ်နေတာ ငါသိတယ် မေသက်၊ ယဉ်ကျေးကို ယန်းပေးတာ နင် မကျေမနပ်ဖြစ်နေတယ်မို့လား၊ နင် ငါနဲ့ ယဉ်ကျေးကို သက်သက် အထင်လွဲနေတာပဲ'

မေသက်က နှုတ်ခမ်းကို လှုပ်ရုံမျှလှုပ်ပြီး ခပ်မဲ့မဲ့အပြုံး တစ်ခုကို နှုတ်ခမ်းထောင့်စွန်းမှာ ချိတ်လိုက်၏။

'ငါ ဘာကိုမှ မပြောချင်ဘူး ကိုတိုး၊ နင်နဲ့ ယဉ်ကျေး ကို အထင်လွဲစရာအကြောင်းလည်း ဘာမှမရှိဘူး၊ အထင်လွဲရ အောင်ကလည်း နင်နဲ့ငါ ဘာမှမဆိုင်ဘူး၊ နင့်ဟာနင် ယန်းပေးရုံ မကလို့ သူတို့အိမ်ပဲ လိုက်နေနေ ငါ့ဘက်က အနေသာကြီးပဲ'

သူ ရယ်ချလိုက်၏။

'နင် မညာနဲ့ မေသက်၊ နင့်ရင်ထဲမှာ ဘာတွေဖြစ်နေ တယ်ဆိုတာကို ငါ အကုန်သိတယ်၊ နင် ငါ့ကို လာဖိန့်မနေနဲ့'





'ငါ ဘာဖြစ်လို့လဲ'

'နင် သက်သက်မဲ့ ငါ့ကို မကျေမနပ်ဖြစ်ပြီး ငါပေး တဲ့ယန်းကို မယန်ဘဲ ချေမှုပစ်လိုက်တာမို့လား'

မေသက် နှုတ်ဆိတ်နေ၏။

ငယ်ဘဝကတည်းက စခဲ့သည့် သံယောဇဉ်ကိုတော့ အထိပါး အပွန်းပဲ့မခံနိုင်။ သူနှင့် တစ်ရက်တည်းမွေးလာသော သူ့ထက် လေးဆယ့်ငါးမိနစ်သာငယ်သော ငယ်သူငယ်ချင်း မေသက် ကျေနပ်အောင်တော့ သူရှင်းပြရမည်။

'ငါက ယဉ်ကျေးကို ရိုးရိုးသားသားခင်တာ မေသက်၊ ယဉ်ကျေးနဲ့ပတ်သက်တဲ့ ခံစားချက် ငါ့မှာ မရှိဘူး၊ နင်က ခပ်စိမ်းစိမ်းနေရင် ယဉ်ကျေးကို ငါ အခုဖြတ်လိုက်မယ်'

'တကယ်'

မေသက်မျက်နှာ ရွှေရောင်ဘက်သို့ ပြန်လှသွား၏။

'တကယ်ပေါ့… ငါက နင့်ထက်ပိုပြီး ဘယ်သူ့ကို ဂရုတစိုက်ရှိရမှာလဲ၊ ကဲ… နင်ပြော'

မေသက် မျက်နှာပေါ်မှာ ကျေနပ်သောအပြုံးကို စတင် တွေ့ရသည်။ သူ့ကို စကားပြန်မဆိုတော့ဘဲ တစ်လှမ်းချင်း လမ်းကို ဆက်လျှောက်၏။

'လာ… မေသက်၊ ဘုရားပေါ်ခဏတက်ရအောင်'

'နောက်ကျနေမယ်'

'ခဏလေးပါ'



www.burmeseclassic.com

မေသက်နှင့်သူ အတွေးကိုယ်စီဖြင့် ဘုရားဝင်းအတွင်းသို့ ဝင်လိုက်၏။ သည်ဘုရားက သူတို့အညာက ဆုတောင်းပြည့် ဘုရားသိမဟုတ်။ အုတ်ဘောင်ကလေးခပ်ပြီး စေတီလေးကို ထုံးဖြူလေးသာ သုတ်ထားသည်။

ဘုရားရှေ့ရောက်ရောက်ချင်း-

'ကိုတိုး မေသက်ကို မညာပါဘူး၊ ဘာလဲ… မေသက်က ညာနေတယ်ထင်လို့လား'

'ကိုတိုးကရော ယုံရလို့လား'

သူက ရယ်ရင်းနှင့် ဘုရားရှေ့မှာ ပုဆစ်တုပ် ထိုင်ချသည်။ မေသက်က သူ့ဘေးမှာ ခပ်ရို့ရို့လေးဝင်ထိုင်၏။

ဘုရားကို လက်အုပ်ချီကန်တော့လိုက်ပြီး မေသက်ကြားအောင် ခပ်ကျယ်ကျယ်ဆိုလိုက်သည်။

'အရှင်ဘုရား… တပည့်တော်သည် မေသက်ကို ခင်တွယ်တာထက်ပိုပြီး ယဉ်ကျေးကို ပိုမိုခင်တွယ်ခဲ့သည်ရှိသော် ဘဝဆက်တိုင်းဆက်တိုင်း ဒုက္ခသောကအမျိုးမျိုးကို ခံစားပါရစေ၊ မေသက် အမုန်းသည်လည်း ယခုဘဝတွင်သာမက နောင်ဘဝများမှာပါ အသက်ဆုံးသည်အထိ တပည့်တော်အပေါ် ကျရောက်ပါစေ၊ အကယ်၍ တပည့်တော် တိုင်တည်သော သစ္စာစကားသည် မှန်ပါက တပည့်တော်သည် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးများနှင့် အောင်မြင်ပါစေ၊ တပည့်တော် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်လျှင် ကြီးပွားချမ်းသာပြီး မေသက်နှင့်တူ၍



မေသက်လို ချောမောလှပသော ကောင်မလေးတစ်ယောက်ကို ရပါစေ အရှင်ဘုရား'

ဆုတောင်းပြီး၍ သူ ဝတ်ပြုနေစဉ်အတွင်း မေသက်ထံမှ ဆုတောင်းသံကို ကြားလိုက်ရ၏။

'အရှင်ဘုရား… သူပြောတာတွေကို ဘာမှမလုပ်ပါနှင့်၊ စိတ်ထဲမှာလည်း မှတ်မထားပါနှင့်၊ သူက ယုံရတာမဟုတ်ဘူးဘုရား၊ တော်ကြာ သူ တကယ် ဒုက္ခရောက်နေမှာစိုးရိမ်လို့ပါဘုရား၊ နောက်ပြီးတော့ သူ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ရင်လည်း မိန်းမ မရပါစေနှင့်၊ တပည့်တော်မ ဆုတောင်းချင်တာ အဲဒါပါပဲ အရှင်ဘုရား'

မေသက်ကလည်း ရယ်သည်။

သူလည်း ရယ်သည်။

✣ ✣ ✣

www.burmeseclassic.com

## (၁၂)

ကျောင်းတံစက်မြိတ်အမိုးစွန်းမှ ကျလာသော မိုးပေါက်များကိုကြည့်ပြီး မေသက်က သူ့ကိုလှမ်းပြော၏။ အသံက မိုးစက်ကျသံများနှင့် ရောထွေးနေ၍ ပီပီသသမကြားရ။

ယဉ်ကျေးဝေက လွယ်အိတ်ကြိုးကို ခပ်တင်းတင်းဆုပ်ပြီး ကျွန်းတိုင်ကလေးကို အသာကွယ်ရပ်နေသည်။

'အဲဒီမိုးကလည်း ကျောင်းဆင်းမှ ရွာရတယ်လို့၊ ဖိုးလေးသာ လာမကြိုရင်တော့ မိုးတိတ်တဲ့အထိ စောင့်ရတော့မှာပဲ ကိုတိုးရေ'

မေသက်က ရောင်စုံထီးများ ရှုပ်ယှက်ခတ်နေသော ကျောင်းဝင်းအပြင်ဘက် လမ်းမကိုကြည့်ပြီး စိတ်ပူဟန်လေးနှင့် ပြောသည်။

သူက မိုးစက်များကိုကြည့်ရင်းနှင့်...





'ဖိုးလေး လာမကြိုတော့လည်း ကောင်းတာပေါ့ မေသက်ရ၊ တို့သုံးယောက် မိုးရေထဲမှာ အတူတူလျှောက်ပြန်ကြတာပေါ့၊ ပြီးတော့ ဘူတာနားမှာ စိန်ပန်းပွင့်တွေတောင် ကောက်လို့ရသေးတယ်'

ယဉ်ကျေးဝေက-

'ပန်းကောက်တာကတော့ ဟုတ်ပါပြီ၊ ယဉ်ကျေးက ဘူတာနားမရောက်ခင် ဈေးဘက်ကိုကွေ့ရမှာ၊ ပြီးတော့ မိုးရွာထဲမှာ ဒီအတိုင်းပြန်လာရင် မေမေက ယဉ်ကျေးကိုရိုက်လိမ့်မယ်၊ မေသက်နဲ့ကိုတိုး ယဉ်ကျေးကို မစောင့်နဲ့လေ၊ ယဉ်ကျေး မိုးတိတ်မှပြန်တော့မယ်'

ယဉ်ကျေးဝေက ပြောလည်းပြော၊ မေသက်မျက်နှာကိုလည်း လှမ်းကြည့်၏။

'ယဉ်ကျေးကလည်းဟာ... ဘာဖြစ်လို့ နင့်ကို တစ်ယောက်တည်း ထားခဲ့ရမှာလဲ၊ ဆရာ ဆရာမတွေလည်း ပြန်ကုန်ပြီ၊ ခဏနေရင် ကျောင်းမှာ လူတစ်ယောက်မှ ရှိမှာမဟုတ်တော့ဘူး၊ နင့်ကို တစ်ယောက်တည်းထားခဲ့ရမှာတော့ လုံးဝ အဓိပ္ပာယ်မရှိဘူး'

'သည်နေ့မှ ထီးက တစ်ချောင်းတည်းဟာ'

ထီးကလည်း မေသက်ပါလာသည့်ထီး။

ထိုစဉ်မှာပဲ...

'ဟော... ဟိုမှာ ဖိုးလေးလာပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဖိုးလေးက ဟိုကြည့်သည်ကြည့်နှင့် ကျောင်းထဲဝင်လာသည်။

'ဖိုးလေး… ဖိုးလေး'

မေသက်က ဖိုးလေးကြားအောင် လှမ်းအော်သည်။

ဖိုးလေးက မြင်သွားပြီး သူတို့ရှိရာ တံစက်မြိတ်အောက်ကို ဝင်လာ၏။

'ဖိုးလေးက မင်းတို့ကို မတွေ့တော့ဘူးမှတ်နေတာကွ၊ မိုးကလည်း ရွာလိုက်တာ လွန်ရောပဲ'

ဖိုးလေးက ကိုယ်ပေါ်တင်နေသော ရေစက်များကို ခါချရင်း သူတို့ကို လှမ်းပြောသည်။

'ဖိုးလေးကလည်း ထီးတစ်ချောင်းတည်း ယူလာရသလား'

'အေးဟာ… ခုမှ စဉ်းစားမိတယ်၊ ဒါပေမဲ့ လွယ်ပါတယ်ကွာ၊ မေသက်က ဖိုးလေးနဲ့အတူပြန်မယ်၊ သည်ထီးကို မောင်တိုးက ယူသွား၊ ယဉ်ကျေးကို လိုက်ပို့လိုက်'

မေသက်မျက်နှာ ခပ်ညိုညိုဖြစ်သွားသည်ကို သူ သတိပြုမိ၏။

ယဉ်ကျေးဝေက သူ့မျက်နှာကိုလှမ်းအကြည့်မှာ မေသက် က–

'ကောင်းတယ်… ကောင်းတယ်၊ ဖိုးလေး အဆုံးအဖြတ် ကောင်းပါတယ်၊ ကိုတိုးက ယဉ်ကျေးကို လိုက်ပို့လိုက်တော့





အရမ်းအဆင်ပြေသွားတာပေါ့'

အရွဲ့စကားမှန်း သူသိသည်။

ပြောပြီး မေသက် လှည့်ထွက်သွား၏။

ဖိုးလေးပင် သူ့ကို ထီး ကမန်းကတန်းလှမ်းပေးပြီး မေသက်နောက် အပြေးလိုက်သွားရသည်။

+ + +

ထီးအောက်ပိုမိုရောက်အောင် သူမဘက်ကို အသာရွှေ့လျားပေးသည်။

'ကိုတိုးဘက်ကို လုံအောင်ဆောင်းပါ'

'ရပါတယ်… ကိုတိုးက ခေါင်းမစိုရင်ပြီးရော'

ယဉ်ကျေးဝေက သူမ၏ကျောပေါ်မှ ဆံပင်တထွေးကို ရင်ညွန့်ပေါ်ဆွဲချရင်း သူ့မျက်နှာကို မော့ကြည့်သည်။

'ယဉ်ကျေးကိုကြည့်ရတာ ငိုင်တိငိုင်တိုင်နဲ့ ဘာတွေစဉ်းစားနေတာလဲ'

'ဒီလိုပေါ့'

သူမ ပြောလိုက်သည့် ဒီလိုပေါ့ဆိုသည့် စကားထဲတွင် အဓိပ္ပာယ်များစွာပါနေသည်ကို သိသဖြင့်…

'ဘာ ဒီလိုပေါ့လဲ ယဉ်ကျေး၊ နင့်ကိုကြည့်ရတာ ဆွေး



www.burmeseclassic.com

www.burmeseclassic.com



ခွေးရှေ့မှရွှေ့ခံစားနေရသလိုပဲ၊ ငါ နင့်ကို မေးမလို့၊ မှန်မှန်ဖြေမလား'

'မေးကြည့်လေ'

'နင်တို့အိမ်ကို တို့လာမှာ ဘာဖြစ်လို့ ကြောက်နေရတာလဲ၊ ဟိုနေ့က အိမ်ရှေ့ထိတောင် လိုက်မလို့ဟာ၊ နင်က မလိုက်ပါနဲ့ဆိုလို့'

လွန်ခဲ့သောအပတ်က ယဉ်ကျေးဝေကို သူနှင့် မေသက် အိမ်ကို လိုက်ပို့ဖူး၏။ သည်အကြောင်းရာ ခေါင်းထဲပြန်ရောက်လာသဖြင့် ယဉ်ကျေးဝေကို မေးမိခြင်းဖြစ်သည်။

'ဘာမှမဖြစ်ပါဘူး ကိုတိုးရာ'

ယဉ်ကျေးဝေ ခြေလှမ်းတွေ ပိုမိုတုံ့နှေးသွားသည်ဟု သူထင်သည်။ မိုးကတော့ သည်းရာမှ ဖွဲသွား၏။

'မဟုတ်ဘူး ယဉ်ကျေး၊ ဘာမှမဖြစ်ဘူးဆိုတာတော့ ဟုတ်ကိုမဟုတ်ဘူး၊ ယဉ်ကျေးမှာ အကြောင်းတစ်ခုခုတော့ ရှိကို ရှိရမယ်၊ အဲဒီအကြောင်းကို ငါ သိချင်တယ်၊ ယဉ်ကျေး ပြောပြပါလား'

ယဉ်ကျေးဝေမျက်နှာ ပိုလို့မှေးမှိန်သွားသည်။ သူ့မျက်နှာကိုလည်း ခပ်ဝေဝေကလေးကြည့်၏။

'ပြောလေ ယဉ်ကျေး၊ ယဉ်ကျေး အိမ်မှာနေရတာ ယဉ်ကျေးမေမေကို အရမ်းကြောက်နေရလို့လား၊ ယဉ်ကျေး မေမေက ယဉ်ကျေးကို သိပ်ချုပ်ချယ်ထားလို့လားဟင်'





'ကိုတိုးရယ်… ယဉ်ကျေးက ယဉ်ကျေးဘဝတွေ လျှောက်ပြောနေလို့ ကိုတိုးက ယဉ်ကျေးကို အကောင်းဆုံးဖြစ်အောင် ဘာအကြံပေးနိုင်မှာတဲ့လဲ၊ ယဉ်ကျေး ပျော်ပါတယ်'

'ယဉ်ကျေးပျော်တာကြီးက ဆယ့်နှစ်ရာသီ ငိုင်တိုင်တိုင်နဲ့'

'ဒါက ယဉ်ကျေးငယ်ငယ်ကတည်းက နေတတ်ခဲ့တဲ့ အကျင့်ပဲ ကိုတိုး'

'ယဉ်ကျေး'

'ပြောလေ'

'ယဉ်ကျေးကို ကိုတိုး သနားတယ်'

'ကိုတိုးက သနားတယ်ဆိုမှ ကိုယ့်ကိုယ်ကိုယ်တောင် အရမ်းအားငယ်သွားပြီ'

ယင်းစကားကို ယဉ်ကျေးဝေက ပြုံးပြီးပြောသည်။ သူ စကားမဆက်ဘဲနေတော့-

'ယဉ်ကျေးက ဘယ်လိုဇီဇမှန်းလည်း မသိဘူး၊ ယဉ်ကျေး လူမှန်းသိတဲ့အရွယ်ကတည်းက ကတာ ဆိုတာကို သိပ်ဝါသနာပါတာပဲ၊ အိမ်မှာ မေမေမရှိတဲ့အချိန်ဆိုရင် ယဉ်ကျေး ဘာသာယဉ်ကျေး လက်ချိုးပြီးကကြည့်တာပဲ၊ သီချင်းတွေလည်း တိုယ် ရသလောက်ကို အကုန်လျှောက်ဆိုတာ၊ အဲဒါကို မေမေက မကြိုက်ဘူး ကိုတိုးရယ်၊ အဲဒါတွေ တွေးမိပြီး တစ်ခါတစ်ခါ ကျရင် ယဉ်ကျေး ဝမ်းနည်းတယ်၊ ယဉ်ကျေး ကတာကို မေမေ



www.burmeseclassic.com

www.burmeseclassic.com



က ဘာဖြစ်လို့ မကြိုက်တာလဲဆိုတာ ယဉ်ကျေး သိပ်သိချင်တယ်'

ယဉ်ကျေးဘ၀နှင့်ပတ်သက်၍ အိုးစည်ကတော့ သူ့ကို ပြောဖူးသည်။ ယဉ်ကျေးဝေသည် မအေတစ်ခု သမီးတစ်ခု။

သူက အမေမရှိ။

ယဉ်ကျေးဝေက အဖေမရှိ။

သူ့ဘ၀နှင့်ယှဉ်ပြီး ယဉ်ကျေးဝေကို ခင်တွယ်ခဲ့သည်။

စကားတပြောပြောနှင့် အိမ်နားရောက်တော့-

'ကိုတိုး ယဉ်ကျေး သွားတော့မယ်နော်၊ အိမ်ထိ လိုက်မပို့နဲ့နော်'

ပြောပြီး ထီးအောက်မှ ယဉ်ကျေးဝေ လှစ်ခနဲပြေးထွက်သည်။

မိုးမှုန်ဖွားကလေးများကြားမှာပြေးသွားနေသော ယဉ်ကျေးဝေကို သူ အငေးသားကြည့်နေမိပါ၏။

✣ ✣ ✣



(၁၃)

'အမွှင့် ခက်လိုက်တာ ကိုကိုရယ် ××× ရှင့်ပေပေ ယယ်ယယ်တုန်းက ××× အရင်တုန်းက ××× ဟိုတုန်းက ××× အမျိုးမျိုးလုံးပြီးတော့ တိတ်တိတ်ပုန်း ခိုးခဲ့တာ ××× ကျွန်မနှင့် မှုးစာရေစက်မပါ ××× မောင့်ပေပေနှင့် မေမေ ××× မင်္ဂလာဆောင်ပြရင်တောင် ကသေးတာ ××× အလှူရှင်သီချင်းက ပေါ်လာရာ ××× ရှင့်ကို ရှင်ပြုတာ ရှင်လှူထွက်ကြောင့် ခက်နေတာ ××× မယ်ရင်ကို ကြိုက်လို့တဲ့ ××× လိုက်လိုက်ပိုးနေရှာ×××

ယဉ်ကျေးဝေက မျက်စကလေးကို ဟန်ပါပါချီ၍ သူ နေ့ပ်နေရာဘက်ကို မျက်လုံးဝေ့ကြည့်သည်။

ယဉ်ကျေးဝေ မြင်အောင် သူ ပြုံးပြလိုက်၏။

သီချင်းသံက ဟောလ်ခန်းထဲမှာ ပျံ့လွင့်ရိုက်ခတ်နေသည်။ ယဉ်ကျေးဝေကတော့ ဆရာကန်တော့ပွဲမတိုင်ခင် ရက်များကတည်းက ကျောင်းမှာ နာမည်ကြီးနေ၏။ ယဉ်ကျေးဝေ မှ ပွဲက စည်ကားသလိုဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းလုံးက ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများကအစ 'ယဉ်ကျေးဝေ' ဆိုသည့် နာမည်ကို ဒါးဆယ်ကမချဘဲ တဖွဖွချီးမွမ်းခန်းဖွင့်နေကြသည်။

ခုလည်း ဓာတ်တိုက်နေသော ဟောလ်ခန်းထဲမှာပင် ကျောင်းသားများ တရုံးရုံးဖြစ်နေကြသည်။ ယဉ်ကျေးဝေ၏ ဆိုဟန်ကဟန်များအပေါ် တမေ့တမော ဖြစ်နေကြ၏။

ယဉ်ကျေးဝေက ဆိုင်းဝိုင်းဘက် တစ်ချက်ငဲ့ကြည့်၍ ထဘီစလေးကို အသာမ,ရင်း မျက်စလေးကို ပစ်ပြသည်။ ပြီးတော့ မျက်ခုံးတန်းလေးတွန့်၍ သီချင်းကို ဆက်ဆို၏။

*'×××လူဟန်ကို တစ်ဖုံပြောင်းလို့ ××× ခေါင်းပေါင်းနှင့် ကျွန်မထဲလာ ရွယ်တူလို့ ထင်မှားနဲ့ ××× ထွားလွန်းလို့ မောင်ကသာ ××× ချစ်တယ်ပြောတာ ရှက်စရာပဲ ××× ကြိုက်တယ်ပြောတာ ရှက်တာပါပဲ ××× ကျွန်မအသက် သုံးဆယ် ပြောသော်လည်း ကိုကို မယုံနိုင်ပါတဲ့ ×××'*

ယဉ်ကျေးဝေဆီမှ အကြည့်ကလေးတစ်ခု သူ့ဘက်သို့ လက်ခံနိုင်ပြီးလာပြန်သည်။ သူကလည်း ပြုံးပြလိုက်ပြန်၏။

*'ကျောင်းအမကြီးရယ် ဝိသာခါ မြေးတွေရတောင် လှနေမှာ ××× မြရင်တစ်ယောက်ကို မြှောက်ပြန်ရာ ××× တော်တော်လာတဲ့ ကိုအရှာ ××× အသည်းစွဲနေအောင် ××× အမြဲတမ်းချစ်ပါ ဆရာ'*

တေးသွားက တစ်ကြော့ပြန်ဝင်လာသည်။





ယဉ်ကျေးဝေ တော်ပါသည်။

သူမမှာ သည်လို အနုပညာအရည်အသွေးတွေ ရှိနေလိမ့်မည်ဟု သူ လုံးဝမထင်ခဲ့။ ယဉ်ကျေးဝေ မျက်လုံးများက ညှို့ဓာတ်အပြည့်ရှိနေသည်။

အို…

သည်နေ့မှ သူက ယဉ်ကျေးဝေ၏ အလှတရားများကို ပိုင်းခြားသိမြင်လိုက်သည်ပဲ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

'ယဉ်ကျေးက အရမ်းတော်တာပဲ၊ ကိုတိုး ယဉ်ကျေးကို တကယ်ချီးကျူးတယ်'

သူ့ထံပါးသို့ ယဉ်ကျေးရောက်အလာမှာ သူက ဝမ်းသာအားရပြောသည်။ ယဉ်ကျေးဝေက ရှက်ပြုံးပြုံးရင်း-

'ကိုတိုးကိုလည်း အားလုံးက ချီးကျူးနေကြပါနော်၊ ဆရာ ဆရာမတွေကတောင် ကိုတိုးအနုပညာကို အရမ်းအထင်ကြီးသွားကြတာ'

'သိပ်မမြှောက်နဲ့ ယဉ်ကျေး၊ ကိုတိုးက နဂိုကတည်းက မြှောက်ကြွကြွဖြစ်နေတဲ့ကောင်'

ဝမ်းသာစိတ်ဖြင့် သူ့ရင်တွေ လှိုက်ခုန်နေ၏။ ဆစ်ဖလစ်က သူ့ပခုံးကို လက်နှင့်ပုတ်၍-

'ဒီမယ် မင်းတို့နှစ်ယောက်စလုံး သူ တော်တယ်၊ ငါ တော်တယ်လုပ်မနေကြနဲ့၊ နှစ်ယောက်စလုံး တော်တယ်၊ နှစ်





ယောက်စလုံးကို တစ်ကျောင်းလုံးက အသိအမှတ်ပြုလိုက်ပြီ'

'ဘယ်လို အသိအမှတ်ပြုတာလဲကွ'

အိုးစည်က ဆစ်ဖလစ်စကားကို ဝင်ထောက်သည်။ ဆစ်ဖလစ်က မျက်နှာကို နည်းနည်းမဲ့လိုက်ပြီး-

'တစ်ပြည်လုံးကို အကနဲ့တစ်မျိုး၊ အဆိုနဲ့တစ်ဖုံ စိတ်ရှိသလောက် နှိပ်စက်မယ့်လူနှစ်ယောက် ပေါ်လာပြီလို့'

'ခွေးမသား'

ဆစ်ဖလစ်ကို သူဆဲတော့ ယဉ်ကျေးဝေက ပြုံးနေ၏။

'ယဉ်ကျေးဆိုတဲ့ သီချင်းလေးကိုကြားတော့ ကိုတိုးရင်ထဲမှာ လွမ်းလာသလိုပဲ၊ ဒါပေမဲ့ လွမ်းသာလွမ်းရတယ်၊ ဘာကိုလွမ်းရမှန်းမသိဘူး'

'နင်လွမ်းဒါ နှာတိပါဒယ် ငတိုးရယ်'

အိုးစည်က စကားကို မပီကလာပြောပြီး သူ့မျက်နှာကို ပြုံးစေ့စေ့နှင့် လှမ်းကြည့်၏။

'ဘာသိတာလဲ'

'ယဉ်ကျေးကို နင်....'

'ဟော့ကောင်'

အိုးစည်ပါးစပ်ကို ချက်ချင်းပိတ်ပစ်ရသည်။ အိုးစည်က ပါးစပ်စည်းရှိသည့်ကောင်မဟုတ်။

ယဉ်ကျေးဝေက မျက်နှာရဲရဲကလေးနှင့်...

'နင်တို့နော်... ယဉ်ကျေးနဲ့ ကိုတိုးက ရိုးရိုးသားသား



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား နင်တို့ပြောတာ မေသက်ကြားရင် ငါ့ကို စိတ်ဆိုးနေ
ဦးမှာပေါ့'

သူ ယဉ်ကျေးဝေကို အရမ်းအားနာသွား၏။

'ဟော… ယဉ်ကျေး၊ ဟိုမှာ ဆရာမ တို့ကို ခေါ်နေပြီ၊
သွားစို့'

စကားလမ်းကြောင်းကိုဖြတ်ပြီး သူနှင့် ယဉ်ကျေးဝေ
ဆရာမဆီသို့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့၏။ နောက်
ပါးမှ ဟိုကောင်တွေ၏ ရယ်သံများကို ကြားနေရသည်။

✣ ✣ ✣



(၁၅)

'ယဉ်ကျေး'

'ပြောလေ ကိုတိုး'

'ယဉ်ကျေးနဲ့ ကိုတိုးက ဝါသနာပါတာချင်း တူတယ်
နော်'

'ဟုတ်ပါရဲ့'

'မေသက်က ကိုတိုးကို ဒီအလုပ်တွေလုပ်တာ မကြိုက်
ဘူးတဲ့'

'သူက ဝါသနာမှမပါဘဲဟာ'

'သူသာ ယဉ်ကျေးလို ကတာဆိုတာ ဝါသနာပါရင်
အရမ်းပျော်စရာကောင်းမှာပဲနော်'

'သူ့ဝါသနာနဲ့သူပေါ့ ကိုတိုးရယ်'

အနောက်တောင်ထောင့်ကို လှမ်းကြည့်လိုက်တော့ မိုးသား
များ ညို့တက်လာသည်ကို မြင်ရ၏။ နေရောင်က ကောင်းကင်
မှာ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ဘောလုံးကွင်းထဲမှာ ကျောင်းသားတချို့ ဘောလုံးကန်နေသည်။

ယဉ်ကျေးဝေတို့အိမ်က ဘောလုံးကွင်းဘေးမှ သဲခင်းလမ်းကလေးအတိုင်း ဖြတ်သွားရသည်။ ထိုမှတစ်ဆင့် ဘုန်းကြီးကျောင်းဝင်းကိုပတ်၍ ကျောင်းအနောက်ဘက် လမ်းကျဉ်းကလေးအတိုင်းလျှောက်မှ ယဉ်ကျေးဝေတို့လမ်းကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်၏။

သူနေသည့်လမ်းက ယဉ်ကျေးဝေတို့နှင့် ဆန့်ကျင်ဘက် သီးခြားလမ်းမှ သွားရသည်။ ယဉ်ကျေးဝေကို ဘုန်းကြီးကျောင်းနားထိပို့ပြီးလျှင် လာလမ်းအတိုင်းပြန်၍ ဘောလုံးကွင်းရောက်အောင် ပြန်ထွက်ရ၏။

ထိုကမှ အရှေ့ဘက်သို့တန်းနေသော ကတ္တရာလမ်းမကြီးအတိုင်း တမျှော်တခေါ်လျှောက်ပြီးမှ သူနေထိုင်ရာသို့ရောက်သည်။

မနေ့ကတော့ ကျောင်းလွှတ်ချိန်စောနေ၍ ယဉ်ကျေးဝေတစ်ယောက်တည်း ပြန်သွားသော်လည်း သည်နေ့က ကျောင်းကပွဲအတွက် ဇာတ်တိုက်စရာရှိတာတိုက်၊ ပြင်ဆင်စရာရှိတာပြင်ဆင်နှင့် ကျောင်းဆင်းပြီး၍ လေးဆယ့်ငါးမိနစ်ခန့်ကြာမှ ကျောင်းကိစ္စက ပြီးသွားသည်။

ယဉ်ကျေးဝေက ဘာစိတ်ကူးပေါက်သည်တော့မသိ။ သူတို့အိမ်ဘက်လိုက်ခဲ့ဖို့ အဖော်ခေါ်သည်။ သူကလည်း မငြင်း။





မေသက်ကတော့ သူ့ဘာသာသူ တစ်ယောက်တည်းပြန်သွားဇီး

'မေသက်က ယဉ်ကျေးတို့ ကတာဆိုတာကို သိပ်အားမပေးဘူး ကိုတိုးရဲ့၊ ယဉ်ကျေးက ကတဲ့ ဆိုတဲ့အကြောင်းတွေပြောနေရင် ယဉ်ကျေးကို ခင်လို့သာ သူနားထောင်နေတာ၊ ပြန်လည်းမပြောဘူး၊ ဒီလိုပဲ ယဉ်ကျေးကို ငေးကြည့်နေတာပဲ၊ သူက ငါးတွေ ဖားတွေ ခွဲစိတ်တာကျ သိပ်ဝါသနာပါတာ၊ ကိုင်လည်းကိုင်ရဲတယ်၊ ဆေးကျောင်းသူတွေ နားကြပ်ကလေး တကိုင်ကိုင်လုပ်တာကို သိပ်အားကျတယ်တဲ့၊ ဆရာဝန်ဖြစ်အောင် သူကြိုးစားနေတယ်တဲ့'

ယဉ်ကျေးဝေက တပြုံးပြုံးနှင့် ပြောသည်။ သူက ပခုံးကို ဆတ်ခနဲတွန့်၍-

'မေသက်က ဆရာဝန်ရူးရူးနေတာ ယဉ်ကျေးရဲ့၊ ငယ်ငယ်တုန်းက သူနဲ့ကစားရင်များ ကိုတိုးက အမြဲလူနာလုပ်ရတယ်၊ သူက ဆရာဝန်မကြီးပေါ့၊ အလကား ကြောင်မလေး၊ သူမှ ဆရာဝန် မဖြစ်ရင် တစ်ကမ္ဘာလုံး ဒုက္ခရောက်ကုန်မှာကျနေတာပဲ'

ယဉ်ကျေးဝေက ရယ်၏။

'အဲသလိုတော့ မေသက်ကို မပြောပါနဲ့ ကိုတိုးရယ်၊ သူ့ရည်ရွယ်ချက်နဲ့ ယုံကြည်ချက်ကို ယဉ်ကျေး သဘောကျအားပေးပါတယ်၊ သူသာ ဆရာဝန်မကြီးဖြစ်လာရင်တဲ့ ကိုယ်ပိုင်ဆေးခန်းလည်း ဖွင့်မထားဘူးတဲ့၊ ဆေးရုံဆေးခန်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အလုပ်မလုပ်ဘူးတဲ့၊ အိတ်ကြီးတစ်လုံးတည်းမှာ ဆေးဝါးပစ္စည်းတွေ အကုန်ထည့်ပြီး တောတွေတောင်တွေထဲမှာရှိတဲ့ ရွာကလေးတွေမှာ အခမဲ့ဆေးလိုက်ကုပေးမှာတဲ့'

'သူလား ကုပေးမှာ၊ အလကား စဖြီးမ၊ လူကြားကောင်းအောင် လျှောက်ပြောနေတာ'

'သူ အဟုတ်ပြောတာ ကိုတိုးရ'

'ဖြစ်နိုင်မလား ယဉ်ကျေးရ၊ သူက အဲသလို တောတွေတောင်တွေထဲလိုက်ပြီး ဆေးကုပေးချင်တယ်ပဲထား၊ သူနဲ့ရတဲ့ ယောက်ျားက သူ့လုပ်သမျှကို ခွင့်ပြုနေမှာတဲ့လား၊ သူ့မိဘတွေကရော သူ့သမီးကို တစ်ယောက်တည်းလွှတ်မှာတဲ့လား၊ အလကား ယုတ္တိမရှိ ယုတ္တာမရှိ'

'ဘာပဲဖြစ်ဖြစ်ပေါ့ ကိုတိုးရယ်၊ ရည်ရွယ်ချက်ဆိုတာ ဒီအရွယ်တည်းက ထားနိုင်ရင် အကောင်းဆုံးပဲဟာ၊ သူလည်း သူ့ဝါသနာနဲ့သူ ဖြစ်ချင်လို့ ပြောတာနေမှာပေါ့၊ ကိုတိုးတောင် စတီရီယိုအဆိုတော် ဖြစ်ချင်တယ်လို့ ယဉ်ကျေးကို အမြဲပြောတာပဲဟာ'

သည်တစ်ခါတော့ သူရယ်နေ၏။

သူရယ်နေတာကိုကြည့်ပြီး ယဉ်ကျေးဝေက-

'ဝါသနာမှာချည်း စိတ်ကို လွှတ်ထားလို့လည်း မဖြစ်သေးဘူး ကိုတိုးရ၊ သည်တစ်ထစ်ကို ကိုတိုးတို့ ယဉ်ကျေးတို့ ကျားကုပ်ကျားခဲ ကြိုးစားရဦးမှာ၊ တက္ကသိုလ်ရောက်ရင်တော့





ကိုယ့်ရည်ရွယ်ချက်တွေအတွက် လွတ်လွတ်လပ်လပ် ကြိုးစားလို့ရတာပေါ့၊ ဟုတ်တယ်မို့လား'

သူ ခေါင်းကို သွက်သွက်ကလေးညိတ်လိုက်၏။

သည်တစ်ကွေ့မှာတော့ သူတို့တက်ကုန်ရှက်ကုန် ဖွင့်ရဦးမည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

'နင် ဘယ်အချိန်ပြန်လဲ ကိုတိုး'

'ငါးနာရီခွဲ'

'တစ်ယောက်တည်းလား၊ ယဥ်ကျေးနဲ့လား'

'ယဥ်ကျေးနဲ့'

'နင်တို့နှစ်ယောက် လမ်းမှာ ဘာတွေပြောကြလဲ'

'ဟိုအကြောင်း ဒီအကြောင်းပေါ့ဟ'

စိတ်က သိပ်မရှည်ချင်တော့။ မေသက်က သူ့ကို ပုလိပ်စစ်စစ်ပြီး မသင်္ကာသလို လှမ်းလှမ်းကြည့်နေ၏။

'ဒါဆို နင်တို့ ဘယ်လမ်းကပြန်လဲ ကိုတိုး၊ စည်ပင်သာယာရုံးဘက်က ပြန်တာလား၊ ဘုရားဝင်းဘက်က ဖြတ်ပြန်လာတာလား'

မေသက်အမေးကို သူသိလိုက်၏။ အကယ်၍သာ စည်ပင်သာယာရုံးဘက်က ဖြတ်မပြန်ဘဲ ဘုရားဝင်းဘက်ကသာ





ပြန်သည်ဆိုလျှင် မေသက်နှင့် သူ့ကြားမှာ နည်းနည်းလေးတော့ နားလည်မှုကွဲလွဲစရာအကြောင်း ဖြစ်ပေါ်နိုင်၏။

အဘယ်ကြောင့်ဆိုသော် ဘုရားဝင်းဘက်က ပြန်သောလမ်းသည် ရုံးဘက်ကပြန်သော လမ်းထက်စာလျှင် သိသိသာသာ ပိုဝေး၏။ ဒါမျိုးတော့ သူကနပ်သည်။

'မေသက်ကလည်းဟာ… ငါက ဘာဖြစ်လို့ ဘုရားဝင်းထဲက ဖြတ်ပြန်ရမှာလဲ၊ ရုံးဘက်ကသွားတာပေါ့ဟာ၊ ဒါတောင် သူတစ်ယောက်တည်းဖြစ်နေလို့ ပြန်လိုက်ပို့ပေးတာ၊ နို့မို့ဆို ငါတစ်ယောက်တည်းပြန်တယ်'

'ဒါဆိုရင်လည်း ပြီးတာပဲ၊ မေသက်က ကိုတိုးကို ယဥ်ကျေးတို့ရပ်ကွက်ထဲက ကောင်တွေ ဝိုင်းရိုက်နေမှာစိုးလို့ မေးတာ၊ နောက်ကို ယဥ်ကျေးနဲ့ နှစ်ယောက်တည်း မပြန်နဲ့နော်'

'ဘာဖြစ်လို့'

'ဘာဖြစ်ဖြစ် မပြန်နဲ့ဆို မပြန်နဲ့ဟာ'

သူ အသာငြိမ်နေလိုက်ပြီးမှ-

'ယဥ်ကျေးက သနားဖို့ကောင်းတယ် မေသက်၊ သူ့အမေကို သိပ်ကြောက်ရတာ၊ သူ့အမေကလည်း ယဥ်ကျေးကတာဆိုတာကို လုံးဝမကြိုက်ဘူးတဲ့၊ ဒီအထဲ ဝါသနာပါလွန်းလို့ သူ့အမေ မသိအောင် ခိုးလုပ်တာ'

'နင့်ကို ဘယ်သူပြောလဲ'

'ယဥ်ကျေးပြောတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မေသက်က မျက်လုံးကိုကျဉ်းထားရင်း စဉ်းစားနေသည်။

ယဉ်ကျေးဝေ အခြေအနေကို မေသက်လည်း သဘောပေါက်ထားလိမ့်မည်။

'သူ ဝါသနာပါလို့ ကတာ ကပစေပေါ့၊ သူကတာနဲ့ ကိုတိုးက ဘာဖြစ်လို့ သီချင်းဆိုရမှာလဲ၊ အလကား အဓိပ္ပာယ်မရှိတာတွေ'

'အဲလိုတော့မပြောပါနဲ့ မေသက်ရယ်၊ အနုပညာအလုပ်လုပ်တာ အဓိပ္ပာယ်မရှိတဲ့အလုပ်လုပ်တာ မဟုတ်ပါဘူး၊ အနုပညာဆိုတာ ပြောရတာလွယ်သလောက် လုပ်ရတာ ခက်တယ်'

'နားခါးတယ် ကိုတိုး၊ သည်စကားတွေ လာမပြောနဲ့၊ လက်ရှိအရေးကြီးဆုံးက စာမေးပွဲအောင်ဖို့ပဲ၊ အရှုံးအလုပ်တွေ လာမပြောနဲ့'

ပြောပြီး မေသက်က ထံပါးမှ လှည့်ထွက်သွားသည်။ ဒါကတော့ မေသက် အနိုင်ပိုင်းတာပဲ။

✣ ✣ ✣



## (၁၇)

'ဖျောင်း… ဖျောင်း… ဖျောင်း'

တစ်ခဲနက် ထွက်ပေါ်လာသော လက်ခုပ်သံများကို နားထောင်ပြီး ကန့်လန့်ကာအကွယ်တွင်ရပ်နေသော ယဉ်ကျေးဝေမျက်နှာကို သူ လှမ်းကြည့်မိပြီးသားဖြစ်သွား၏။

အစီအစဉ် ကြေညာသူ၏ အသံအဆုံးမှာ လက်ခုပ်သံများနှင့်အတူ ကတ္တီပါကားလိပ်ကြီးက အပေါ်သို့မြင့်တက်သွားသည်။

'ယဉ်ကျေး နင်မကြောက်နဲ့နော်၊ သည်ပရိသတ်ဟာ ငါ့ပရိသတ်ပဲဆိုတာ နိုင်နိုင်မာမာယုံကြည်ထား'

'ဟုတ်'ဟုဆိုသော်လည်း ယဉ်ကျေးဝေ အသံတုန်နေ၏။

'မီးဝါမှိတ်၊ မီးစိမ်းဖွင့်၊ ရှုခင်းဆလိုက် နောက်ခံသီဆိုသေး ဟုတ်ပြီ… ဟုတ်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



ခန်းဝင် ခန်းထွက် ပြကွင်းပြကွက်များကို တစ်ခုချင်း ဘာဝနာသူထားရသော ဆရာဦးချစ်စိန်က အစီအစဉ်ကို အသေး စိတ်ညွှန်ကြားသည်။

ဆရာ အချက်ပေးလိုက်သည်နှင့် ယဉ်ကျေးဝေက စင် ရှေ့သို့ ရဲရဲတင်းတင်းထွက်လိုက်၏။

ယဉ်ကျေးဝေက ပရိသတ်ကို လက်အုပ်ကလေးချီပြီး နောက် လေဘာတီမပြရင်သီချင်း၏ ဆွဲဆောင်မှုအား ပရိသတ် အားလုံး ယဉ်ကျေးဝေ၏အဆိုမှာ မိန်းမောနေကြသည်။

*'မြနှင့် မောင်နှင့် ခုမှတွေ့တာ ××× လှုပါးမဝခင် တုန်းက ပြောရတော့ ရယ်စရာပါ ××× ထဘီလေးတိုတိုဝတ် ကာ ××× မြငယ်စဉ်မှာ လှထဲမဝင်ခင်သေးတော့ အလှပြင်ဆင် ရှာ ××× ရင်ရင် ကုန်ကုန်ပြောမယ် တောတစ်သက်မို့ ဘယက် ဒြါဒရာ ××× ရွှံ့တွေကပ်စေး ××× ကပ်စေး ××× ပုတီးလုပ် ကာ သုံးတတ်ပါတယ် ××× အုတ်မှုတ်ခွက်ကို ရှာ ××× ရှာ ××× ဒေါ်လာပြားက ××× ဆယ့်ငါးပြားလောက် ဆွဲတတ်တာ ××× ကိုကိုများက မြှောက်စားပေမယ့် ဟိုတုန်းကလောက် မပျော်ပါ ×××'*

အဆိုပိုဒ်နှင့် အကပိုဒ်ကို တဆက်တည်းဝင်သည်။ ဆိုင်းသံက ယဉ်ကျေးဝေ၏ ကကွက်များနှင့်အတူ မြိုင်ဆိုင်စွာ ထွက်ပေါ်နေ၏။

ယဉ်ကျေးဝေက သူရပ်နေရာဘက်ကို တစ်ချက်လှည့် ကြည့်ပြီး လှလှကလေး ပြုံးပြသည်။ ဆရာဦးချစ်စိန်က သူ့နား ကပ်၍…

'ယဉ်ကျေးဝေက ကတာရော၊ ဆိုတာရော တကယ် တော်တဲ့ကလေးမပဲကွ၊ သူ့အနုပညာကို အသုံးချတတ်ရင် အနု ပညာလောကမှာ တကယ်ကို အောင်မြင်နိုင်တယ်'

သူ ယဉ်ကျေးဝေအတွက် ကျေနပ်ဆဲမှာ သီချင်းသံက နားထဲဖြတ်သန်းရောက်ရှိလာသည်။

*'ဘုရားပေါင်းစုံ ××× ကျူးကျော်ဉာဏ်ဟုန်တိုင်းဘုံ လကျာ် ××× စက္ကဝါ ××× လကျာ် ××× ပန်းညို ပန်းနီ ××× ပန်းပြာ ××× ပန်းဝါ ××× ခြောက် ××× ပေါ်တဲ့နေရာ ××× တောနှင့် ဟေမဝါ ××× ရွှေပြည်စိုး ××× ရွှေပြည်စိုး ××× အလွှမ်းပိုမှယ်ရာ ×××'*

ယဉ်ကျေးဝေ၏ သွက်လက်ဖြူးကြွသော ကဟန်ဆိုဟန် များကြောင့် ကိုယ်မှာဝတ်ဆင်ထားသော မြစိမ်းရောင်ချည်ထိုး ပုဝါလေးသည် အရောင်တဖျတ်ဖျတ်လွင့်နေ၏။

ဆိုလည်းဆို မမောမပန်းလည်း ကပြီးသည်နှင့် စင်ပေါ် သို့ လက်ခုပ်သံများ ဝေါခနဲရောက်လာသည်။ ယဉ်ကျေးဝေ အတွက် ကျေနပ်သောခံစားမှုနှင့်အတူ သူ့ရင်သည် ဝမ်းသာမှု အဟုန်ကြောင့် တလှိုက်လှိုက်ခုန်တက်နေ၏။

ကတ္တီပါကားလိပ်ကို ပြန်ချပြီးနောက် မီးများဖျတ်ခနဲ လင်းလာသည်နှင့် ယဉ်ကျေးဝေနားသို့ သူ အပြေးကလေးရောက်





အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ယဉ်ကျေးဝေက သူ့ကို မြင်မြင်ချင်း…

'ကိုတိုး ယဉ်ကျေးဆိုတာက ကောင်းရဲ့လားဟင်'

'ကောင်းတာထက်ကို ပိုကောင်းနေတယ် ယဉ်ကျေး'

'ဟယ်… အဲဒါကတော့ တကယ့်ကို သိသိကြီးမြှောက်တာ'

သူနှင့် ယဉ်ကျေးဝေ ပြိုင်တူရယ်လိုက်ကြသည်။

ရယ်သံမဆုံးသေးခင်မှာ ဆရာဦးချစ်စိန် သူတို့အနားသို့ ရောက်လာပြီး…

'ယဉ်ကျေးဝေ အပြင်မှာ သမီးကိုတွေ့ချင်လို့တဲ့။ အမျိုးသမီးကြီးတစ်ယောက် ရောက်နေတယ်'

'ဟုတ်လား ဆရာ၊ ယဉ်ကျေး သွားတွေ့လိုက်ဦးမယ်'

'ကိုတိုးပါ လိုက်ခဲ့ရမလား'

'လိုက်ခဲ့လေ ကိုတိုး'

ယဉ်ကျေးဝေက သူ့ကိုပါခေါ်ပြီး စင်နောက်ဘက်သို့ ထွက်လိုက်သည်။

'ဟင်… မေမေ'

ယဉ်ကျေးဝေမျက်နှာ ကွက်ခနဲပျက်ပြီး ထိတ်လန့်တုန်လှုပ်မှုကို သူမထံမှာ တွေ့လိုက်ရသည်။

'လာစမ်း… နင် ငါ့နားကိုလာစမ်း မိဝေ'

ယဉ်ကျေးဝေမေမေ၏မျက်နှာမှာ ဒေါသရောင်တွေ ပြေးတက်နေ၏။





'နင့်ကို မကရပါဘူး၊ မဆိုရပါဘူးလို့ အတန်တန်ပြောထားရက်နဲ့ ဒီအလုပ်ကို ညည်းက သိပ်လုပ်ချင်တယ်ပေါ့ ဟုတ်လား၊ ပြောစမ်း… ငါ့ကိုပြောစမ်း'

ဒေါသတကြီးအော်ဟစ်ပြီး ယဉ်ကျေးဝေ၏ပုခုံးကို တအားလှုပ်ယမ်းသည်။

'ငါကတော့ လောကအလယ်မှာ ခင်တွယ်စရာ၊ မြတ်နိုးစရာရယ်လို့ မျှော်ထားမတတ် ညည်းကိုချစ်လိုက်ရတာ၊ ခုတော့ ညည်းက ငါ့စေတနာတွေ မေတ္တာတွေအားလုံးကို စော်ကားလိုက်ပြီပေါ့၊ ငါ တစ်သက်လုံး မုန်းတီးနာကြည်းလာတဲ့ အနုပညာကို ညည်းက အသက်ပြန်သွင်းပြီး ငါ့အသည်းနှလုံးကို ချေမွပစ်လိုက်တော့မယ်ပေါ့'

ယဉ်ကျေးဝေ သူ့အမေကို ကြည့်သည့်အကြည့်တွေက အေးစက်နေပါ၏။

'ကတာ ခုန်တာ၊ ဆိုတာ တီးတာ မကြိုက်ပါဘူး၊ မကြိုက်ပါဘူးလို့ တဖွဖွပြောနေတဲ့ကြားက ကြည့်စမ်း လူတွေရှေ့မှာ ညည်း နောက်ကို ကဦးမလား မိဝေ၊ ဟင်း… ညည်း နောက်ကို ကဦးမှာလား၊ ပြောစမ်း… ငါ့ကိုပြောစမ်း'

'သ… သမီး၊ မ… မကတော့ပါဘူး မေမေ'

'ကဲဟယ်… ဒီလောက်တောင် ကချင်လှတာ'

'ဖြန်း…'

'အို…'



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးဝေတော့ မသိ။ သူ့မျက်လုံးထဲမှာ မြင်လိုက်ရသောမြင်ကွင်းကြောင့် အရောင်တွေ ဖြာခနဲ ဖြာဆင်းသွားသည်။

'အဲဒါ ညည်းမှတ်ထား၊ လာ... အခု ညည်း ငါနဲ့လိုက်ခဲ့'

သူ ဘာမှမတတ်နိုင်ခဲ့။

ယဉ်ကျေးဝေ သူ့အမေဆွဲခေါ်ရာနောက်သို့ ပါသွားသည်။

သူ မင်းသက်ဗွာရပ်နေတုန်းမှာ ဆရာဦးချစ်စိန်အနားသို့ ရောက်လာသည်။

'ဘာဖြစ်တာလဲ မောင်ညီတိုး'

သူကြားသမျှ မြင်သမျှကို ဆရာ့ကို ပြန်ပြောပြလိုက်သည်။

'အဲဒါပေါ့ မောင်ညီတိုးရာ၊ အနုပညာသမားတိုင်းမှာ သောကနဲ့မလွတ်တဲ့ ဒဏ်ရာဒဏ်ချက်လေးတွေ ရှိတတ်ကြတယ်ဆိုတာ'

သူ့တစ်ကိုယ်လုံးမှာ အင်အားတွေမရှိတော့ဟု ထင်လိုက်မိပါသည်။

✣ ✣ ✣





(၁၈)

## ကိုတိုးနဲ့ မေသက်

*အားလုံးကို ယဉ်ကျေး နှုတ်ဆက်ခဲ့ပါတယ်။ ယဉ်ကျေးနဲ့ မေမေ ဒီမြို့ကနေ အဝေးကြီးကိုပြောင်းသွားကြပါပြီ။ ယဉ်ကျေးလေ ယဉ်ကျေးရဲ့ အချစ်ဆုံး၊ အခင်မင်ဆုံး သူငယ်ချင်းနှစ်ယောက်ကို ဘယ်တော့မှမခွဲဘူးလို့ စိတ်ဆန္ဒတွေရှိခဲ့ပေမယ့် အန်လာတဲ့ ကံကြမ္မာတွေကြောင့် မေမေနဲ့အတူ ယဉ်ကျေး တစ်မြို့တစ်ရွာကို ပြောင်းသွားခဲ့ပါပြီ။*

*ကံမကုန်လို့ ပြန်ဆုံတဲ့အခါကျမှ ယဉ်ကျေးတို့သူငယ်ချင်းသုံးယောက် ပျော်ပျော်ရွှင်ရွှင်နေကြရအောင်နော်။*

*ခုတော့...*

*ကိုတိုးနဲ့ မေသက်ကို လွမ်းနေရတော့တယ်။ ယဉ်ကျေးအတ်မှုးတဲ့ ကဗျာလေးတစ်ပုဒ်လိုပေါ့။*



www.burmeseclassic.com

www.burmeseclassic.com



*အိပ်စက်လေးကို မေးကြည့်ပါလား။*

*စားစားသွားသွား နားနားနေနေ*

*အရိပ်တွေဖြန့်၊ စိတ်တွေလန့်ကြောက်*

*တစ်ခါတစ်ခါ ဆုံဖြစ်ပါရင်*

*စခွဲမခွာ၊ သစ္စာမြဲလို့*

*ပျော်ပွဲလေးတွေ ဆင်ကြစို့။*

*ဆိုတဲ့ ကဗျာလေးပါ၊ တို့များ ပြန်တွေ့ကြမှ ပျော်ကြမယ်။ ပြန်တွေ့မယ့်ရက်ကို ယဉ်ကျေး လက်ချိုးစောင့်နေပါ့မယ်။*

*ထာဝရ သတိရနေမယ့်*

*ယဉ်ကျေး*

စာကိုဖတ်ပြီး မေသက်က သူ့မျက်နှာကို လှမ်းကြည့်သည်။

'ယဉ်ကျေးတို့ ဘာပြဿနာဖြစ်လဲမသိဘူး ကိုတိုး၊ မြန်းစားကြီး ပြောင်းသွားပုံထောက်တော့ တစ်ခုခုတော့တစ်ခုခုပဲ'

သူက ခေါင်းကိုခါယမ်းပြီး-

'ကိုတိုး ဘယ်သိပါ့မလဲ မေသက်ရယ်၊ ဒီစာကိုတောင် အိုးစည်လာပေးလို့ ဖတ်ရတာ'

စိတ်ဖလှူးမန်းရနံ့ကို ရနေသည်။ လွင့်နေသောအာရုံထဲမှာ ယဉ်ကျေးဝေ၏ သီချင်းသံကို ကြားနေ၏။

အဝေးဆီသို့ သူ၏အကြည့်ငေးများ ရောက်သွားသည်။

မေသက်ကလည်း ငြိမ်သက်စွာတည်ရှိနေ၏။





အတွေးကိုယ်စီမှာ သောကတွေတော့ ရှိနေကြသည်။

'လူဆိုတာ အမြဲထာဝရ ဆုံစည်းနေကြရမှာ မဟုတ်သလို ပျော်ရွှင်ခြင်းဆိုတာလည်း အချိန်တိုင်းမှာ ဘယ်ရှိပါ့မလဲ ယဉ်ကျေးရယ်၊ ခွဲချိန်တန်လို့ ခွဲကြရတဲ့အဖြစ်မျိုးပေမယ့် ကံကြမ္မာကိုတော့ ရက်စက်လွန်းတယ်လို့ ကိုတိုးထင်ပါတယ်'

သူ့အတွေးထဲမှာ စကားလုံးတွေ ပေါက်ကွဲနေ၏။

နွေရောက်တော့မည်ဖြစ်သဖြင့် ဥသြငှက်ကလေးများ၏ တေးအလွမ်းကို ကြားစပြုနေရပြီ။

ဩော်… သတိရနေပါတယ် ယဉ်ကျေးဝေရယ်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

'ယခု ကြွချီတော်မူလာတာကတော့ သတိုးမဟာပုတ္တ၊ ဒွေးခရုအောင်ချာ၊ အနောင်ပိန့်၊ သာခွေလိန့်ပဲ ဖြစ်ပါတယ်ခင်ဗျား'

ဝါးခန့်ရယ်သံများကြားမှာ ပြုံးတုံးပြုံတဲဖြစ်သွားသော အိုးစည်၏ မျက်နှာအမူအရာကြောင့် သူ ရယ်ချင်စိတ်ကို မနည်းချုပ်တီးထားရသည်။ အရှည်ကြီးက အခန်းထဲဝင်လာရာ တံခါးပေါက်ရှေ့ရှိ ခုံပေါ်တွင် အကျအနဝင်ထိုင်ရင်း ဘွဲ့အမည်နာမများကို တစ်ခုချင်း ရွတ်ဖတ်သရဇ္ဈာယ်နေ၏။

'ယခု ကြွချီတော်မူလာတာကတော့ ငယ်မည်ချိုးပေ၊ မရပ်မနေရင်း ခွေးသားစားလိုက် ချေးတုံးကိုက်၍ ခွေးတို့၏သခင်ကိုကြွေးတင်ပဲဖြစ်ပါတယ် ခင်ဗျား'

စောစောကနည်းတူ ရယ်သံများ ပွက်ပွက်ညံသွား၏။

ဘုမသိ ဘမသိ ဝင်လာသော ပေါ်တူဂီ (နာမည်အရှင်း ခင်မောင်ချိုဦး)သည်လည်း အူကြောင်ကြောင်နှင့် အခွေတခ်ရှု ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… အရှည်ကြီး၊ မင်းအလှည့်ကျမှ မျက်စိလေး ပေကလပ် ပေကလပ်နဲ့ မိန်းမ လင်ငယ်နောက်လိုက်သွားတဲ့ပုံစံမျိုး မဖမ်းနဲ့၊ ငယ်ထိပ်ကို ဖနောက်နဲ့ အပေါက်ခံရမယ်မှတ်'

အိုးစည်က အားလုံးကြားအောင် လှမ်းအော်၏။ ရယ်သံတွေ ထွက်လာပြန်သည်။ အိုးစည်က သူနှင့် 'အ·ထ·က' ကတည်းက အတူတူနေခဲ့သူမို့ ဒီကောင့်အထာကိုတော့ သူက နောကျေနေအောင် သိပြီးဖြစ်သည်။ အရှည်ကြီးနှင့် ပေါတူဂီက တက္ကသိုလ်ရောက်တာတောင် ဒုတိယနှစ်ဝက်လောက်မှ ခင်မင်ကျွမ်းဝင်ခဲ့သူတွေ။ သို့သော်လည်း ငယ်ပေါင်းများလို တစ်ယောက်နှင့်တစ်ယောက် ပြောမနာ၊ ဆိုမနာ၊ ဆဲမနာ။

သူတို့ ရယ်မောဟားတိုက်နေရင်းမှ မေသက်ပြောသည့် စကားများကို သူ့နားမှာ ကြားယောင်လာ၏။

'ကိုတိုးနော်… ကျောင်းမှာ ငါတစ်ယောက်တည်းဆိုပြီး ထင်ရာဆိုင်းမယ်တော့ မကြံနဲ့၊ သတင်းက ချက်ချင်းလွင့်လာမှာပဲ၊ မေသက်ကို လှည့်ဖို့ ပတ်ဖို့ ဘယ်တော့မှ မကြိုးစားနဲ့၊ ဘာညာသံကြားရင် ကိုတိုးနဲ့ သေခန်း ရှင်ခန်းအပြတ်ပဲ'

ဆေးတက္ကသိုလ်မှာ တက်နေသည့် မေသက် သူ့ကို ပြောခဲ့သည့်စကား။

ပြီးတော့ ဖေဖေ့စကားသံကိုလည်း ကြားနေပြန်သည်။

'သားဝါသနာက ဖေဖေ့ဝါသနာနဲ့ ထပ်တူထပ်မျှဖြစ်နေ





တာကို ဖေဖေ ကျေနပ်ပါတယ်၊ သားကို အောင်မြင်တဲ့ဂီတာအနုပညာသမားတစ်ယောက် ဖြစ်စေချင်တာ ဖေဖေ့ဆန္ဒအမှန်ပဲ၊ ဒါပေမဲ့ သားမှာ ဘွဲ့တစ်ခုရှိဖို့တော့ လိုအပ်တယ်၊ ခုခေတ်က ပညာခေတ် မဟုတ်လား၊ ဟိမဝန္တာရဲ့ တောနက်ထဲမှာနေတဲ့ လူတစ်ယောက်အတွက် ဘီအေတွေ ဘီအက်စ်စီတွေ မလိုပေမယ့် မြို့ပြမှာနေတဲ့ သားအတွက်တော့ အထူးလိုအပ်တယ်လို့ ဖေဖေ ထင်တယ်၊ ကြိုးစားပါ သားရယ်၊ သားနောက်မှာ ဖေဖေရှိတယ်'

ဖေဖေကတော့ သူ့ကို သည်သို့အားပေးသည်။ မေသက်ကတော့ သူ့ကိုတွေ့တာနဲ့ ရှုံ့ချပြီး ဆန့်ကျင်မြဲ

'ဘာအနုပညာသမားလုပ်မှာလဲ ကိုတိုး၊ ကိုယ့်ဘာသာကိုယ် ဘွဲ့တစ်ခုခုရအောင်လုပ်ပြီး ဌာနတစ်ခု၊ ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်တာကမှ ထမင်းနပ်မှန်အောင် စားရဦးမယ်၊ ဒီပုံအတိုင်း ဆက်လျှောက်နေရင်တော့ တစ်နေ့ကျမှ နောင်တအကြီးအကျယ်ရလိမ့်မယ်'

သူ ရယ်သာနေခဲ့သည်။ ထိုစဉ်က ချေပဖို့လည်း သူ မကြိုးစားခဲ့ပေ။

'ဟော့ကောင် ညီတိုး၊ ပြည်သူက လက်ခံတဲ့ အနုပညာသမားဆိုတာ စီးမျောနေတဲ့ ခေတ်ရဲ့ရေစီးကြောင်းကို နားမလည်ဘဲ ကိုယ်ထင်ရာကိုယ်စိုင်းပြီး လျှောက်လုပ်နေရင် အဲဒီလူဟာ ဘယ်တော့မှ ပြည်သူလက်ခံတဲ့ အနုပညာသမားတစ်ယောက် ဖြစ်နိုင်ဘူးကွ၊ မင်းတို့ ငါတို့က တေဘုမ္မာခေတ်က ပတ်ရှိုး



www.burmeseclassic.com

www.burmeseclassic.com



သွေး၊ ယိုးဒယားတွေ၊ သီချင်းကြီး သီချင်းခံ့တွေကို ပြန်လည်ဖော်ထုတ်နေဖို့ မလိုတော့ဘူး၊ ဒါတွေကို ယဉ်ကျေးမှုထိန်းသိမ်းရေးက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ လုပ်လိမ့်မယ်၊ အေး… တို့အလုပ်က တိုးတက်ခေတ်မီနေတဲ့တေးစုတွေ ဖန်တီးဖို့၊ ခေတ်အမြင်ခေတ်အတွေးပါတဲ့ အနုပညာကို ခေတ်တစ်ခေတ်ရဲ့ ကြေးမုံကားချပ်အဖြစ် အသက်သွင်းကမ္ပည်းထိုးထားခဲ့ဖို့ပဲ'

တက္ကသိုလ်အနုပညာအသင်းမှ တင်မောင်ဦးအသံ သူ့နားထဲမှာ အခါမလပ် ရိုက်ခတ်ပဲ့တင်ထပ်နေဆဲ။

တွေးပြီး သူပြုံးနေဆဲမှာ အရှည်ကြီးအသံက နားဆီသို့ဖြတ်ဝင်လာ၏။

'ကဲ… ညီတိုး၊ အဖွဲ့စုံပြီ၊ ကင်တင်းသွားပြီး မျိုကြဆို့ကြရင်ကောင်းမယ်၊ ဘယ်လိုလဲ'

'ကောင်းသားပဲ'

'ကဲ… ကိုယ့်လူတို့ ကိုယ့်အိတ်ကပ်ထဲမှာရှိနေတဲ့ ငွေစက္ကူလေးတွေကို မလျှို့ဝှက်ဘဲ စုပေါင်းစနစ်နဲ့ လက်ဖက်ရည်ဆိုင်ကို ချီတက်ကြပါစို့'

ပေါ်တော်တော် ချာတာတာနိုင်သော အရှည်ကြီးက ဦးဆောင်ပြီး သူတို့ အခန်းထဲကထွက်ခဲ့ကြသည်။

လမ်းမှာ မမျှော်လင့်ဘဲ မေသက်ကို တွေ့လိုက်ပါ၏။

✣ ✣ ✣



(၂၀)

'ကျောင်းတက်တဲ့ရက်တွေမှာ မပျော်ခဲ့တာ နှစ်နဲ့ကိုချီနေပါပြီ ကိုတိုးရာ၊ ဘာဖြစ်လို့လဲဆိုတော့ အနားမှာ ကိုတိုးမှမရှိတာလေ'

သူက ရယ်၍-

'မေသက်ကလည်း ကလေးကျနေတာပဲ၊ ညတိုင်းလည်း မေသက်နဲ့ ကိုတိုး တွေ့နေတာပဲဟာ'

'အထက်တန်းကျောင်းသူကျောင်းသားဘဝကလို အနားမှာတော့ ရှိနေစေချင်တာပေါ့ ကိုတိုးရာ၊ နောက်ပြီး ကျောင်းကကောင်တွေက မေသက်ကို လိုက်လိုက်စတယ် ကိုတိုးရာ၊ မေသက်သာ ရုပ်ရှင်ရိုက်ရင် ယနေ့ ထင်ပေါ်နေတဲ့ မင်းသမီးတွေထိုင်ငိုသွားရမယ်တဲ့၊ မေသက်က အဲသလောက်လည်း မချောပါဘူးနော်'

ပြောပြီး မေသက်က ရှက်ရယ်ကလေးရယ်၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ အရှမ်းမှန်ကန်တဲ့စကားပဲ'

'တကယ်'

မေသက်မျက်နှာ ဝင်းဝင်းကလေးဖြစ်သွား၏။

သူပြုံးနေတော့…

'ကိုတိုး မပင့်နဲ့နော်၊ စကားကို အမှန်အတိုင်းပြော'

'မေသက် မိုနာလီဇာကို မြင်ဖူးလား'

'ဟင့်အင်း'

'ဥမ္မာဒန္တီ'

'နိုး… နိုး'

'ကလီယိုပက်ထရာရော'

'လုံးဝမမြင်ဖူးဘူး'

ခေါင်းတခါခါပြောရင်း မေသက် ပျော်နေသည်ကို သူသိ၏။

'ဆင်ဒရယ်… မစ်(ဒ်)ရှိုင်း'

'တဏှာသိုလ်ဂွမ်းပုံပဲသိတယ်'

ရယ်ရင်းနှင့် လက်ညှိုးကို အကြမ်းပန်းကန်ပြားလေးထဲ နှစ်ပြီး ခုံပေါ်မှာ သူ့နာမည်ကို ရေးနေသည်။

'ထားပါ… အဲဒါတွေ မကြားဖူးရင် မြန်မာပြည်က အလှဆုံးကောင်မလေးတစ်ယောက်ရဲ့ နာမည်ကိုမေးမယ်'

'မေး'

'မေသက်'





'အင်'

စဉ်းစားသလိုလုပ်ပြီးမှ…

'ဟာ… မဟုတ်ပါဘူး ကိုတိုးရာ၊ မဟုတ်ပါဘူး'

မေသက်မျက်နှာမှာ ရှက်သွေးတွေ ဝိုလို့ဖြာသွားပါ၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

'ဒါဆို ဒီကိစ္စလုပ်ဖို့ ကိုတိုး ဆုံးဖြတ်ပြီးပြီပေါ့၊ ဆုံးဖြတ်ချက်ကို ကိုတိုး မပြင်တော့ဘူးပေါ့'

မေသက်အသံ ဆတ်ဆတ်တုန်နေ၏။ မေသက်၏ လှုံ့ဆော်နေသော မျက်မှောင်တန်းကလေးသည် သူ့ရင်ထဲက မကျေနပ်မှုကို အတိအကျဖော်ပြနေသည်။

'မေသက်ရယ်… ဒါဟာ ကိုတိုးရဲ့ ယုံကြည်ချက်နဲ့ ဆုံးဖြတ်ချက်ပဲဟာ၊ ဘယ်လိုလုပ်ပြင်နိုင်မှာလဲ'

အကြည့်ရူးရူးက သူ့ကိုယ်ပေါ် ကျလာသည်။

'သွား… သွား… အဲဒါတွေ လျှောက်လုပ်နေရင် ကိုတိုးနဲ့ မေသက် သေခန်းပြတ်ပဲ၊ ကိုတိုးက လူအထင်မကြီးတဲ့၊ ငတ်မယ့်အလုပ်တွေကိုမှ ဝါသနာပါတာကိုး'

သည်စကားကတော့ သူ့ရင်၏ အနက်ရှိုင်းဆုံးနေရာကို ထိမှန်သည်။





'ယုံကြည်ချက်ကိုတော့ မစော်ကားပါနဲ့ မေသက်၊ ကိုတိုးရဲ့ ခံယူချက်တွေဟာ ဘယ်သူ့ကိုမှ စော်ကားထိခိုက်မှု မရှိဘူး၊ ကိုတိုးငယ်ငယ်လေးကတည်းက ဖြစ်ချင်တဲ့ဆန္ဒ၊ ဖေဖေ ဟာ ကိုတိုးငယ်ငယ်က သူ့စောင်းကောက်ကြီးကို ရိုက်ချိုးမစ် ခဲ့ဖူးပေမယ့် ကိုတိုးရဲ့ဝါသနာကို မတားဘူး၊ အားပေးတယ်၊ လုပ်သင့်လုပ်ထိုက်တဲ့အချိန်မှာ လုပ်တာ အကောင်းဆုံးပဲလို့ ဆုံးဖြတ်ချက်ချပြီး မေသက်ကို တိုင်ပင်ကြည့်တာပါ'

'မေသက်ကတော့ အားမပေးဘူး ကိုတိုး'

သူ ပင့်သက်ကို ဖွဖွချသည်။

တစ်ဖက်ဝိုင်းမှာ သူ့စကားအပြတ်ကို ထိုင်စောင့်နေသော အရှည်ကြီးတို့အဖွဲ့ဆီမှ ရယ်သံတစ်ချက်ကို ကြားရ၏။

'မေသက်'

'ပြောပါ'

'ကိုတိုးရင်ထဲမှာ မျှော်လင့်ချက်တွေ အများကြီးရှိတယ်'

'အားလုံး သည်လိုပါပဲ'

'အချိန်အခါဆိုတာ လူတစ်ယောက်ရဲ့ စိတ်ဓာတ်နဲ့ အသည်းနှလုံးကို ပြောင်းလဲပစ်နိုင်စွမ်းရှိတယ် မေသက်'

သူ့မျက်နှာကို မေသက်က မော့ကြည့်၏။

'ခု ကိုတိုးက ပြောင်းလဲနေပြီပေါ့'

သူက ရယ်လိုက်ပြီး-

'မပြောင်းလဲဘူးလို့ တရားသေစိတ်နဲ့ ကိုတိုး မငြင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ တို့နှစ်ယောက်က ဆုတောင်းပြည့်စေတီနားမှာ လက်ပံပွင့်ကြွေတွေ အတူကောက်ကြရတဲ့အရွယ်လည်း မဟုတ်တော့ဘူး'

'ဒီစကားကို ဘယ်လိုရည်ရွယ်ချက်နဲ့ ကိုတိုး ပြောတာလဲ၊ မေသက် သိချင်တယ်'

မေသက် မျက်လုံးအစုံက အဖြေတစ်ခုကို မျှော်လင့်တကြီး စောင့်စားနေဟန်တူ၏။

နှုတ်ကမထွက်ဟုထင်ထားသောစကားကို သူပြောဖြစ်လိုက်သည်။

'ကိုတိုးနဲ့ မေသက် အနေအထိုင် အသွားအလာက အစ ဆင်ခြင်ရတော့မယ်'

'ဘာရယ်...'

သူ ခေါင်းကို ငိုက်စိုက်ချလိုက်၏။

မေသက်ထံမှ ရှိုက်သံ နားထဲပြေးဝင်လာသည်။

သူ အံကို တင်းတင်းစေ့လိုက်၏။

သည်စကား၏အဓိပ္ပာယ်ကို မေသက် တစ်နေ့ သိပါလိမ့်မည်။

✣ ✣ ✣



(၂၂)

'စိတ်ညစ်တယ်ကွာ၊ ဘာတွေကို ဘယ်လိုဆက်ပြီး လုပ်ရမယ်မှန်းတောင် မသိတော့ဘူး'

အရှည်ကြီးတို့အဖွဲ့က သူ့ကိုကြည့်ပြီး မျက်ခုံးတွန့်ကြသည်။ သူက ဆေးပေါ့လိပ်ကို ခပ်ကြမ်းကြမ်းဖွာလိုက်၏။

'ရည်းစားလိုချင်ရတာလည်း သူ့အပြင် နှစ်ယောက်မရှိဘူး၊ ပြောပါဆိုတော့လည်း ခွေးအကြီး လှည်းနင်းထားတဲ့အတိုင်း ခင်း···ာင့်ခက်တယ် ညီတိုးရေ၊ မင်း သိပ်ခက်သေးတယ်'

ပြောပြီး အရှည်ကြီးက ခေါင်းကို တဗျင်းဗျင်းကုတ်၏။

'ကောင်မလေးက ငယ်ငယ်လေးကတည်းက သူ့ကို ရေရေလည်လည်ကြင်နာခဲ့တာ ကိုယ့်လူ၊ ဒါပေမဲ့ ငနဲက ငါတော် ပြောက်ဆယ်လောက်ရတဲ့ ပုဂ္ဂိုလ်ကြီးလို အိုက်တင်ခွတ်ခံနေတာ ... ကောင်မလေး မလာတော့မှ ဆွေးသွားတာ၊ ကောင်းသယ် ... ဒီထက်ဆွေးရဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



အိုးစည်က ခါးကြောတစ်ချက်ဆန့်သည်။ ပြီးမှ…

'မင်းတို့က ဒီကောင့်အကြောင်းကို ဘာသိလို့လဲကွ၊ ဒီကောင်က ရန်ကုန်ရောက်ကတည်းက ယဉ်ပွေး၊ ယဉ်ပွေးနဲ့ တစ်ပွေးတည်းပွေးနေတာ'

'ယဉ်ကျေးပါကွာ၊ ယဉ်ပွေးမဟုတ်ပါဘူး'

ရယ်သံတွေ ပွင့်ထွက်သည်။

'ဩော်… အေး… ယဉ်ကျေး၊ ယဉ်ကျေး၊ အဲဒီ ယဉ်ကျေးနာမည်ကို တသသတမ်းတပြီး မအိပ်နိုင် မစားနိုင် မျောက်မှိုင်မှိုင်နေတာ၊ ဆေး-၂ က မေသက်ဆိုတာက ငါနဲ့ ပေးစားဖို့ ဒီကောင် အတွင်းကြိတ် ကြိတ်စီစဉ်နေတာကွ'

သူ အရှည်ကြီးကို အသံမဲ့ဆဲလိုက်၏။

'သံယောဇဉ်ဆိုတာ အသိရခက်တဲ့အရာလေးတစ်ခုပဲ ကွ'

အိုးစည်က ဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူလိုက် ပြီး…

'ဘာအသိရခက်တာလဲ'

'မင်းတို့ပဲ စဉ်းစားကြည့်ကြလေကွာ၊ ဒီကောင့်ဇာတ် လမ်းက ဘာများထူးဆန်းလို့လဲ၊ မေသက်နဲ့ ဒီကောင်နဲ့က ငယ် သူငယ်ချင်း၊ သူတို့ ရန်ကုန်ပြောင်းလာတယ်၊ ယဉ်ကျေးဝေနဲ့ ဆုံတယ်၊ မေသက်ရော ယဉ်ကျေးဝေကပါ သူ့အပေါ် သံယောဇဉ် ကြီးတယ်၊ နောက် အကြောင်းအမျိုးမျိုးနဲ့ ယဉ်ကျေးဝေတို့သား





အမိ ခြေရာပျောက်သွားတယ်၊ ကဲ… ဘယ်လောက်ရိုးစင်းတဲ့ ဇာတ်လမ်းလဲလို့'

ရိုးစင်းသော်လည်း ဇာတ်လမ်းက မပြီးသေး။

'မင်းတို့ကတော့ ထင်ကြမယ်၊ ဝတ္ထုတွေ ရုပ်ရှင်တွေ ထဲကလို ငယ်သူငယ်ချင်းနှစ်ယောက်ကြီးလာတော့ တစ်ယောက် တကွဲစီဖြစ်၊ နောက်ပြန်တွေ့ကြ၊ သမီးရည်းစားဖြစ်၊ ပျော်ရွှင် စွာဇာတ်ပေါင်း၊ ကဲ… ဘယ်လောက်ရိုးစင်းတဲ့ ဇာတ်လမ်းလဲ လို့၊ ခု ဒီကောင့်ဇာတ်လမ်းက ဒါမျိုးမဟုတ်ဘူး'

'ဒါဆို သူ့ဇာတ်လမ်းက ဘယ်လိုဖြစ်နေလို့လဲ'

'ဒီကောင့်မေးကြည့်'

သူ့ကို ဝိုင်းကြည့်ကြပြန်၏။ သူက လက်ထဲက ဂစ်တာ ကို ပေါ်တူဂီကို ကမ်းပေးရင်း…

'အဲဒါကြောင့်မို့ မင်းတို့ကို ငါပြောနေတာပေါ့ကွ၊ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတယ်လို့၊ တကယ်ဆို ငါ့အပေါ် မှာ တစ်သက်လုံး ကောင်းလာခဲ့တဲ့ မေသက်ကို ငါ့နှလုံးသား က လက်ခံတယ်၊ မေသက်ကိုပဲ ဦးစားပေးသင့်တယ်၊ ဒါပေမဲ့ နောက်ဆုံး အဖြေထွက်လာတာက သူနဲ့ပတ်သက်သမျှအရာတိုင်း ကို နောက်ဆုတ်လိုက်ဖို့ပဲ'

မေသက်ကို အတွေးမှာမြင်သည်။ စိတ်တစ်ခုလုံးလည်း ခင်ပန်းနွေး၏။ နောက်ပြီး ဖေဖေပြောခဲ့သောစကားကို ပြန်ကြား ၏။



www.burmeseclassic.com

www.burmeseclassic.com



'သား မေသက်တို့ခြံကို ခဏခဏသွားလည်တယ်လို့ သုဇာ့အိမ်က ဒရိုင်ဘာကိုငွေသိန်းပြောတယ်၊ ဟုတ်လား သား'

သူ မငြင်းခဲ့။ ခေါင်းကိုသာ ညိတ်ပြသည်။

'ကိုငွေသိန်းက ဖေဖေ့ကို ပြောနေတယ်၊ သား သူတို့အိမ်ကို လည်ပတ်တာနဲ့ပတ်သက်ပြီး မေသက်အဖေက အမြင်မကြည်လင်ဘူး ဖြစ်နေတယ်တဲ့၊ သား ဝင်တာထွက်တာကို သိပ်မကြိုက်ချင်တော့တဲ့ပုံစံတဲ့'

ဖေဖေ့စကားကို ကြားစက သူ့နားကိုပင် သူမယုံ။

'အဲဒီတော့ ဖေဖေ တွေးမိတယ်၊ သားနဲ့ မေသက်ဟာ အရင် ငယ်ဘဝကလို နေလို့ထိုင်လို့ မရတော့ဘူး၊ နောက်ပြီး မေသက်ဖေဖေ အစ်ကိုကြီးထွန်းပိုင် ရာထူးတွေ အဆင့်ဆင့်တက်ပြီး အဆင့်အတန်းမြင့်မားသွားမှုတွေဟာ သူတို့အိမ်ကို သား ဝင်ထွက်တာနဲ့ပတ်သက်ပြီး အကြီးမားဆုံး ဟန့်တားလိုက်တဲ့အချက်တွေပဲ၊ ဒီတော့ သားရဲ့ ဆက်ဆံမှုတွေကို ဆင်ခြင်ပါ၊ လူကြီးပီပီ တစ်ဖက်လူညှိနဲ့ တိုင်တာတန်းတာမျိုး ဖေဖေ လုံးဝမကြားချင်ဘူး'

သည့်နောက်ပိုင်းမှာ မေသက်နှင့် ပတ်သက်သော သံယောဇဉ်များကို ဖြတ်တောက်ပစ်နိုင်အောင် သူကြိုးစားခဲ့သည်။ အနှစ်နှစ်အလလက ထားခဲ့သော သံယောဇဉ်တွေကို ဖျက်ဆီးချေမွပစ်ခဲ့သည်။

'မင်းဟာက ဘာဆိုင်လို့လဲ ညီတိုး၊ မေသက်မှာ ဘာ





အပြစ်မှမရှိဘူးလို့ထင်တယ်၊ မင်းဘက်က ရက်ရက်စက်စက်ပြုမူလိုက်တာကို တစ်ဖက်မှာ ဘယ်လိုခံစားသွားရမယ်ဆိုတာ မင်းထည့်တွက်ဖို့ကောင်းတယ်'

'အခြေအနေက ဒီလိုပဲလုပ်ဖို့ ဖန်တီးလာတာကိုးကွ'

သူ့ရှင်းချက် မပီပြင်ဟု သူငယ်ချင်းများကတော့ ထင်လိမ့်မည်။ သို့သော် သူနှင့် မေသက်ကြားတွင် မသိမသာပြောင်းလဲလာသော ကံကြမ္မာ၏လှည့်စားမှုများကြောင့် မေသက်နှင့် သူ ကျောခိုင်းခွဲခွာခဲ့ရသည်။

သြော်... မေသက်ကိုပြောပြဖို့ စကားတွေ သူ့ရင်ထဲမှာ အများကြီးရှိနေပါသေးတယ်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

တက္ကသိုလ်၏ စာသင်ရက်များ ပြေးပြေးလွှားလွှားကုန်ဆုံးသွားပြီးသည့်နောက်ပိုင်း သူ့ဘဝကို အထီးကျန်သလို ခံစားရသည်။ မေသက်သတင်းကိုတော့ မကြာခဏဆိုသလို သူကြားနေရပါ၏။

မေသက်မှာ ချစ်သူမရှိသေးဆိုသည့် စကားအပေါ်မှာ သူ ဘာလို့ ဝမ်းသာနေရတာလဲဆိုသည့်အဖြေကို သူ ရဲရဲဝံ့ဝံ့ မရှာမိ။

သူ ဆေးဘက်သွားပြီး မေသက်ကို ရှာပါသေးသည်။

တွေ့သော်လည်း မေသက်သည် အပြောင်းအလဲကြီး ပြောင်းလဲနေခဲ့၏။

သူ့ကို မမြင်ဟန်ပြုကာ တစ်ဖက်သို့ ရှောင်ထွက်သည်။ လေးကြိမ်မြောက်မှာတော့ မေသက် သူ့ကိုမရှောင်နိုင်တော့။

'မေသက်'





သူ့ကို ရှောင်ထွက်မည်အပြုမှာ သူက မေသက်၏ လွယ်အိတ်ကို ဆတ်ခနဲလှမ်းဆွဲမိလျက်သားဖြစ်သွားသည်။

'သိပ်မစိမ်းနဲ့ မေသက်၊ နင်နဲ့ ငါက သူစိမ်းအနေထား မဟုတ်ဘူး'

သူ့အသံမှာ ဒေါသပါနေသည်လားကိုပင် ကိုယ့်ကိုယ်ကိုယ်မသိ။ မေသက် သိနိုင်လိမ့်မည်။

သူဆွဲထားသည်ကို မေသက်က ရုန်း၏။

'ကိုတိုးပြောမယ့်စကားကို နားထောင်ပါဦး'

'ဟင့်အင်း… ဘာမှမကြားချင်ဘူး၊ ဖယ်ပါ'

ပြောပြီး မျက်နှာကိုလွှဲသည်။ ကျောင်းသူတချို့က သူနှင့်မေသက်ကို စွေစောင်းကြည့်သွားကြ၏။

'လာပါ…တစ်ခုခုသောက်ရင်း စကားပြောရအောင်ပါ'

ပြောလည်းပြော၊ လွယ်အိတ်ကိုလည်း ခပ်တင်းတင်းဆွဲလိုက်သဖြင့် မေသက်ကိုယ်ကလေး အလိုက်သင့်ပါလာသည်။

သူ့ရင်ထဲမှာတော့ လှုပ်လှုပ်ရှားရှားကလေး ဖြစ်နေ၏။

✣ ✣ ✣

အအေးပုလင်းထဲမှ ဖယောင်းပိုက်ကလေးကို အသာစုပ်ယူလိုက်သည်။ လိမ္မော်၏အရသာက ရင်သို့တိုးဝင်အေးမြသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က အဖြစ်များသည် မည်သည့်နည်းနှင့်မျှ ပြန်သစ်ခြင်း ဖြစ်မလာနိုင်တော့။ အတိတ်တို့သည် ပစ္စုပ္ပန်၏ အခြားမဲ့ အဆုံး၌ ကျေပျက်ပျောက်ဆုံးခဲ့ပြီကို နှစ်ဦးစလုံးက နားလည်ထားကြသည်။

မေသက် မျက်နှာကို အမျှော်လင့်ဆုံးအင်အားဖြင့် လှမ်းကြည့်လိုက်မိ၏။ ငြိမ်သက်သောမျက်နှာပြင်၌ လှုပ်ရှားသော အရာသည် သွေးကြောမျှင်ကလေးများမှလွဲ၍ တခြားမရှိ။

'ကိုယ် ဘာကိုပြောရတော့မှာလဲ မေသက်၊ မေသက် ကိုယ့်အပေါ်မှာ နားမလည်နိုင်တာ ကိုယ်ဝမ်းအနည်းဆုံးပဲ'

ဖယောင်းပိုက်ကလေးကို ပုလင်းထဲမှာ လှည့်ကစားရင်း သူပြောသည်။ ကုန်ဆုံးပျောက်ကွယ်ခဲ့သော ကလေးဘဝ၏ သံယောဇဉ်ကာလ နေ့ရက်ကလေးများကို ပြန်တမ်းတမိ၏။

'မေသက် ဘာမှမပြောချင်ဘူး ကိုတိုး၊ မေသက်ရင်ထဲမှာ ပြောစရာစကားမကျန်တော့ဘူးလို့ ထင်တာပဲ'

'မေသက်ရင်ထဲမှာ မရှိပေမယ့် ကိုယ့်ရင်ထဲမှာရှိတယ်'

'အဲဒါ မေသက် ဘာလုပ်ပေးရမလဲ'

သူ ပင့်သက်ချပြီး…

'ကိုယ်ပြောမယ့်စကားတို့ မေသက် သိမှာပါ'

'ကိုတိုးရင်ထဲမှာ ပြောချင်နေတဲ့စကားတွေ မေသက်ရင်ထဲမှာ ရှိပြီးပြီဆိုရင်ကော'

သူ ခေါင်းကို ဆတ်ခနဲမော့လိုက်၏။





'မေသက် ဘာပြောတာလဲ'

'ခက်လှပါလား'

မေသက်က မခိုးမခန့်လေးရယ်သည်။ နှုတ်ခမ်းသား လေးထောင့်စွန်းမှာ သူမ၏မာနတွေရှိနေသည်ထင်၏။

'ကိုတိုးက အစွန့်ခံရသူမဟုတ်ဘူး၊ စွန့်လွှတ်သွားတဲ့ လူပါ၊ ကိုယ်စွန့်ထားခဲ့တဲ့ အရုပ်ကလေးတစ်ရုပ်ကို ရက်တွေ အများကြီးကြာမှ ပြန်ရှာနေရတယ်ဆိုရင် ကိုတိုး မောရမှာပေါ့'

သူ ငြိမ်သက်စွာ နားထောင်နေဆဲမှာ မေသက်က စကားကို ပြန်ဆက်သည်။

'တကယ်တော့ ဖေဖေဟာ မေသက်နဲ့ ကိုတိုးကြားမှာ နယ်မြေစည်းရိုးခတ်ပြီး တံတိုင်းခြားလိုက်တာ မှန်ပေမယ့် မေသက်ရင်ထဲက ရှိရင်းစွဲသံယောဇဉ်ကို ကိုတိုးစော်ကားခဲ့တယ်၊ မေသက် ထင်မှတ်မထားတဲ့အချိန်မှာ လုံးဝမမျှော်လင့်တဲ့ စကားကို ကိုတိုးပြောတယ်၊ ယောကျာ်းလေးတစ်ယောက်က အနေအထိုင်ဆင်ခြင်ဖို့ ပြောခံရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာ သုညကလွဲလို့ ဘာများရှိတော့မှာလဲ'

မေသက်စကားလုံးများကြားမှာ သူမွန်းကြပ်လာသည်။

မေသက်က အချိုရည်ကို စုပ်ယူလိုက်ပြီး သူ့မျက်နှာကို ခပ်စေ့စေ့ကြည့်သည်။ သူက အားကိုတင်းယူပြီး…

'မေသက်က ကိုယ့်မေသက်ပါ'

'တော်ပြီလို့ ထင်တယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူထင်မှတ်မထားသော အလုပ်တစ်ခုကို မေသက် လုပ်လိုက်၏။ ခံတ်ခနဲ မတ်တတ်ရပ်ပြီး သူ့ကို ကျောခိုင်းလှည့်လိုက်သည်။

'မေသက်… မေသက်'

သူ့အသံ လည်ချောင်း၌နစ်နေ၏။

ကျသင့်ငွေကိုရှင်းပြီး မေသက်နောက်သို့ အပြေးကလေး လိုက်သည်။

'မေသက် နေပါဦး'

အဝင်အထွက် ဂိတ်ဝတွင် မေသက်ကိုမီသည်။ သို့သော်လည်း မေသက်က နောက်ကိုလှည့်မကြည့်၊ ရှေ့ကိုသာ အားစိုက်လျှောက်သည်။

ထိုစဉ် ကားတစ်စီးက ချိုးကွေ့ဝင်လာ၏။

မေသက်လက်မောင်း အိအိလေးပေါ် သူ့လက်ရောက်သွားသည်။ မေသက်တစ်ကိုယ်လုံး သူ့ရင်ခွင်နှင့် နီးကပ်သွား၏။

လှုပ်ရှားမှုလေးက စက္ကန့်ပင်ပြည့်မည်မထင်လိုက်။ ရင်ထဲမှာ နှလုံးပင်စွာဖိစီးထားသော စကားတစ်ခွန်း အပြင်သို့ ရုန်းထွက်သွား၏။

'မေသက်ကိုချစ်တယ်'

'အို…'

မေသက် သူ့ကို မျက်လုံးဝိုင်းကြီးနှင့် ကြည့်နေတော့၏။

✣ ✣ ✣



# (၂၄)

'ဟင့်အင်း… ဟင့်အင်း… ကိုတိုးကို မေသက် မချစ်ဘူး၊ မချစ်ဘူး'

သူ ဘာပြန်ပြောရမှန်းမသိအောင် ကြောင်၍ရပ်နေရသည်။ မေသက် သည်လို တုံ့ပြန်လာလိမ့်မည်ဟု သူ ဘယ်လိုမှ မထင်ခဲ့။

သူ ချောက်ချောက်ချားချား ရယ်လိုက်ပြီး–

'မေသက်က ကိုယ့်ကို မချစ်ဘူးတဲ့လား၊ ကိုတိုးဆိုတဲ့ကောင်ကို ဘယ်တော့မှ ချစ်လို့မရဘူးတဲ့လား'

သူ့အသံသည် ပုံမှန်ရိုးရိုးရှိစဉ်အသံမျိုး မဟုတ်တော့။ လှိုက်လှဲတုန်ခါမှုတို့ဖြင့် ဖြည့်စွက်နေ၏။ မေသက်ကတော့ ခပ်ပေပေကလေး ရပ်နေသည်။

'ကိုယ့်ဘဝမှာတော့ မေသက်ဟာ အချစ်ဆုံးပါ၊ အချစ်ဆုံးဆိုတာ တစ်သက်လုံးက နင့်နင့်နက်နက်ချစ်ခဲ့တဲ့အချစ်'



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက သိသာစွာအက်ကွဲနေ၏။

'ကိုတိုးကို မေသက် အထင်ကြီးလို့မရဘူး၊ ယောကျ်ားဘဝ်ယောက်မှာ မိန်းမတစ်ယောက် အထင်ကြီးနိုင်တဲ့ အရည်အချင်းတစ်ခုတော့ ရှိရမှာပေါ့၊ အရည်အချင်းမရှိတဲ့သူကို မေသက်က အားကိုးရမယ့် ယောကျ်ားတစ်ယောက်အနေနဲ့ ပေါင်းရမှာလား'

မာနထိပါးလာသည့်စကားတွေဖြစ်သော်လည်း သူ့ရင်က သည်းခံခွင့်လွှတ်နေသည်။ သူ မေသက်ကို မမိုတ်မသုန်ကြည့်နေဆဲမှာ-

'မေသက်ကို ချစ်တယ်ဆိုရင် မေသက် ယုံအောင် ဘာတွေ သက်သေပြခဲ့လို့လဲ၊ သက်သေပြချက်မရှိရင် ထွက်လာတဲ့အဖြေကို မှန်တယ်လို့ တစ်ထစ်ချယူဆလို့မရဘူး ကိုတိုး'

မေသက်က သူ့မျက်နှာပေါ်မှအကြည့်ကို ပြန်ရုပ်ပြီး နှုတ်ခမ်းနှစ်ခုကို တင်းတင်းစေ့သည်။ နဖူးပေါ်ကျလာသော ဆံပင်တစ်ထွေးကို ဆတ်ခနဲခါတင်လိုက်၏။

သူ့အကြည့်များ အဝေးကိုရောက်နေဆဲမှာ…

'ထပ်ပြောမယ်'

'ဘာကိုလဲ'

'ကိုတိုးကို မေသက် သိပ်မုန်းတယ်'

'တကယ်'

တုန်လှုပ်မှုနှင့်အတူ နောင်တများ သူ့ကိုယ်ထဲရောက်





လာသည်။

'ဆုံးဖြတ်ပြီးတော့ကို မုန်းတာ'

'ရတယ် မေသက်၊ အမုန်းကြီးနေမှတော့ ဘာကို မျှော်လင့်ရတော့မှာလဲ၊ ရှိပါစေတော့၊ အကျဉ်းခံလူသားတစ်ယောက်ရဲ့ လျှောက်လဲချက်ဆိုတာလည်း ဘာအရာဝင်တော့မှာလဲ'

ပြောပြီး သူလှည့်အထွက်မှာ နောက်ပါးမှ ရှိုက်သံလိုလိုအသံတစ်ခုကိုတော့ သူကြားလိုက်ရပါသည်။

ဘာပဲဖြစ်ဖြစ် သူ အရှုံးပေးလိုက်ရပါပြီ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

(၂၉)

'လာ… ညီတိုး၊ ထိုင်'

သူ့ကိုတွေ့တွေ့ချင်း အရှည်ကြီးက ခုံတစ်လုံးထိုးပေးသည်။

'ဘာတွေတိုင်ပင်နေကြတာလဲကွ'

ဝိုင်းအခြေအနေကိုကြည့်ပြီး အရှည်ကြီးကို လှမ်းမေးလိုက်သည်။ ဝိုင်းမှာ လူစုံနေသည်။ သူမမြင်ဖူးသော မျက်နှာစိမ်းများလည်းပါ၏။

'သစ်လွင်ပွဲအတွက် အစီအစဉ်လုပ်နေတာ ညီတိုး၊ ပွဲကတို့အားလုံး ဝင်ပေးရမယ့်အခြေအနေပဲ'

အရှည်ကြီးက ဖြေသည်။

'ဘယ်လိုဝင်ပေးရမှာလဲ'

'ဒီလိုကွာ… ပွဲမှာ တို့မေဂျာက တီးဝိုင်းတစ်ဝိုင်းလုပ်ဖို့ အစီအစဉ်ရှိတယ်၊ အဲဒါ အပြင်က ကြေးစားဝိုင်းတွေ မခေါ်





တော့ဘဲ တို့မေဂျာက တီးတတ်မှုတ်တတ် ဆိုတတ် ကတတ်သူတွေနဲ့ပဲလုပ်ဖို့ အားလုံးက သဘောတူထားကြတယ်'

သူက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး-

'အဲဒီတော့…'

'တို့ မနက်ဖြန်ကစပြီး သီချင်းတိုက်ကြမယ်၊ ကမယ့်အစီအစဉ်လည်း သုံးလေးကွက်ပါတယ်၊ ဘယ်လိုလဲ'

'တို့ဝင်ပေးတာတော့ ဟုတ်ပါပြီ၊ ပစ္စည်းတွေငှားဖို့ကျတော့'

'ဟာ… ဒါကတော့ ဌာနက ငွေစိုက်ထုတ်ပေးရမှာပေါ့ကွ၊ တို့အဖွဲ့က လူပဲစိုက်ရမယ်ဟာ'

အရှည်ကြီးက ကောက်ခါငင်ခါ ပြန်ဖြေသည်။

အိုးစည်က ကြားဝင်၍…

'တိုက်ဖို့ပြုဖို့က ဘယ်နေ့စမှာလဲ'

'နက်ဖြန်မနက် အသင်းခန်းကိုလာခဲ့'

လူစုခဲ့ပြီးတော့ သူတို့ လက်ဖက်ရည်ဆိုင်ဘက် ထွက်ခဲ့ကြသည်။

'ငါ စဉ်းစားမိတာ တစ်ခုရှိတယ်ကွ'

အိုးစည်က တစ်စုံတစ်ရာကို အလေးအနက်တွေးရင်း လှမ်းပြောသည်။ အားလုံးက အိုးစည်စကားကို နားစွင့်နေ၏။

'တို့ အခုလုပ်မယ့်ပွဲမှာ ထူးခြားပြီး အားလုံးက လက်ခံမယ့်အစီအစဉ်လေးတစ်ခုကို ငါ ထည့်ချင်တယ်ကွာ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းဘို့သဘောကိုလည်း ငါသိချင်တယ်'

စကားက အဆန်းဖြစ်နေသဖြင့်* သူက-

'မင်းက ဘာစိတ်ကူးရလို့လဲ အိုးစည်ရ'

'ဒီလိုကွာ… တို့အဖွဲ့မှာ လူစုံတယ်မို့လား၊ တီးဝိုင်းအတွက်ဆိုရင် လီဒ်ရော၊ ရစ်သန်ရော၊ ဘေ့စ်ရော၊ ဒရမ်မာရော ခေါက်တာတ်တဲ့လူက အစုံရှိတယ်'

'အဲဒီတော့'

'နာမည်တစ်ခုကိုရွေးပြီး ဝိုင်းထောင်ရင်ကောင်းမလား လို့'

အားလုံး တွေသွားကြ၏။

အတန်ကြာမှ သူက…

'မင်းအကြံက ဆိုးတော့မဆိုးဘူး၊ ဒါပေမဲ့ ဝိုင်းတစ်ဝိုင်းထောင်တယ်ဆိုတာ ငွေအလုံအလောက်ရှိမှဖြစ်တာ၊ အဲဒီအတွက် ဘယ်မှာလဲ ငွေ'

'တို့အားလုံး စုထည့်ကြမှာပေါ့ကွ'

မှာထားသော လက်ဖက်ရည်ခွက်များ ရောက်လာ၏။

'ဘယ်လိုစုထည့်မလဲ ပေါ်တူဂီရာ၊ တို့အထဲမှာ မင်းတစ်ယောက်တည်း ဒေါ်လာပြည့်စုံတာကွ'

'မင်းတို့ လုပ်ချင်တာကို အောင်အောင်မြင်မြင်လုပ်စမ်းပါကွ၊ ကျန်တာ ငါ့တာဝန်ထား၊ ငါ မင်းတို့ဆီက ထည့်ဝင်ကြေးကို မလိုချင်ဘူး၊ အရည်အသွေးကိုပဲ လိုချင်တယ်'





'ဟာ…ပေါ်တူဂီ၊ မင်း တကယ်ပြောတာလား၊ နောက်နေတာတော့ မဟုတ်ဘူးနော် ဟေ့ကောင်'

'ပေါ်တူဂီက စကားကို နှစ်ခွန်းမပြောဘူးကွာ'

အားလုံးက ပေါ်တူဂီကို ဝိုင်းဖက်ကြသည်။

ပေါ်တူဂီက တပြုံးပြုံး။

အခြေအနေအရပ်ရပ်သည် သူတို့ဘက်မှာ အကောင်းဆုံးဖြစ်နေ၏။

သြော်… သည်လိုအပျော်တွေကို မေသက် ခံစားဖူးပါရဲ့လား။

မေသက်သည် သူ့ကို ထားရစ်ခဲ့ချေပြီ။

အတိတ်ကို ပြန်လည်မတမ်းတချင်တော့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# (၂၆)

အသင်းခန်းမထဲမရောက်ခင်ကပင် သီချင်းသံကို ဦးစွာကြားရသည်။ ဆိုင်းသံကလည်း လွင့်ထွက်လာ၏။

ဆရာက သူ့ကိုမြင်မြင်ချင်း ပြုံးပြသည်။

'လာ… မောင်ညီတိုး၊ မင်းကို ဆရာတို့ စောင့်နေတာ၊ သီချင်းဆိုမယ့်ကျောင်းသူတွေတောင် ရောက်နေပြီ'

ဆရာက သူ့ပခုံးကို လှမ်းဖက်သည်။

သူ ဆရာနှင့်အတူ အခန်းထဲသို့ ဝင်လိုက်ခဲ့၏။

ဆရာက ခုံအလွတ်တွင် သူ့ကို နေရာပေးသည်။

'ဒါက မောင်ညီတိုးတဲ့၊ ဆရာတို့မဂ္ဂဇင်းဝိုင်းရဲ့ ခေါင်းဆောင်ပေါ့'

ဆရာက သူ့ဘက်ပြန်လှည့်ပြီး-

'မောင်ညီတိုးလည်း မှတ်ထားပေါ့၊ သူတို့က ဒီနှစ်မှ နယ်ကနေ ကျောင်းကို စရောက်လာတဲ့သူတွေလေ၊ ဒီဘက်က





ချိုနွယ်၊ အလယ်က နန်းကြည်ကြည်ပိုင်၊ ဟိုဘက်ကအစွန်ဆာ ယဉ်ကျေးဝေတဲ့'

'ဟင်'

သူ့မျက်လုံးအကြည့်က တစ်နေရာတည်းမှာ ရပ်တန့်သွားသည်။

ကိုယ်ထဲမှသွေးတို့သည် အရှိန်ပြင်းစွာ လည်ပတ်သွားကြ၏။

'ယဉ်ကျေး'

နာမည်သည် နှုတ်မှ လွှတ်ခနဲထွက်သွားသည်။

ယဉ်ကျေးဝေက သူ့ကိုပြုံးပြရင်း-

'ကိုတိုး ဝင်လာကတည်းက ကိုတိုးမှန်း ယဉ်ကျေး တန်းသိပါတယ်'

အားလုံးအကြည့်တွေမှာတော့ အံ့သြရိပ်တွေထင်နေ၏။

'ယဉ်ကျေး အခု ဘယ်မှာနေတာလဲဟင်၊ အဆောင်မှာလား အပြင်မှာလား၊ ကိုယ် ပထမနှစ်ကတည်းက ယဉ်ကျေးကို တွေ့မလားလို့ လိုက်ရှာနေသေးတယ်၊ စာမရေး ဘာမရေးနဲ့ နေနိုင်လိုက်တာ ယဉ်ကျေးရယ်'

ယဉ်ကျေးဝေက သူ့ကိုကြည့်ပြီး ပြုံးလို့သာနေ၏။

ယဉ်ကျေးဝေ အသားရည်က ဖိုလို့ဝင်းလာပြီး ဆံပင်ပုံစံကတော့ မပြောင်း။ ဟိုတုန်းကလိုပင် နဖူးတည့်တည့်မှခွဲ၍ နောက်သို့စည်းချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိစရာအကြောင်းတော့ ဘာမှမရှိ။

ခင်းပပလည်တိုင်ကလေးအောက်က မှည့်ကလေး နှစ်ပွင့်သည် ယဉ်ကျေးဝေဖြစ်ကြောင်း သက်သေခံနေသော ကြောင့်ပင်။

'ကျောင်းစတက်တဲ့နေ့ကတည်းက ကိုတိုးနဲ့ မေသက် ကို ယဉ်ကျေးလိုက်ရှာသေးတယ်၊ မတွေ့တော့ တို့တွေ တစ်နယ် စီခြားပြီလို့ တွက်လိုက်မိသေးတယ်၊ ကိုတိုးလည်း အသား အရည်တွေ လတ်လာတယ်နော်၊ ဒါပေမဲ့ ကိုတိုးကို ယဉ်ကျေး မှတ်မိပါတယ်'

'ယဉ်ကျေး ခု ဘယ်မှာလဲ'

ယဉ်ကျေးဝေက သူမနေသည့်အဆောင်သစ်ကို ပြော ပြသည်။

'သူ့ဘဝသက်တမ်းမှာ လူတွေဟာ အမျိုးမျိုးပြောင်းလဲ လှုပ်ရှားနေရတာပဲလေ။ ပြန်လည်ဆုံစည်းကြရတာကိုကပဲ ဝမ်းသာစရာကောင်းနေပြီမို့လား'

ကွဲကွာခဲ့သော နေ့ရက်များကို သူ လက်ချိုးတွက်မိ သည်။ သုံးနှစ်ဆိုသောကာလသည် အရာရာကို ပြောင်းလဲခဲ့ ပါ၏။

'မေသက်က ဆေးမှာတက်နေတယ် ယဉ်ကျေး'

'ဟုတ်လား… ဝမ်းသာစရာပါပဲ၊ သူ့ဆန္ဒတွေ ပြည့်ပြီ ပေါ့'





'ဟုတ်တယ် ယဉ်ကျေး၊ မေသက်က သူမျှော်လင့်ထား တဲ့အတိုင်းဖြစ်သွားတယ်၊ သူ့အဖေလည်း ရာထူးတွေတက်ပြီး အင်းယားလမ်းဘက်မှာ ခြံနဲ့တိုက်နဲ့ ခန့်ခန့်ထည်ထည်ပါပဲ'

ခုံတန်းအလွတ်မှာ သူတို့နှစ်ယောက် ဝင်ထိုင်ကြသည်။

ယဉ်ကျေးဝေက သူ့မျက်နှာကို စိုက်ကြည့်ရင်း-

'ကိုတိုး တစ်ခုခုတော့ ပြောင်းလဲနေတယ်၊ ဘာပြောင်း လဲနေမှန်းကိုလည်း အကဲဖမ်းလို့မရသေးဘူး'

'ဟိုတုန်းကလို သပ်သပ်ရပ်ရပ်ဖြစ်မနေတာကို အကဲ ဖမ်းလို့မရဖြစ်တာနေမှာပေါ့'

'ဟုတ်တယ်… ဟုတ်တယ်၊ ကြည့်ပါဦး… ဆံပင် တွေကလည်း ပွလို့၊ အဝတ်အစားကလည်း ဘိုသီဘတ်သီနဲ့၊ တကယ်ပါပဲ ကိုတိုးရယ်'

ပြောပြီး ယဉ်ကျေးဝေက သူမလွယ်အိတ်ထဲမှ တစ်စုံ တစ်ခုကိုနှိုက်သည်။ လက်ပြန်ထုတ်တော့ မိန်းမကိုင်ဘီးတစ် ချောင်း ပါလာ၏။

'ရော့… ခေါင်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဖြီးစမ်း ပါဦး၊ ကိုတိုးအစား ယဉ်ကျေး စိတ်ရှုပ်လိုက်တာ၊ မေသက် ကရော ဒီလိုနေတာ ကြည့်နေတာပဲလားဟင်'

သူနှင့် မေသက်ဇာတ်လမ်းကို ယဉ်ကျေးဝေ ဘာမှမသိ

'မဆုံဖြစ်ပါဘူးလေ။ သူ့ကျောင်း ကိုယ့်ကျောင်းနဲ့ဆို တော့ တွေ့တောင် စကားပြောချိန်မရကြပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မေသက်ကြားမှာ ဖြစ်ပေါ်ခဲ့သည့် ပြဿနာကို ကွယ်လိုက်သည်။ သည်အကြောင်းရာတွေကိုလည်း သူ ယဉ်ကျေးဝေကို မပြောချင်။

ညနေပိုင်းမှာ သူ ယဉ်ကျေးဝေတို့အဆောင်ကို လိုက်သွားသေးသည်။ ယဉ်ကျေးဝေ ပျော်နေသည်ကိုတော့ သူ သတိပြုမိခဲ့ပါ၏။

✣ ✣ ✣



## (၂၇)

'ကိုတိုးနဲ့ မေသက်ကတော့ တကယ်ပဲကွာ၊ ငယ်ငယ်ကအကျင့်တွေက ခုထိကိုမပျောက်ဘူး၊ စိတ်ဆိုးကြ စိတ်ကောက်ကြနဲ့ ပြီးတော့ မခေါ်ဘဲနေနိုင်ကြတာလည်း မဟုတ်ဘူး'

ယဉ်ကျေးဝေက သူနှင့် မေသက်ကြားမှ လျှောက်လာရင်း စနောက်ရေးလုပ်လာသည်။

တကယ်ဆို သူနှင့် မေသက်ကိစ္စကို ဘာတစ်ခုမှ ယဉ်ကျေးဝေမသိ။ သာမန်စိတ်ကောက်ကြခြင်းလောက်သာ ယဉ်ကျေးဝေ နားလည်ထားသည်။ သူမ နားလည်အောင်လည်း သူတို့နှစ်ယောက်စလုံးက ဟန်ဆောင်ကောင်းခဲ့၏။ မေသက်ကလည်း အမူယာမပျက်၊ သူကလည်း တတ်နိုင်သမျှ ဣန္ဒြေ နှင့်နေခဲ့သည်။

'ခုဆို တို့သူငယ်ချင်းသုံးယောက်က ဘယ်လောက်ပျော်စရာကောင်းလဲ၊ ရည်ရွယ်ချက်တွေကိုယ်စီနဲ့ ပျော်ပျော်ရွှင်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



အေးအေးချမ်းချမ်း စာသင်နေရတယ်၊ အလကားနေရင်း ရန်ဖြစ်ကြ စိတ်ကောက်ကြနဲ့ ကိုယ့်ကိုယ်ကိုယ် ကလေးမဟုတ်တော့ဘူးဆိုတာ သတိမှရသေးရဲ့လား သူငယ်ချင်းတို့ရဲ့'

ယဉ်ကျေးဝေက ခေါင်းကလေး ငုံ့ကာစောင်းကာနှင့် ပြောသည်။ သူကတော့ ပြုံးနေ၏။ ပြုံးရင်းနှင့်-

'ရန်ဖြစ်တာကောင်းတာပေါ့ ယဉ်ကျေးရ၊ တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်းအဆင်ပြေနေရင် ပျင်းဖို့ကောင်းတယ်၊ မဟုတ်ဘူးလား မေသက်ရာ'

'အင်း'

မေသက်က သူ့အမေးကို စိတ်မပါသလိုဟန်နှင့် ပြန်ဖြေသည်။

သူ သဘောပေါက်ပါသည်။

မေသက်သည် ယဉ်ကျေးဝေရှေ့မှာမို့သာ သူ့ကို ဟန်ဆောင်ဆက်ဆံနေခြင်းဖြစ်၏။

'ယဉ်ကျေးကတော့ သူငယ်ချင်းသုံးယောက် ခုလိုပြန်ဆုံရတာကို အရမ်းဝမ်းသာတာပဲ၊ တစ်မြို့တစ်နယ်စီ နေကြည့်တော့မှ တစ်ယောက်အပေါ် တစ်ယောက်ထားခဲ့တဲ့ သံယောဇဉ်တွေကို သိရတော့တယ်'

ယဉ်ကျေးဝေ ဝမ်းသာပျော်ရွှင်နေသလောက် သူနှင့် မေသက်က ခပ်ငိုင်ငိုင်ဖြစ်နေသည်။

'နောက်ဆို တို့သုံးယောက် တစ်ယောက်နဲ့တစ်ယောက်





နားလည်ခွင့်လွှတ်နိုင်ရမယ်၊ ရန်မဖြစ်ရဘူး၊ စိတ်မကောက်ရဘူးနော် ကိုတိုး'

'အင်း'

မေသက်က သူ့မျက်နှာကို အသာငဲ့ကြည့်ပြီး…

'မေသက်ကတော့ အမြဲ ပျော်နေအောင်ကြိုးစားနေတာပဲ ယဉ်ကျေး၊ ဒါပေမဲ့ မေသက် အပျော်တွေက သူများအတွက် စိတ်ညစ်စရာဖြစ်တတ်တယ်၊ အဲဒါကို တို့ ဝမ်းနည်းတယ်'

သည်စကားအပေါ်မှာတော့ သူ ဘယ်လိုမှအဖြေမရှာ။ မေသက်သည် ကျောက်ရုပ်လိုလည်း မတုန်မလှုပ်နိုင်စွမ်းရှိသည်ကို သူသိသည်။

'မြီးရှည်စားရင်း ကန်စပ်မှာ ထိုင်ကြရအောင်နော်'

ကန့်ဘောင်အတိုင်းလျှောက်ခဲ့ပြီး ဆိုင်ထဲဝင်တော့ မေသက်က…

'တို့ မစားဘူးနော်၊ အိမ်ကစားလာခဲ့တယ်၊ ဗိုက်ကြပ်ရင် တို့က နေတတ်တာမဟုတ်ဘူး'

'မဟုတ် မေသက်ရယ်၊ တစ်ခုခုတော့ စားပါ'

ကန်နံဘေးထိုင်ခုံမှာ ဝင်ထိုင်သည်။

'မေသက် မစားဘူး ယဉ်ကျေး၊ ယဉ်ကျေးတို့ပဲစားပါ'

'ဒါဆို မြီးရှည်နှစ်ပွဲပေးပါ'

မှာပြီး ယဉ်ကျေးဝေက သူ့ဘက်လှည့်၍-

'ဘာတွေ ငြိမ်ပြီးစဉ်းစားနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်၏။

'ကိုယ့်မှာ ဘာစဉ်းစားစရာမှ မရှိဘူး ယဉ်ကျေး၊ ယဉ်ကျေးမှာသာ…'

'အံမယ်နော်… ယဉ်ကျေးမှာ စဉ်းစားဖို့အချိန်တောင် မရှိပါဘူး'

'ဟုတ်ရဲ့လား'

'မလိမ်တတ်ဘူး၊ ယဉ်ကျေးက ကိုတိုးကိုတွေ့တော့ ရည်းစားတွေ ဘာတွေတောင် ရနေပြီထင်တာ'

'သူလား စွံမှာ'

သည်စကားကို မေသက်က မဲ့ကာရွဲ့ကာနှင့် ဝင်ပြော၏။

'မစွံလည်း ဘာအရေးစိုက်စရာလဲ မေသက်ရဲ့၊ တစ်နေ့မစွံ တစ်နေ့တော့ စွံမှာပဲ၊ ညီတိုးဆိုတဲ့ကောင်က မင်းကုသထက်တော့ ဆယ်ဆသာပါတယ်'

သူ့ကိုကြည့်သည့် မေသက်အကြည့်တွေက ရင့်သီးနေ၏။

'မိန်းကလေးတစ်ယောက်က ချစ်လာဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ၊ အဲဒီ မိန်းကလေးက လက်ခံနိုင်လောက်တဲ့ အထင်ကြီးမှုတစ်ခုခုတော့ ယောကျ်ားလေးဆီမှာ ရှိနေရမယ်၊ ဘယ်လောက်ပဲ ဂုဏ်တွေ ပကာသနတွေ မမက်ဘူးပြောပြော၊ ငွေမရှိတောင်မှ ကိုယ်ကျင့်တရားကောင်းလေးရှိမှ၊ ကိုယ်ကျင့်





တရားကောင်းလေးမရှိတောင် ပြေပြစ်ခဲ့သွားတဲ့ရုပ်ရည်ကလေး ရှိမှ၊ အဲဒါတွေ တစ်ခုမှမရှိတဲ့လူတစ်ယောက်ကို ဘယ်မိန်းကလေးက ကိုယ့်ဘဝနဲ့နှစ်ပြီး ချစ်မှာလဲ'

မေသက်စကားက သူ့ဆီသို့ တည့်တည့်ကြီးဝင်လာ၏။ သူ မျက်နှာထားကို ရုတ်ခြည်းတည်ပစ်လိုက်သည်။

ယဉ်ကျေးဝေကတော့ ကြားဝင်ပြော၏။

'ကိုတိုးကို အဲဒီလိုတော့ မပြောပါနဲ့ မေသက်ရယ်၊ ကိုတိုးကလည်း အဲသလောက်မဟုတ်သေးပါဘူး၊ ကိုတိုးမှာ မိန်းကလေးတစ်ယောက်က နှစ်သက်လက်ခံနိုင်လောက်တဲ့ အရည်အချင်းတွေရှိပါတယ်'

ယဉ်ကျေးဝေက သူ့ဘက်မှရပ်တည်ပြီးပြောသည်။

မေသက်က ယဉ်ကျေးဝေကို မျက်မှောင်ကြုံ့ကြည့်၏။

ယဉ်ကျေးဝေ မျက်နှာမကောင်း။ သူကတော့ လာချပေးသည့် မြီးရှည်နှစ်ပန်းကန်မှ တစ်ပန်းကန်ကို ယဉ်ကျေးဝေရှေ့ အသာတွန်းရွှေ့ပေးသည်။

'ကိုယ့်သူငယ်ချင်းပဲ မေသက်ရယ်၊ သူငယ်ချင်းရဲ့တန်ဖိုးကို ကိုယ်က မြှင့်ပေးမှ သူငယ်ချင်းကောင်းပီသမှာပေါ့'

'မေသက်က မှန်တာပြောတာပဲ ယဉ်ကျေး၊ သူ့ကို အထင်သေးစကားပြောတာ မဟုတ်ပါဘူး၊ သူ့ကို ကောင်းစေချင်လို့ ပြောပြတာ၊ ဒါကို မကြိုက်လည်း တို့ ဘာမှမတတ်နိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မေသက်က ယတိပြတ်စကားပြောသည်။

'ဒါ မေသက် ကိုယ့်ကို သက်သက်မဲ့ အထင်သေးတာပဲ၊ ကိုယ် အခုလုပ်နေတာတွေအားလုံးဟာ သူများကို စော်ကားတာ တစ်ခုမှမပါဘူး၊ ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ်ပဲ'

သူကလည်း မလျှော့။

မေသက်မျက်နှာ ခပ်တင်းတင်းဖြစ်သွား၏။

'နင်က ဘယ်တော့မှ လူတစ်လုံးသူတစ်လုံး ဖြစ်မှာမဟုတ်ဘူး ကိုတိုး'

'ဘာ'

မေသက်စကားထဲမှာ နင်တွေ ငါတွေ ပါလာ၏။ သူ့နှုတ်ခမ်းကို နာကျင်စွာဖိကိုက်ပစ်လိုက်သည်။

'လာအော်မနေနဲ့၊ နင့်အခြေအနေကို ငါ စောင့်ကြည့်လာတာကြာပြီ၊ တက္ကသိုလ်စရောက်ကတည်းက နင် ဘာတွေလျှောက်လုပ်နေတယ်ဆိုတာ ငါ အကုန်သိတယ်'

'ငါ ဘာလုပ်လို့လဲ မေသက်'

ယဉ်ကျေးဝေက မြီးရှည်စားရင်း သူနှင့် မေသက်မျက်နှာကို လိုက်ကြည့်နေ၏။

'နင်လုပ်နေတာတွေ နင်သိမှာပေါ့ ကိုတိုး'

'ငါ ဘာမှမလုပ်ဘူး'

မေထက်အသံထက် သူ့အသံက ပိုကျယ်သွား၏။ ထိုစဉ် သူ ထင်မှတ်မထားသောအရာကို မေသက် လုပ်ချလိုက်သည်။





သူ့ရော ယဉ်ကျေးဝေပါ မျက်လုံးပြူးသွား၏။

မျက်နှာကို လက်ဝါးအပ်ရင်း စားပွဲပေါ် မှောက်ချလိုက်သော မေသက်ဆီမှ ရှိုက်သံတစ်ချက် လွင့်ထွက်လာသည်။

'ကဲ... ကိုတိုး ဘာမှဆက်မပြောနဲ့တော့၊ ကြာရင် ယဉ်ကျေး ရူးလိမ့်မယ်'

သူ့ကိုပြောပြီး မေ့သက်ပခုံးကို ယဉ်ကျေးဝေ လှမ်းဖက်သည်။

'မငိုစမ်းပါနဲ့ မေသက်ရယ်၊ မင်းတို့နှစ်ယောက်က တကယ်ခက်တာပဲ၊ ယဉ်ကျေးကတော့ နှစ်ယောက် ပြန်သင့်မြတ်အောင် ကြားကနေ စေ့စပ်လိုက်ရတာ၊ ခုတော့ ယဉ်ကျေးရဲ့ စေတနာတွေ အလကားပဲ'

ပြောရင်းနဲ့ ယဉ်ကျေးဝေအသံက ငိုသံပါလာ၏။

သူ့ စိတ်အရှိန်းပျက်သွားသည်။

'ယဉ်ကျေး စဉ်းစားလေ၊ ကိုယ်နဲ့တွေ့တိုင်း သူ ကိုယ့်ကို အမြဲအထင်သေးနေတာပဲ၊ အဲဒီတော့ ကိုယ် ဘာဆက်လုပ်ရမလဲ၊ လူတစ်ယောက်ကို အဲသလောက် အထင်သေးနေရင် ဆက်မပေါင်းတာပဲကောင်းတယ်၊ ကိုယ်သွားတော့မယ် ယဉ်ကျေး'

'ကိုတိုး... ကိုတိုး...'

သူ ထရပ်ပြီး လှည့်ထွက်ခဲ့သည်။

ယဉ်ကျေးဝေက လှမ်းခေါ်သော်လည်း သူ နောက်ကြောင်းကို စောင်းငဲ့၍မျှပင်မကြည့်တော့။ မေသက်နှင့် သူသည်



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်လမ်းသို့ လျှောက်မှန်းမသိ လျှောက်မိခဲ့ကြလေပြီ။

မေသက် ရှိုက်သံက သူ့နောက်သို့ ပြေးလိုက်လာသည်။

သူ အံကို တင်းတင်းစေ့သည်။ လက်သီးကို အကျစ်ဆုံးဖြစ်အောင်လုပ်သည်။

မေသက်နှင့်ပတ်သက်ခဲ့သော အတိတ်အားလုံးကို မြေမြှုပ်ပစ်ရန်လိုပြီဟု ဦးနှောက်အသိက တောင်းဆိုနေ၏။

'ဆန်းကြယ်တဲ့ကံကြမ္မာကို တို့သိပ်အံ့သြတယ် မေသက်၊ တို့နှစ်ယောက်ဟာ ငယ်စဉ်တောင်ကျေး အမွေးအတောင်မစုံသေးတဲ့ ကလေးဘဝကစပြီး သံယောဇဉ်တွေ တပုံတပင်ရှိခဲ့ကြပေမယ့် အရွယ်ရောက်လာတဲ့အချိန်မှာ ချစ်သူဘဝကို မရခဲ့ဘူးဆိုတာ မင်းအသိဆုံးဖြစ်လိမ့်မယ်၊ စကားတစ်ခွန်းကို တို့ကြားဖူးတယ်၊ မဆုံးဖြတ်ဘဲနဲ့ ဆုံးရှုံးတာထက် အရင်ဆုံးဖြတ်ပြီးမှ ဆုံးရှုံးတာဟာ ပိုပြီးတန်ဖိုးရှိတယ်တဲ့၊ ခု အဖြစ်က တို့ဆုံးဖြတ်ပြီးမှ ဆုံးရှုံးရတာပါ'

မေသက်နှင့်ပတ်သက်၍ သူ အရာရာကို ဆုံးရှုံးလိုက်ရပါပြီ။

✣ ✣ ✣



# အပိုင်း (လေး)

www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

"ကိုတိုးက ခင်တွယ်စရာကောင်းတဲ့ လူတစ်ယောက်ပါ မေသက်ရယ်၊ အနုပညာနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့မာနနဲ့ ယုံကြည်ချက်တွေကြောင့် မေသက်ပြောတာကို မခံမရပ်နိုင်ဖြစ်သွားတာပါ၊ ခု သူ တော်တော်စိတ်ထိခိုက်နေတယ်၊ သူ့သူငယ်ချင်းတွေနဲ့ ယဉ်ကျေး လမ်းမှာတွေ့လို့ ပြောသွားတယ်"

ယဉ်ကျေးဝေက စကားကို တည်တည်ငြိမ်ငြိမ်ပြောလာ၏။ ယဉ်ကျေးဝေ၏ မျက်နှာပေါ်မှာ သံယောဇဉ်အငွေ့အသက်ကို မေသက် တွေ့သည်။

သူမ၏အကြည့်ကို အဝေးသို့ပို့ရင်း အတွေးတွေနှင့်ဝေနေသည်။ ကိုတိုးနှင့်ပတ်သက်၍ ပြောပြရန်ရှိနေသော အကြောင်းများသည် သူမနှုတ်က မထွက်။

ယဉ်ကျေးဝေဆီမှ ပင့်သက်ချသံကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ယဉ်ကျေးက မေသက်ကိုလည်းချစ်တယ်၊ ကိုတိုးကိုလည်း ခင်တယ်၊ ယဉ်ကျေးဘဝမှာ ကိုတိုးနဲ့ မေသက်က ယဉ်ကျေး သံယောဇဉ်အရှိဆုံး လူသားနှစ်ဦးပဲ၊ အဲဒါကိုတော့ အလေးနက်ထားပြီး မေသက် ယုံကြည်ပါ'

ယဉ်ကျေးဝေက မျက်တောင်ကော့ကို တဖျတ်ဖျတ်ပုတ်သည်။ ကျောပေါ်ရောက်နေသော ဆံပင်များကို ရင်ညွန့်ပေါ်သို့ ပြန်ဆွဲချ၏။

'ယဉ်ကျေးကလည်းကွာ၊ ကိုယ် မင်းကို ခင်ပါတယ်၊ ကိုတိုးကိုသာ မုန်းတာ၊ ကိုယ်မကြိုက်တာဆို အားလုံးကို သူလုပ်ရဲတယ်၊ ဂစ်တာသမားဖြစ်ချင်တယ်တဲ့လေ၊ ဘယ်လောက်ရူးကြောင်တဲ့ကိစ္စလဲ၊ အလကား ထမင်းငတ်မယ့်အလုပ်'

ခပ်ဆတ်ဆတ်ပြောဖြစ်သော်လည်း ကိုတိုး၏မျက်နှာညှိုးနွမ်းနွမ်းလေးကို သူမ ပြေးမြင်သည်။ ယဉ်ကျေးဝေကတော့ စိတ်မကောင်းဟန်လေးနှင့် ခေါင်းကိုငုံ့ထားသည်။ ခဏကြာမှ-

'အဲလိုတော့ မပြောပါနဲ့ မေသက်ရယ်'

'ပြောရမယ် ယဉ်ကျေး၊ ဒီကိစ္စက ပြောကိုပြောမှဖြစ်မယ့်ကိစ္စ၊ ဆယ်တန်းအောင်တုန်းကဆိုရင် ကိုယ်တို့ရဲ့အနာဂတ်ကိုတွေးပြီး ဘယ်လောက်ဝမ်းသာခဲ့ရသလဲ၊ ခုတော့ မျှော်လင့်ထားတဲ့ မျှော်လင့်ချက်တွေ အလကားဖြစ်ကုန်ပြီ၊ တွေးလိုတ်တိုင်း အရမ်းကို ဒေါသဖြစ်တာ'

'မေသက်ကလည်း စိတ်ကြီးလိုက်တာဟယ်'





ယဉ်ကျေးဝေကိုကြည့်ပြီး မေသက်ကတော့ ရယ်ချင်နေသည်။ တကယ်ဆို သူမ ကိုတိုးကို စိတ်မဆိုးတော့ပါ။ ကိုတိုးနှင့်လည်း စကားတွေပြောချင်နေသည်။

ယဉ်ကျေးဝေက သူမရင်ထဲက ခံစားချက်ကို မသိ။

ငြိမ်းချမ်းရေးစကားကိုသာ တစ်ခုပြီးတစ်ခု ကမ်းလှမ်းနေသည်။

'ကိုတိုးဆိုတာ ငယ်ငယ်ကတည်းက မေသက် အနွံတာကို ခံလာတာပဲ မေသက်ရယ်၊ သူ အခုလုပ်နေတာတွေကလည်း တစ်သက်လုံး လုပ်ချင်မှ လုပ်မှာပဲဟာ၊ လူငယ်တစ်ယောက် အနေနဲ့ကတော့ ဒါတွေဟာ မထူးဆန်းပါဘူး၊ ခုဆို တို့သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင်နေရမယ့်အချိန်မှာ ဘယ်လောက်စိတ်ညစ်ဖို့ကောင်းလဲ၊ တစ်ယောက်တစ်မျိုးစီနဲ့'

'ကိုယ်လည်း အဲဒီအတွက် ဘယ်လောက်စိတ်ထိခိုက်ရတယ်မှတ်လဲ၊ ကိုယ် မပျော်ပါဘူး၊ ဒါပေမဲ့…'

'ဒါပေမဲ့တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့ကွာ၊ ယဉ်ကျေးခုလာတာ ကိုတိုးတို့အိမ်သွားချင်လို့၊ အဲဒါ မေသက် လိုက်ခဲ့ရမယ်၊ ဒီမှာ တွေ့လား၊ ကိုတိုး နေမကောင်းဘူးဆိုလို့ ဆေးတွေ ဘာတွေတောင် ဝယ်ထားတာ'

'ဪ… စေတနာမေတ္တာတွေက တယ်ကြီးမားပါလား'

သူမက ရယ်ရယ်မောမောနှင့် ပြောလိုက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးဝေမျက်နှာ ရဲရဲကလေးဖြစ်သွား၏။ ပြီးတော့မှ…

'မေသက်ကလည်းကွာ… စကားနောက် တရားပါ၊ ယဉ်ကျေးက ရိုးရိုးသားသားစေတနာနဲ့ မေးတာပါ၊ အတွေးတွေတော့ မချော်ပါနဲ့ကွာ'

ယဉ်ကျေးဝေကိုကြည့်ပြီး သူမက အသံထွက်အောင် ရယ်လိုက်၏။ ယဉ်ကျေးဝေ လှမ်းအကြည့်မှာ သူမနှင့် အကြည့်ချင်းဆုံသည်။ သည်အကြည့်ကြောင့် သူမရင်မှာ ထင့်ခနဲဖြစ်သွား၏။

ငယ်ငယ်က ကိုတိုးနှင့်အတူ ဆုတောင်းခဲ့ဖူးသော ဆုတောင်းပြည့်စေတီလေးကို ပြေး၍သတိရလိုက်၏။

သည်တုန်းက တောင်းခဲ့သောဆုကို ဘွာခတ်လို့ရရင် ခတ်လိုက်ချင်ပါသည်။

✣ ✣ ✣



(၂၉)

'ဟဲ့… မိသက်'

သူမကိုတွေ့သည်နှင့် ကိုတိုးဖေဖေက အံ့ဩသွားသော အမူအရာဖြင့် ဖှာလက်စဆေးပေါ့လိပ်ကို ဆေးလိပ်ခွက်ထဲ ထည့်လိုက်၏။

'မေသက်တို့က သားနေမကောင်းဘူးဆိုလို့ လူနာလာမေးတာတဲ့ ဖေဖေ'

ကိုတိုးကပြုံးရင်း သူ့ဖေဖေ ဦးလေးဦးအောင်တိုးကို လှမ်းပြောသည်။ ဦးလေးဦးအောင်တိုးက သူတို့နှစ်ယောက်ကို တစ်ချက်စေ့ကြည့်၍-

'မင်းတို့သူငယ်ချင်းကတော့ကွာ၊ နေမကောင်းဖြစ်တာသည်းမပြောနဲ့၊ ညညဆို ညနက်သန်းခေါင်ထိကို ဂစ်တာတီးဘာ'

'ဦးလေးက မဆူဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



သူမက ခပ်မဲ့မဲ့ကလေးလုပ်ပြီးပြောသည်။

'သြော်… မိသက်ရယ်၊ ဦးလေးကိုယ်တိုင်က ဂီတာကို မြတ်နိုးခဲ့တော့ မဆူဖြစ်တာထက် မဆူရက်ပါဘူးကွယ်'

ပြောပြီး ဦးလေးအောင်တိုးက တဟားဟားရယ်သည်။ ယဉ်ကျေးဝေကတော့ ပြုံးနေ၏။

'ဖေဖေ… ဒါ သားပြောပြောနေတဲ့ ယဉ်ကျေးဝေဆိုတာလေ'

ဦးအောင်တိုးက ယဉ်ကျေးဝေကို စူးစူးစိုက်စိုက်ကလေး ကြည့်ပြီး…

'သြော်… ယဉ်ကျေးဝေဆိုတာ သမီးကိုး'

'ယဉ်ကျေး… ဒါ ကိုယ့်ဖေဖေ၊ ဖေဖေက ကိုယ်တို့လိုပဲ ဂီတကို အရမ်းဝါသနာပါတာ ယဉ်ကျေးရဲ့ စောင်း၊ ပတ္တလား ဖေဖေ အကုန်တီးတတ်တယ်'

ယဉ်ကျေးဝေ ကိုတိုးဖေဖေကို လေးစားသောမျက်လုံးများဖြင့်ကြည့်ပြီး ပြုံးနေ၏။

'ကိုယ်တို့အိမ်ကတော့ မြင်တဲ့အတိုင်းပဲ ယဉ်ကျေးရေ၊ အိမ်မှာ တခြား ဘာမှမရှိဘူး၊ ကိုယ်တီးတဲ့ ဂစ်တာရယ်၊ ဖေဖေတီးတဲ့ ပါးပတ္တလားရယ်၊ ဒါပဲရှိတယ်'

'လေးလေးက ဝါးပတ္တလားတီးတတ်တယ်'

'ကိုယ်စောစောက ပြောထားသားပဲ၊ အကုန်တီးတတ်တယ်လို့'





ယဉ်ကျေးဝေက အံ့သြဟန်လေးနှင့် ဦးလေးဦးအောင်တိုးကို ကြည့်နေ၏။

*'လေးလေးက ဝါးပတ္တလားတင်မဟုတ်ဘူး၊ မြန်မာ့တူရိယာတွေအားလုံး တီးတတ်တယ် သမီးရဲ့၊ အဲ… မင်းတို့သူငယ်ချင်း တီးတီးနေတဲ့ ဂစ်တာကြီးတော့ လေးလေး မတီးတတ်ဘူး'*

ယဉ်ကျေးဝေက အသံလေးထွက်အောင်ရယ်လိုက်၏။

'ကိုယ့်ကိုမမွေးခင်က ဇာတ်တွေ၊ အငြိမ့်တွေမှာလိုက်ပြီး တီးတယ် မှတ်တယ်လေ၊ အဲဒါနဲ့ပဲ ဖေဖေ အသက်မွေးခဲ့တာပါ၊ ခုတော့ အဲဒါတွေအားလုံးကို ဖေဖေ ဘာမှမလုပ်တော့ဘူး၊ အစိုးရအမှုထမ်းဘဝနဲ့ နေလာတာပဲ ကိုယ့်တစ်သက်ပဲဟာ'

ယဉ်ကျေးဝေကတော့ ကိုတိုးပြောသမျှကို မျက်လုံးဝိုင်းကလေးနှင့် နားထောင်နေ၏။

'ဒါဆို ခု ဘာဖြစ်လို့ လေးလေးက မတီးမှုတ်တော့တာလဲဟင်'

'ဟော…'

ဦးလေးဦးအောင်တိုးက မျက်မှောင်ကိုကျုံ့ပြီး အပြင်ဘက်လမ်းမကို ငေးကြည့်နေ၏။ သူမသည် ယဉ်ကျေးဝေနှင့်လိုက်လာမိသည်မှာ ပဟေဠိတစ်ခုကို ရင်ဆိုင်နေရသလိုပါပဲ။ ကိုတိုးကတော့ သူ့အဖေမျက်နှာနှင့် ယဉ်ကျေးဝေမျက်နှာကို တစ်လှည့်စီကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'လူတိုင်း လူတိုင်းမှာ ကိုယ်ပိုင်ခံစားချက်နဲ့ ပတ်သက်သို့ အတိတ်သမိုင်းလေးတွေ ရှိတတ်ကြတာပဲမဟုတ်လား သမီးရေ၊ လေးလေးရဲ့ အတိတ်သမိုင်းက မလှခဲ့ဘူးဆိုတော့…'

ဦးလေးဦးအောင်တိုးက စကားကိုရပ်ပြီး ယဉ်ကျေးဝေ မျက်နှာကို ငေးကြည့်သည်။ ပြီး ဖြည်းဖြည်းချင်း အားယူပြုံးလိုက်၏။

'အနုပညာသမားဆိုတာ နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်တွေကိုယ်စီ ရှိနေတတ်ကြတယ်၊ ဂီတာဆိုတာကလည်း နှလုံးသားထဲက သွေးကြောမျှင်ကလေးတွေစုပြီး တစ်ပြိုင်နက်တီးခတ်လို့ ထွက်ပေါ်လာတဲ့ သံစဉ်လေးတွေ…'

ဦးလေးဦးအောင်တိုးက ပြောပြီး ရယ်လိုက်ပြန်၏။

အတန်ကြာ ရယ်ပြီးတော့မှ…

'ဒါတွေကိုထားလိုက်ပါလေ၊ ခု သမီးကို ဒီကိုလာတာ လူနာမေးပဲဆိုပါတော့'

'ဟုတ်ကဲ့'

'ကဲ… ဒီမှာ သားတို့ သမီးတို့ လွတ်လွတ်လပ်လပ် စကားပြောကြဦး၊ လေးလေး အလုပ်ကျန်လေးတွေကို ပြီးပြတ်အောင် လုပ်လိုက်ဦးမယ်'

ဦးလေးဦးအောင်တိုး ထသွားတော့ ယဉ်ကျေးဝေက…

'ကိုတိုးဖေဖေက တစ်မျိုးပဲနော်၊ သူ့ဘဝမှာ သူပြန်မပြောချင်တော့တဲ့ အတိတ်ဟောင်းလေးတွေ ရှိခဲ့သလားမသိဘူး'





'ကိုယ်လည်းမသိဘူး ယဉ်ကျေး'

'သြော်… မေ့နေလိုက်တာ၊ ဒီမှာ ကိုတိုးအတွက် ဆေးတွေ ယဉ်ကျေးဝယ်လာတယ်၊ အားဆေးတွေပါ၊ ဒါက ကိုတိုးကြိုက်တဲ့ သစ်သီးကိတ်'

ယဉ်ကျေးဝေ၏ လှုပ်ရှားမှုကို သူမ တွေတွေကလေး ကြည့်နေဆဲမှာ…

'ကိုတိုးကို ပြောရဦးမယ်၊ မေသက်ကလေ ကိုတိုးကို စိတ်ဆိုးပြေသွားပြီတဲ့၊ အဲဒါ လွန်တာရှိရင် ဝန္ဒာမိပါပဲတဲ့'

ယဉ်ကျေးဝေစကားကြောင့် ကိုတိုးက သူမဘက်လှည့်ပြီး ပြုံးပြသည်။

'မေသက်က ငယ်ငယ်ကတည်းက ဒီအတိုင်းပဲဥစ္စာ၊ နေရာတကာမှာ သူ့စိတ်ကြိုက် ကိုယ်ကနေခဲ့ရတာ'

ကိုတိုးအပြုံးကို မြင်ရတော့ သူမရင်မှာ ပျော့သလို ခံစားသွားရသည်။

ပြီး သူမနှင့် အတန်းတူတက်သည့် မမဆွေ၏ စကားက နားထဲဖြတ်ဝင်လာ၏။ မနေ့က အအေးတူသောက်ရင်း မမဆွေ ပြောခဲ့သည့်စကား။

'ကိုယ့်ဘက်က ဆုံးဖြတ်ချက်ခိုင်မာနေပြီဆိုရင်တော့ မမဆွေ ဘာမှမပြောတော့ဘူး မေသက်၊ ငယ်ချစ်ဆိုတာ တွေ့ခဲပါတယ်၊ ကိုယ်ကလည်း တာကယ်မဖြစ်နိုင်ဘူး၊ သူ့နဲ့ပတ်သက်ပြီး အားလုံးကို စွန့်ရဲတယ်ဆိုရင် သူတောင်းထားတဲ့အခြေတို



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပေါ့၊ တစ်ခုတော့ရှိတယ်၊ မိန်းကလေးဆိုတာ ချစ်သူကို့ရှာတာထက် အိမ်ထောင်ဘက်ကိုရှာတာ ပိုမှန်ကန်လိမ့်မယ်လို့ မမဆွေ ထင်တယ်၊ ချစ်သူဆိုတာ ခဏအပျော်၊ အိမ်ထောင်ဆိုတာ ဘဝအဖော်၊ မေသက်ပြောသလိုဆိုရင် မေသက်မိဘတွေက ဒီကိစ္စကို အပြင်းအထန်ကန့်ကွက်ကြမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုတိုးဆိုတဲ့ ကောင်လေးက မေသက်တို့ထက် အစစအရာရာ နိမ့်ပါးနေတာကိုး၊ ရင်ဆိုင်လေ၊ တကယ်ချစ်ရင် ရင်ဆိုင်ရဲကြရတယ်'

မမဆွေစကားများကို ကြားယောင်ရင်း ကိုတိုးမျက်နှာကို သူမက လှမ်းကြည့်သည်။

ကိုတိုးက ယဉ်ကျေးဝေမျက်နှာကို ငေးငေးစိုက်စိုက်ကြည့်နေတာတွေ့တော့ သူမရင်ထဲမှာ ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

ကိုတိုးသည် သူမ၏ ကိုတိုးမှ ဖြစ်နိုင်ပါတော့မလား၊

✣ ✣ ✣



(၃၀)

သူမ မမဆွေကို လေးစားသည်။

မမဆွေကို ယုံကြည်သည်။

သူမထက် တစ်နှစ်မျှသာကြီးသော်လည်း မမဆွေသည် သူမကို အကောင်းဆုံးအကြံဉာဏ်များပေးနိုင်သည့် အတန်းဖော်။

အုတ်ခုံတန်းလေးမှာထိုင်ရင်း သူမရင်ထဲက ခံစားနေရမှုများကို မမဆွေကို ပြောဖြစ်တော့…

'ဒါကတော့ မေသက်ရယ်၊ မေသက်ဖေဖေကို အပြစ်ပြောလို့မရတော့ဘူးပေါ့ကွယ်၊ အခြေအနေက ငယ်ငယ်က အခြေအနေလိုမှ မဟုတ်တော့တာဘဲ'

မမဆွေက သူမပခုံးကို ကြင်နာစွာသိုင်းဖက်ရင်း ပြောသည်။

သူမက မမဆွေကို အားကိုးတကြီး မော့ကြည့်၏။

မမဆွေ မျက်လုံးထဲမှာ အရောင်တွေစွန်းထင်းနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲကို အဖြေထုတ်ဖို့ အင်အားများစွာကို စိုက်ထုတ်နေ လောက်တုန်း

'အရွယ်တွေကလည်း ငယ်တော့တာ မဟုတ်ဘူးလေ၊ ဒီအချိန်မှာ အနေအထိုင် အသွားအလာကို ဟန့်တားမယ်ဆိုရင် လည်း ဟန့်တားသင့် ဟန့်တားထိုက်ပါတယ်၊ ဒါက မိဘတွေ ရဲ့ဝတ္တရားပဲ မေသက်၊ သမီး တစ်ယောက်ကို ထိန်းသိမ်းရတယ် ဆိုတာ လွယ်တာမှမဟုတ်တာ'

မမဆွေက တည်ငြိမ်ရင့်ကျက်သူပီပီ စကားကို အငြိမ်းချမ်းဆုံးပြောသည်။

'မမဆွေ စဉ်းစားပေးပါဦး၊ မေသက်က အသိဉာဏ်မရှိ တဲ့သူမှ မဟုတ်တာ၊ အကျိုးအကြောင်းကို သဘောလောက် ပြောပြရုံနဲ့ နားလည်တတ်ပါတယ်၊ ခုတော့ ကိုတိုးကို လူယုံက တစ်ဆင့် ဖေဖေ ပြောခိုင်းတယ်၊ ကိုတိုး ဘယ်လောက်မျက်နှာ ငယ်ရသလဲဆိုတာ မေသက် မမြင်လိုက်ရလို့ မသိလိုက်ဘူး မမဆွေ၊ အခုတော့ မေသက် သိလိုက်တယ်၊ ကိုတိုး မေသက် တို့မိသားစုကို နာကြည်းသွားတယ်ဆိုတာ၊ အဲဒီအတွက် တွေး လိုက်တိုင်း မေသက် အရမ်းခံစားနေရတယ်'

ပြောပြီး ပင့်သက်ကို မှုတ်ထုတ်သည်။

ရွက်ကြွေတွေက မြေလမ်းကလေး ပြည့်လုနီးပါး။

ငှက်တစ်အုပ်ပျံလာသည်ကိုလည်း လှမ်းမြင်သည်။

မမဆွေက သူ့ကို တစ်ချက်ကြည့်၍…





'မမဆွေလည်း ငယ်ရာက ကြီးလာခဲ့သူပါ၊ ခံစားချက် ဆိုတာကို မမဆွေ သဘောပေါက်ပါတယ်၊ ခု မေသက် ဘာ ဆက်လုပ်ချင်လဲ၊ ကိုတိုးကို အဖြေပေးမယ်ဆိုလည်း ပေးလိုက်၊ ရက်နဲ့အချိန်ကို စောင့်စားမနေနဲ့တော့၊ တစ်ခုတော့ရှိတယ်၊ ကိုယ့် ကိုယ်ကို မိန်းကလေးဆိုတာကိုတော့ မမေ့နဲ့'

'စိတ်ညစ်လိုက်တာ မမဆွေရယ်'

'အဖြေကိုရှာတယ်ဆိုတာကတော့ လွယ်လွယ်ကူကူနဲ့ ဘယ်ရမလဲ မေသက်ရယ်'

ရင်ထဲမှာ တည်ရှိနေသေးသော စကားတို့သည် အပြင် သို့ အန်ကျလာခြင်းမရှိတော့။

မမဆွေမျက်နှာကိုသာ သူမ မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (ငါး)

www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

**သမီးလေး ယဉ်ကျေး…**

မေမေ စာရေးလိုက်ပါတယ်။

စာမရေးတာကြာလို့ မေမေ့ကိုတော့ စိတ်ကောက်မနေနဲ့နော်၊ ဈေးဆိုင်က အလုပ်တွေ၊ အိမ်ကအလုပ်တွေနဲ့ မေမေ တစ်ယောက်တည်း ဝိုင်းဝိုင်းလည်နေတာမို့ စာမှန်မှန်မရေးဖြစ်တာပါ။

သမီးလေး နေကောင်းရဲ့လားဟင်။

စာတွေကိုရော လိုက်နိုင်ရဲ့လား သမီးရယ်။ ငွေကြေးအတွက်တော့ သမီး ဘာမှအားမငယ်နဲ့၊ မေမေ စက်ချုပ်လို့ရတဲ့ ငွေတွေအားလုံးကို သမီးအတွက် စုဆောင်းခဲ့တာပါ။

မေမေ့သမီးဟာ တစ်နေ့ ဘွဲ့တွေအများကြီးပိုင်ဆိုင်တဲ့ ပညာတတ်မိန်းမတစ်ယောက် ဖြစ်ရမယ်။ ဒါဟာ မေမေ့ရဲ့ အကြီးမားဆုံးသော ယုံကြည်ချက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



*ငွေမရှိရင် ငွေရှိတဲ့သူတွေက ဖိနှိပ်တာကို ခံရမယ်၊ ပညာမရှိရင် ပညာရှိတဲ့သူတွေက အနိုင်ယူခြယ်လှယ်တာကို ခံရမယ်။*

*မေမေဟာ အဖမဲ့ဘဝနဲ့ နေရောင်အောက်ကနေ ရုန်းထွက်လာခဲ့ရသူပါ သမီး။ သမီးကို မမွေးခင်က မေမေ ခံစားကြုံတွေ့ခဲ့ရတဲ့ ဘဝတွေကို အခါအခွင့်သင့်တဲ့တစ်နေ့ကျရင် သမီး သိလာရမှာပါ။*

*လူဆိုတာ လရောင်အောက်မှာ ပန်းကောက်ပြီး ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းဖြတ်သန်းချင်ကြတာချည်းပဲ။ ဘယ်သူကမှ နေရောင်အောက်က ဆူးတစ်ဆူး၊ မြက်တစ်ပင်ဘဝနဲ့ အသက်ရှင်ချင်ကြမလဲကွယ်။*

*အဲဒါတွေကို သမီး နားလည်ပါတယ်။*

*မေမေဟာ အတန်းပညာ မတောက်တခေါက်နဲ့ ဘဝကို အံတုခဲ့ရတဲ့အချိန်မှာ မေမေ့ရင်ထဲက စိုက်ဝင်စူးနစ်ခဲ့တဲ့ လောကရဲ့ ဒဏ်ရာဒဏ်ချက်တွေက များလွန်းလှတယ်။*

*မေမေ ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ အတိတ်ဆိုးဟာ မေမေ့ကို အမြဲမပြတ် ခြောက်လှန့်နေတုန်းပါပဲ သမီး။ သမီးကို မေမေ ခံစားခဲ့ရသလို မခံစားစေချင်ဘူး။ မေမေ ဖြတ်သန်းခဲ့ရသလို မဖြတ်သန်းစေချင်ဘူး။ ဒါကြောင့်မို့ မေမေ့သမီးလေးကို ပညာတတ်တစ်ယောက်ဖြစ်အောင် မေမေ ပြုစုပျိုးထောင်ခဲ့တယ်။*

*မေမေ့စကားကို သမီးလေး နားထောင်ပါ။*





*ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာအားလုံးရဲ့ ဆုမွန်တွေကို သမီးလေး အမြဲမပြတ် ဆင်ခြင်ပါ။*

*မေမေမှာချင်တာ အဲဒါပါပဲ သမီး။*

*မေမေ့သမီးလေးဘဝ အေးချမ်းပါစေ၊ ငြိမ်းချမ်းပါစေ။*

***အမြဲသတိရနေတဲ့***

***မေမေ***

မေမေ့စာကိုဖတ်ပြီး ယဉ်ကျေးဝေ ပင့်သက်ကိုချလိုက်သည်။

'ဘာတွေရေးထားလဲ ယဉ်ကျေး'

အခန်းဖော်မိနိုင်က လှမ်းမေးသည်။

'ဘာမှထူးထူးခြားခြားမပါပါဘူး မိနိုင်ရယ်၊ သာကြောင်းမာကြောင်းနဲ့ စာကြိုးစားဖို့အကြောင်းတွေပါပဲ'

စကားကိုချန်ပြီး ပြောဖြစ်သည်။

မိနိုင်က အရယ်မျက်နှာဖြင့်…

'ကိုယ်က စာလာတယ်ဆိုတော့ နယ်မှာကျန်ခဲ့တဲ့အချစ်ဆီကလားလို့'

'ယဉ်ကျေးမှာ ဘာအချစ်မှမရှိပါဘူး'

'ဒါဆို ကိုတိုးဆိုတဲ့ပုဂ္ဂိုလ်လေးကရော'

'ဘယ်လို'

ယဉ်ကျေးဝေ မျက်လုံးဝိုင်းသွားသည်။

'ကိုတိုးလေ… မနက်နဲ့ညကို အပိုင်စားပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ပုဂ္ဂိုလ်လေ'

'ဟယ်… မိနိုင်ရယ်၊ တို့က အစကတည်းက ငယ်သူငယ်ချင်းတွေပါဟယ်၊ တခြား ဘာဘာညာညာစိတ်တွေနဲ့ ခင်နေကြတာမဟုတ်ပါဘူး'

'ဒါဆို မနေ့ညနေက စာအုပ်တွေဖွပ်စ်ပြီး အဲဒီ ကိုတိုးကလည်း လာမယ်ဆိုပြီးတော့ မလာဘူး၊ ဘယ်တွေကို လျှောက်သွားနေမှန်းမသိဘူး၊ ဒီကတော့ ပြင်ထားလိုက်ရတာ ဘာညာနဲ့ ကိုယ်အိပ်နေတယ်ထင်ပြီး တစ်ယောက်တည်းပြောနေတာလေ၊ အဲဒါတွေက ဘာသဘောလဲ ယဉ်ကျေးရဲ့'

'အဲတော့'

ယဉ်ကျေးဝေမျက်လုံး စာစာကထက် ပိုဝိုင်းသွားသည်။

မိနိုင်ကိုလည်း မလုံမလဲကြည့်ရင်း…

'အဲဒီတုန်းက မိနိုင်က အိပ်နေတယ်မို့လား'

'မအိပ်ပါဘူး'

'ဒုက္ခပါပဲ… မိနိုင် အိပ်နေတယ်ထင်ပြီး စိတ်ပေါက်ပေါက်နဲ့ တွေ့ကရာလျှောက်ပြောနေတာပါဟယ်'

အရှက်ကို မျက်တောင်ကလေးပုတ်ခတ်လုပ်ပြီး ယဉ်ကျေးဝေက ကာကွယ်သည်။ မိနိုင်က အသံထွက်အောင်ရယ်ပြီး…

'ရှက်မနေပါနဲ့ ယဉ်ကျေးရာ၊ အချင်းချင်းတွေကို ဘာဖြစ်လို့ ဒီလောက်တောင် သိုဝှက်ချင်နေရတာလဲ၊ ပြီးတော့





ဘယ်သူမှမသိတာလဲမဟုတ်၊ တစ်ဆောင်လုံး သိ၊ တစ်ရွာလုံး သိ'

ဘုရား… ဘုရား…

အားလုံးသိနေကြတယ်တဲ့။

တကယ်ဆိုရင်…

ကိုတိုးက မိမိကိုချစ်တယ်ဆိုတဲ့စကား တစ်လုံးတစ်ပါဒမျှတောင် မပြောသေးပါဘူး။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

ရယ်ရယ်ပြုံးပြုံးဖြစ်နေသော ကိုတိုးမျက်နှာကိုကြည့်၍ ယဉ်ကျေးဝေ ပျော်ရွှင်နေသည်။

ကိုတိုးက သူမလက်ထဲမှ စာအုပ်များကို ဆွဲယူလိုက်ရင်း…

'ကိုယ့်ကို သူငယ်ချင်းတွေက စကြတယ် ယဉ်ကျေးရဲ့၊ တကယ်ဆိုရင် ကိုယ်နဲ့ ယဉ်ကျေးအကြောင်းကို သိတာလည်း မဟုတ်ဘဲနဲ့'

'ဒါကတော့ သဘာဝကျပါတယ် ကိုတိုးရာ၊ ယဉ်ကျေးတို့နှစ်ယောက်က စားအတူ သွားအတူဆိုတော့ စ,မယ်ဆိုလည်း စ,ချင်စရာပဲပေါ့၊ ယဉ်ကျေးကိုလည်း ယဉ်ကျေးသူငယ်ချင်းတွေက စကြတာပဲ'

ကိုတိုး၏အကြည့် သူမမျက်နှာပေါ်ရောက်လာတော့ ရင်က ခုန်လှုပ်လာရသေး၏။





'ကိုယ်တို့နှစ်ယောက်က ဝါသနာလည်းတူတယ်၊ ယုံကြည်ချက်၊ ခံယူချက်တွေလည်းတူတယ်၊ ပြီးတော့ ဘဝနဲ့ပတ်သတ်တဲ့ ခံစားချက်တွေလည်း တူကြတယ်'

'အင်းနော်'

'ကိုယ်ကတော့ ကိုယ်ယုံကြည်ထားတဲ့အရာကို မဖြစ်မနေလုပ်မှာပဲ ယဉ်ကျေး၊ နောက်ဆုတ်ဖို့ကိုတော့ စိတ်ကူးထဲမှာတောင် မရှိဘူး'

စကားတပြောပြောနှင့် လျှောက်လာရင်း ကန်ဘောင်ဘက်ကို ဖြတ်ကူးသည်။ ကန်ဘောင်ပေါ်ရောက်တော့ အင်းလျား၏လေပြည်အေးကို တွေ့ထိခံစားရ၏။

'ယဉ်ကျေးလည်း ကိုတိုးလို ယုံကြည်ချက်ပါပဲ၊ ကိုယ့်ကို ယုံကြည်ချက်နဲ့ယှဉ်တွဲပြီး မေမေဖြစ်စေချင်တာတွေကိုလည်း လုပ်ပြချင်သေးတယ်၊ ဒါကြောင့် ကျောင်းမှာ သူများကြိုးစားတာထက် ယဉ်ကျေး နှစ်ဆပိုကြိုးစားတယ်'

'ကိုယ့်ဖေဖေကတော့ ကိုယ့်ရဲ့ဝါသနာကို အရမ်းအားပေးတာ ယဉ်ကျေးရဲ့၊ အိမ်မှာဆို သားအဖနှစ်ယောက်က တကယ့်ကို စိတ်တူသဘောတူပဲ၊ ဖေဖေ တီးရင် ကိုယ်က ဆိုတယ်'

'ကိုတိုးဘဝကို ယဉ်ကျေး အားကျလိုက်တာတွယ်'

ခြေလှမ်းကို အရှေ့ဆုံးမှာထားသည်။

ထံပါးမှာ ကိုတိုးရှိနေလျှင် သူမဘဝ လုံခြုံ[illegible] သည်ဟုလည်း ယဉ်ကျေးဝေ ယုံကြည်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



'ယဉ်ကျေးဝေတို့မှာက အမေတစ်ခု၊ သမီးတစ်ခုရယ်၊ ယဉ်ကျေးမေမေက ပညာတတ်တစ်ယောက်ပဲ ဖြစ်စေချင်တယ်၊ တတာဆိုတာတွေနဲ့ပတ်သက်လာရင် မေမေ ဘယ်လိုမှသည်းမခံဘူး၊ အဲဒါကြောင့် ယဉ်ကျေးတို့ ရန်ကုန်က ပြောင်းရွှေ့သွားရတာပေါ့'

'ယဉ်ကျေးမေမေမှာ အနုပညာနဲ့ပတ်သက်ပြီး သီးသန့်ခံစားချက်တွေများ ရှိနေမလားမသိဘူး'

'အဲဒါတော့ ယဉ်ကျေးမသိဘူး ကိုတိုး'

အတူယှဉ်လျှောက်ရင်း ကိုတိုး ပခုံးစွန်းနှင့် ရုံဖန်ရံခါ ထိတွေ့သည်။ သည်အပေါ်မှာ သူမ၏ခုန်လှုပ်လာသော ရင်၏ အနက်အဓိပ္ပာယ်ကို သူမ ဖွေရှာလို့မရ၊ ကိုတိုးနှင့်ပတ်သက်ပြီး သူမရင်ထဲမှာ လူမသိသူမသိ ခံစားမှုတွေက ထာဝရ ဖိစီးနှိပ်စက်နေသည်ကိုတော့ ကိုယ့်ကိုယ်ကိုယ် သိနေ၏။

နောက်ပြီး…

အိပ်မက်ထဲမှာလည်း ကိုတိုး။

အဆောင်ရှေ့က ရွက်စိမ်းလေးတွေကြားမှာပင် ကိုတိုးက ရှိနေသည်။

'ယဉ်ကျေး'

'အမလေး လန့်လိုက်တာ၊ အနီးဆုံးမှာရှိနေတာ ကိုတိုးရယ်၊ ဖြည်းဖြည်းသက်သာ ခေါ်စမ်းပါ'

'ဘာတွေ တွေးနေတာလဲ'





ရှက်ရိပ်ကလေးနှင့် ပြုံးနေဆဲမှာ…

'မြီးရှည်ပဲစားမယ်နော်'

သူမ ခေါင်းကို ကမန်းကတမ်းညိတ်လိုက်ရပါ၏။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

…ာစ်ညလုံး စဉ်းစားထားသည့်အကြောင်းအရာတွေ။

သည်အကြောင်းများကို မေသက်သိအောင် ဦးစွာပြောပြမည်။ မေသက်ဆီက အကြံဉာဏ်ကိုတောင်းမည်။ မေသက်၏ ထင်မြင်ချက်နှင့် သဘောထားဆန္ဒကို မေးမည်။

တုံ့ပြန်လာမည့် မေသက်၏အဖြေစကားကို သူမ သိလိုသည်။

ကိုတိုးကို မိမိက တိတ်တခိုးစွဲလမ်းနေသည့်အကြောင်းကိုသာ မေသက်သိလျှင် သူမ၏ချစ်ခြင်းကို လက်ခံကြိုဆိုနေမည်လား၊ မိမိကို ကိုတိုးနှင့် မေသက် သဘောတူတန်ကောင်းပါ၏။

အတွေးနှင့်အတူ စိတ်တွေက လှုပ်လှုပ်ရှားရှား။

မေသက်နှင့် ချိန်းဆိုထားရာ ကန်စပ်က မြီးရှည်ဆိုင်ကိုရောက်တော့ နာရီလက်တံက ဆယ့်နှစ်နာရီထိုးရန် ဆယ်မိနစ်မျှ လိုသေးသည်ကို တွေ့ရ၏။





မြီးရှည်တစ်ပွဲနှင့် အအေးတစ်ပုလင်းမှာသည်။

မေသက် ရောက်လာလျှင် ဦးစွာပြောမည့် စကားကို ရှာကြည့်သည်။ စိတ်တွေက ထွေနေသဖြင့် စကားကို စဉ်းစား၍မရ။

'ငါ ဘာဖြစ်လို့ ကိုတိုးကို ချစ်ခဲ့ရတာလဲ၊ ဝါသနာတူတာရယ်၊ စရိုက်တူတာရယ်၊ ပြီးတော့ နှလုံးသားက လက်ခံတာရယ်၊ အဲဒါတွေကြောင့်များလား၊ အို… ဘာပဲဖြစ်ဖြစ် မေသက်ကို ငါ ဖွင့်ပြောလိုက်တာ ကောင်းပါတယ်၊ ဒါမှ မေသက် ငါ့ကို အကောင်းဆုံးအကြံဉာဏ်တွေ ပေးနိုင်မယ်'

တဆက်တည်းမှာပင် မိမိသည် မိန်းကလေးပါလား ဆိုသည့် အသိစိတ်က ပြန်ခြောက်လှန့်သည်။ စိတ်သည် အဝေးသို့ လွင့်ထွက်သွားပြန်၏။

'တို့သူငယ်ချင်းသုံးယောက် ဘယ်တော့မှ မခွဲဘဲ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နေချင်ပါတယ် ယဉ်ကျေးရယ်၊ ကိုတိုးကိုလည်း ခင်တယ်၊ စိတ်လည်းဆိုးတယ်၊ ဖြတ်မယ်ဆိုတော့လည်း မဖြတ်နိုင်ပါဘူး'

မေသက် ပြောခဲ့ဖူးသောစကားကို ပြန်ကြားသည်။ ကန်ရေကို ကျော်ဖြတ်တိုက်ခတ်လာသည့် လေပြည်က သူမ၏ ဆံစများကို ဖွသွား၏။

'ယဉ်ကျေး ဘာငိုင်နေတာလဲ'

ပခုံးကို ဖျတ်ခနဲ ပုတ်ခံလိုက်ရသဖြင့် အသံလာရာသို့



www.burmeseclassic.com

www.burmeseclassic.com



စောကြည့်ခိုမြီးသား ဖြစ်သွားသည်။

'ဟင်… မေသက်'

မေသက်က သူမကိုကြည့်ပြီး ရယ်နေ၏။ ရယ်ရင်းနှင့် နှင်းမြူတက်ကြွစွာ သူမနံဘေး ခုံပုလေးမှာ ဇွေ့ခနဲဝင်ထိုင်သည်။

ယဉ်ကျေးဝေ ရင်တွေပိုခုန်လာ၏။

'ငါ အရင်ပြောမယ် ယဉ်ကျေးရာ၊ နင် နောက်မှပြောစမ်းပါ'

စကားကို သူ အရင်ပြောမယ်၊ ငါ အရင်ပြောမယ် ငြင်းနေသဖြင့် မေသက်ကို လက်ကာပြလိုက်ပြီး…

'မေသက်က လိမ္မာပါတယ်ကွာ၊ ယဉ်ကျေးစကားကို အရင်နားထောင်စမ်းပါဦး၊ မေသက်ပြောမှာကို ပြီးရင် ကိုယ်နားထောင်ပါ့မယ်'

မေသက်က ခေါင်းကို အဆက်မပြတ်ခါယမ်းပြီး…

'ကိုယ်အရင်ပြောချင်တယ် ယဉ်ကျေး၊ ဒီအကြောင်းကို ပြောချင်လွန်းလို့ ယဉ်ကျေးနဲ့ တအားတွေ့ချင်နေတာ၊ ခု ယဉ်ကျေးက ပြောစရာရှိတယ်ဆိုပြီး ချိန်းလိုက်တာနဲ့ အခွင့်ပဲဆိုပြီး ကိုယ် ထွက်လာတာ၊ ကိုယ် အရင်ပြောမယ်ကွာ၊ အေးအေးဆေးဆေး နားထောင်စမ်းပါ'

မေသက်က ကလေးတစ်ယောက်လို ဆိုးနွဲ့ပြီး သူမလက်ကို တဖွဖွကိုင်လှုပ်ပြောသည်။

ယဉ်ကျေးဝေ စိတ်ကိုလျှော့လိုက်၏။





မေသက်စကားကို နားထောင်ပြီးမှ နှလုံးသားအကြောင်း ဆွေးနွေးတော့မည်ဟု တွေးတောရင်း…

'ကဲ… ကဲ… ပြော မေသက်ရေ၊ မင်းကတော့ သူငယ်ချင်းတွေကို အမြဲအနိုင်ယူတတ်တာပဲ'

မေသက်အပြုံးကို လှလှပပမွေးတွေ့ရသည်။

မေသက်အတွက် မြီးရှည်တစ်ခွက်နှင့် အအေးတစ်လုံး ရောက်လာ၏။

'ဘာပြောမှာလဲ… ပြောလေ'

ယဉ်ကျေးဝေမျက်နှာကို မေသက်က စေ့စေ့ကလေး ကြည့်ပြီး…

'ကိုယ်ပြောမယ့်စကားကို ယဉ်ကျေး နားထောင်ပြီး ယဉ်ကျေး ဝမ်းသာသွားမယ်ဆိုတာ ကိုယ် သိနေတယ်၊ ဒီစကားကို ကိုယ် ယဉ်ကျေးကို ပြောချင်နေတာကြာပြီ၊ အခါအခွင့်မသင့်သေးတာရယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသေးတာရယ်ကြောင့် မပြောဖြစ်ခဲ့တာပါ'

မေသက်စကားတွေက ဆန်းနေသည်ဟု ထင်လိုက်၏။ မေသက်မျက်လုံးထဲမှာ ပျော်ဝင်နေသော အဓိပ္ပာယ်ပေါင်းများစွာအတွက် အဖြေကို သူ ရှာမတွေ့။ တစ်ခုခုတော့ တစ်ခုခုပဲဟု စိတ်ထဲမှာ တွေးမိသည်။

'မေသက်ပြောမယ့် စကားတွေက ကိုတိုးနဲ့ပတ်သက်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ်'

ယဉ်ကျေးဝေရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

မေသက်မျက်နှာကိုလည်း မော့ကြည့်မိ၏။

မေသက်က အအေးကို ခပ်မျှင်းမျှင်းရှုပ်ယူလိုက်ပြီးမှ စကားကို ဖြည်းညင်းစွာပြောသည်။

'ဟုတ်တယ် ယဉ်ကျေးရယ်၊ ကိုယ် ကြံရာမရဖြစ်နေလို့ ယဉ်ကျေး တိုင်ပင်ရတာပါ၊ ဘာပဲပြောပြော ယဉ်ကျေးဆီက အဖြေတစ်ခုခုကို ကိုယ်လိုချင်တယ်၊ အဲဒီအတွက် ကိုယ်ဒီကိုရောက်လာတာပါ'

သည့်နောက်...

မေသက်စကားတွေက သူမနားထဲမှာ ကြားတစ်ချက်မကြားတစ်ချက်။ နားထဲမှာ ဆူဝေလာသည်။ အမြင်တွေ ချာချာလာသည်။

'ကိုတိုးကို မေသက် သိပ်ချစ်တယ် ယဉ်ကျေးရယ်၊ ဒါပေမဲ့ ဖေဖေပြောခဲ့တဲ့ စကားတွေက ကိုတိုးနားထဲက ထွက်မှာမဟုတ်ဘူး၊ အဲဒီအတွက် မေသက်တို့ အသိုင်းအဝိုင်းကို ကိုတိုး နာကြည်းနေပြီဆိုတာ မေသက် သိတယ်၊ မေသက် ကိုတိုးနဲ့ နှစ်ယောက်ချင်းတွေ့လိုက်ရင် ကောင်းမလားဟင်၊ ယဉ်ကျေး ကိုယ့်ကိုအကြံပေးပါဦး'

မေသက်အသံ၊ မေသက်မျက်နှာ၊ မေသက် အကြည့်များကြားမှာ သူမတစ်ကိုယ်လုံး အဝေးကို လွင့်မျောသွားပြီ





ထင်ပါ၏။ မေသက်ရယ်...။

ကိုယ် မေသက်ကို ပြောစရာကျန်သေးလို့လား။

'ပြောလေ ယဉ်ကျေး၊ ကိုယ် ဘာဆက်လုပ်ရမလဲဟင်'

မေသက်က သူမလက်မောင်းကို ကိုင်လှုပ်ပြန်၏။ သည်အမေးကို ပြန်ဖြေဖို့ အင်အားတွေ ယဉ်ကျေးဝေ ကိုယ်ထဲမှာ မရှိတော့။

သည်ပွဲမှာ သူမ ရှုံးနိမ့်ခဲ့ရပါပြီ။

'ယဉ်ကျေး ဘာပြောရမလဲ မေသက်ရယ်'

စကားသံက ကတုန်ကယင် လှုပ်လှုပ်ရှားရှားထွက်လာသည်။ သူမမျက်နှာဆီမှ အကြည့်ကို မေသက်က မခွာ။ မျက်နှာကိုသာ မျှော်လင့်တကြီး ကြည့်နေ၏။

'ကိုတိုးနဲ့ မေသက်မှာ နှလုံးသားနဲ့ပတ်သက်တဲ့ စကားတွေ ရှိခဲ့တယ်ဆိုတာ ယဉ်ကျေး ခုမှသိတယ် မေသက်၊ မေသက်ကို ကိုတိုး ချစ်ခွင့်တောင်းခဲ့တာ ကိုတိုးဘက်က မှန်တယ်လို့ ယဉ်ကျေးထင်တယ်၊ ကိုတိုးကို မေသက်ဘဝအသိနဲ့ရော နှလုံးသားအသိနဲ့ပါ လက်ခံသင့်ပါတယ်'

ပြောပြီး မောနေရသည့်စကားတွေ။

ဝင်သက်ကို မောပန်းကြီးစွာ ရှူရှိုက်ရသည်။

ကျလုလုမျက်ရည်များကို မျက်တောင်နှင့် မှိတ်ခ...ကာကွယ်၍ မေသက်မမြင်အောင် ဖယ်ရှားပစ်လိုက်၏။

ဖြိမ်သက်ခြင်းမရှိသော ရင်ကို မည်သို့မျှ...



www.burmeseclassic.com

www.burmeseclassic.com



အဘွားတို့သည် အပိုင်းအစများအဖြစ် ကိုယ်နှင့်ဝေးရာသို့ ပေါက်ကွဲလွင့်စင်သွားသည်။

'မေသက် အားလုံးကို စဉ်းစားပြီးပြီ ယဉ်ကျေး၊ ကိုတိုးနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲပြဿနာတွေ အားလုံးကို မေသက် ရင်ဆိုင်မယ်၊ ကိုတိုးကို ဒီနေ့ဖြစ်ဖြစ် မနက်ဖြန်ဖြစ်ဖြစ် တစ်နေ့နေ့မှာ မေသက် အဖြေပေးလိုက်တော့မယ်'

မေသက် စကားလုံးတွေက သူမနားထဲမှာ ပူလောင်နေပါပြီ။ ပြုံးပြရင်းနှင့် အံကိုတင်းတင်းစေ့ထားမိ၏။

'ဖေဖေတို့က မေသက် ကျောင်းမပြီးခင် သူတို့သဘောတူတဲ့ ဆရာဝန်တစ်ယောက်နဲ့ စေ့စပ်တာတွေလုပ်ကြမှာ ယဉ်ကျေးရဲ့၊ အဲဒီအတွက်လည်း မေသက်ရင် အရမ်းပူနေရတယ်၊ တော်ကြာ ကြားထဲမှာ မထင်မှတ်တာတွေ ကောက်လုပ်လိုက်ရင် ကိုယ် ရင်ကျိုးလိမ့်မယ်'

မေသက်က စကားကိုရပ်ပြီး သူမမျက်နှာကို မျက်လုံးလှန်ကြည့်သည်။

'ကိုတိုးနဲ့ မေသက်ကို ယဉ်ကျေး သဘောတူတယ်မို့လားဟင်'

'တူပါတယ် မေသက်ရယ်၊ ကိုတိုးနဲ့ မေသက်က တကယ့်ငယ်သူငယ်ချင်းစစ်စစ်တွေပဲဟာ၊ ယဉ်ကျေး ဘာမှ ကန့်ကွက်စရာမရှိပါဘူး'





'ကိုယ် အရမ်းပျော်သွားပြီ'

မေသက်က သူမ၏ လက်ဖဝါးနုနုလေးကို အားပါးတရ ဆုပ်ကိုင်လိုက်သည်။ သူမကတော့ မေသက်ထံပါးမှ ခြေထွက်သွားချင်ပြီ။

'ကဲ… ကိုယ်ကတော့ စကားတွေပြောပြီးပြီ၊ ယဉ်ကျေး ပြောမယ့်စကားတွေကို ကိုယ် နားထောင်တော့မယ်'

သူမ အသက်ရှူကြပ်သွား၏။

ပြောရမည့်စကားအတွက် ဆုံးဖြတ်ချက်ကို လတ်တစ်လော ချပြီး အင်အားတို့ကို မွေးယူလိုက်သည်။

'မေသက်'

'ပြောလေ ယဉ်ကျေး'

'ယဉ်ကျေး ကျောင်းကနေ အပြီးအပိုင်ထွက်တော့မယ်'

'ဘယ်…ဘယ်လို ယဉ်ကျေး၊ နင် ကျောင်းထွက်တော့မယ်'

သူမ တည်ငြိမ်နေသလောက် မေသက် မျက်လုံးအစုံက ဘယ်ညာကူးလူးနေသည်။

'ဟုတ်တယ် မေသက်၊ ယဉ်ကျေး ကျောင်းထွက်တော့မယ်၊ နယ်မှာကျန်ခဲ့တဲ့ မေမေ့ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးချင်သေးတယ်၊ ဒါပေမဲ့ ရန်ကုန်ကိုတော့ ယဉ်ကျေး နောက်တစ်ခါ ထပ်ရောက်ဦးမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ယဉ်ကျေး ကျောင်းမှာ ဆိုခဲ့ကခဲ့တာတွေကို သဘောကျတဲ့ ဒါရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ယဉ်ကျေးကို ဗီဒီယိုရိုက်ဖို့ စကားကမ်းလှမ်းတယ်၊ ခေမွှေသဘောထားလည်း သိချင်သေးတယ်လေ၊ ဒီအကြောင်းတွေ ကိုတိုးသိရင်လည်း အရမ်းဝမ်းသာမှာ'

'ကိုယ်လည်း ဝမ်းသာပါတယ် ယဉ်ကျေးရယ်၊ ဒါပေမဲ့ ကျောင်းကထွက်မယ်ဆိုတာကြီးကိုတော့ ဝမ်းနည်းတာပေါ့'

'လောကကြီးမှာ ဝမ်းသာတာရှိရင် ဝမ်းနည်းတာလည်း ရှိရမယ်လေ၊ အနုပညာအတွက် လမ်းစပွင့်တာကို ယဉ်ကျေး ဝမ်းသာရတယ်၊ မေသက်နဲ့ ကိုတိုး ချစ်သူဘဝရောက်သွားမှာကိုလည်း ဝမ်းသာတယ်၊ ဒါပေမဲ့ ယဉ်ကျေး သိပ်ဝမ်းနည်းသွားတာ တစ်ခုပဲရှိတယ်၊ အဲဒါလေ... အဲဒါက...'

ယဉ်ကျေးဝေအသံ တိမ်ဝင်သွားသည်။

မေသက်က ပျာပျာသလဲနှင့်-

'အဲဒါ ဘာဖြစ်လဲ၊ ပြောလေ ယဉ်ကျေး၊ အဲဒါ ဘာဖြစ်လဲဟင်၊ ဟင်... နင် ငိုနေတယ်၊ ဟုတ်လား ယဉ်ကျေး'

ခြော်... ပတ်ဝန်းကျင်ကို ယဉ်ကျေးဝေ မရှက်နိုင်တော့ပါ။

✣ ✣ ✣

# (၃၄)

'ဘယ်လိုမှ အဓိပ္ပာယ်မရှိဘူး၊ ဒါဟာ ယဉ်ကျေးရဲ့ ဆုံးဖြတ်ချက် အမှန်ကန်မဟုတ်ဘူး၊ ကိုယ်ပြောနေတယ်နော်၊ ကိုယ့်ကို စိတ်တိုအောင် ယဉ်ကျေး မလုပ်နဲ့'

ယဉ်ကျေးဝေက ခေါင်းကို မရဲတရဲမော့၍...

'ယဉ်ကျေး ဆုံးဖြတ်ပြီးသားဖြစ်နေလို့ပါ ကိုတိုး၊ ယဉ်ကျေးရဲ့ဆုံးဖြတ်ချက်ကို မပြင်ပါရစေနဲ့တော့၊ ပြီးတော့ ယဉ်ကျေးမေမေ...'

သူ့မျက်နှာဆီမှ အကြည့်ကို ယဉ်ကျေးဝေက ပြန်သိမ်းသည်။ သူ့အကြည့် အပေါ်မျက်နှာကြက်ဆီရောက်သည်။

'မဟုတ်သေးပါဘူး ယဉ်ကျေးရယ်၊ ကိုယ်တို့ ကိုင်သင်ပြီးမှဆိုလည်း ဟုတ်သေးတယ်၊ ခုဟာက ယဉ်ကျေးသဘောနဲ့ ယဉ်ကျေး လျှောက်လုပ်နေတာ၊ ဘယ်မလဲ ကျောင်းသူကောင်း စာရှက်'



www.burmeseclassic.com

www.burmeseclassic.com



ဆာဆာက သူ့ကို ယဉ်ကျေးဝေပြသော ကျောင်းထွက်ခွင့်စာရွက်လေးကို ပြန်တောင်းရင်း မျက်နှာကိုပါ မကျေမချမ်း ကြည့်လိုက်သည်။

'ကိုတိုးကို ခု ယဉ်ကျေး ဖွင့်ပြောနေပြီပဲ၊ ယဉ်ကျေး ကျောင်းထွက်မယ့်ကိစ္စကို မေသက်လည်း သိပြီးပြီ၊ ဒါကြောင့် ကိုတိုးကို အခု တစ်ခါတည်းပြောတာ'

ယဉ်ကျေးဝေက မျက်လွှာလေးလှန်ပြီး မော့ကြည့်သည်။ ခေါင်းပေါ်ကဆံပင်များကို လက်ထိုး၍ သူ ဖွပစ်လိုက်၏။

စိတ်ထဲမှာ အရမ်းရှုပ်ထွေးနေသည်။

'ခက်လိုက်တာ ယဉ်ကျေးရယ်'

'အပြင်မှာ ထွက်စကားပြောကြမယ်လေ၊ တော်ကြာဆို ညှော်သည်တွေ များလာလိမ့်မယ်'

ပြောပြီး ယဉ်ကျေးဝေက ထိုင်ရာမှထသည်။

အပြင်ဘက်ရောက်တော့ အေးဆေးစွာထိုင်နိုင်မည့် လက်ဖက်ရည်ဆိုင်ကို သူ ရွေးသည်။

'ကိုယ် သိပ်ဝမ်းနည်းတယ် ယဉ်ကျေး၊ ယဉ်ကျေးက ကိုယ် သံယောဇဉ်ထားသလို မထားဘူး၊ ယဉ်ကျေး လုပ်ချင်တာတွေကို အကုန်လျှောက်လုပ်တယ်၊ ကိုယ်တို့က အလကားကောင်တွေပါ၊ ယဉ်ကျေးဘဝထဲမှာ အထင်ကရရှိတဲ့အကောင်တွေ မဟုတ်ပါဘူး'





သူ့စကားအဆုံးတွင် ယဉ်ကျေးဝေက ခပ်ဟဟာ...[illegible] ရယ်လိုက်သည်။ သူကလည်း ယဉ်ကျေးဝေမျက်နှာကို [illegible] ကြည့်လိုက်၏။

'ကိုယ့်စကားက ရယ်စရာကောင်းနေလို့လား'

'ကိုတိုးက မသိရင် ရယ်ဖို့မကောင်းဘူး'

ယဉ်ကျေးဝေထံမှ ရယ်သံထပ်ထွက်လာပြန်၏။

'ဘာပြောတယ် ယဉ်ကျေး'

'သြော်… ကိုတိုးက မသိရင် ရယ်စရာမကောင်းဘူးလို့'

'ဘာဖြစ်လို့'

'ကိုတိုးနဲ့ပတ်သက်တာတွေ မေသက်က ယဉ်ကျေးကို အကုန်ပြောပြတယ်'

'ဘာ့ယ်လို'

သူ တွေသွားသည်။

'ဟုတ်တယ်လေ… ကိုတိုးက ကိုတိုးသံယောဇဉ်ထားသလို မထားဘူးဆိုလို့ ယဉ်ကျေးက ပြောပြတာပါ၊ ကိုတိုးနဲ့ မေသက်ကိစ္စကို ယဉ်ကျေး သိထားပြီးပါပြီ'

သူ ဘာဆက်ပြောရမှန်းမသိ။

မလုံသောကြားမှ ယဉ်ကျေးဝေမျက်နှာကို မော့ကြည့်ရဖြစ်သည်။ ယဉ်ကျေးဝေက လက်ဖက်ရည်ခွက်ကလေးကို ခလောက်ရင်း ရယ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟန်ဆောင်ကောင်းတဲ့သူကို ယဉ်ကျေး အမုန်းဆုံးပဲ၊ ဘိုတိုးနဲ့ပတ်သက်လာရင် ဘယ်တုန်းကမှ ယဉ်ကျေး ဟန်မဆောင်ခဲ့ဘူး၊ ကိုတိုး သိပါတယ်လေ၊ ယဉ်ကျေးရဲ့ စိတ်ဓာတ်နဲ့ အသည်းနှလုံးကို'

သူ ခေါင်းကို အလိုလိုငိုက်ပြီးသားဖြစ်သွားသည်။

အတန်ကြာမှ…

'မေသက်က ဘာတွေပြောလို့လဲ ယဉ်ကျေး'

သူ မဝံ့မရဲ အမေးကို ယဉ်ကျေးဝေ မဖြေ။

'ကိုယ်နဲ့ပတ်သက်တာတွေကို ယဉ်ကျေးကို အကုန်ပြော ပြတယ်ဆိုတော့…'

'ဘာလဲ… ကိုတိုးက လူမိတာ နာတယ်လို့ ပြောချင်နေလို့လား'

သည်တစ်ခါတော့ သူ နာနာကျင်ကျင်ကလေး ရယ်လိုက်၏။

ယဉ်ကျေးဝေနှင့်တကွ တစ်လောကလုံးကို ပြောပြရန်ကျန်နေသော ရင်ထဲကစကားများကို သူ ပြန်အမှတ်ရလာသည်။

'ပြဿနာတစ်ခုရဲ့အဖြေကို မသိသေးခင် အောင်မှတ်ရှုံးမှတ်ကို မလတ်မှတ်ချင်ပါနဲ့ဦး ယဉ်ကျေး၊ ကိုယ့်ရင်ထဲမှာ ယဉ်ကျေးကိုပြောပြဖို့စကားတွေ အများကြီး ကျန်နေပါသေးတယ်၊ အဲဒီစကားတွေ ယဉ်ကျေး နားထောင်ပြီးတဲ့အခါ ကိုယ့်ခံစားချက်တွေကို ယဉ်ကျေး သဘောပေါက်လာမှာပါ'





ယဉ်ကျေးဝေက ရယ်မြဲရယ်နေ၏။

'ကိုယ်ပြောမယ့်စကားတွေကို ယဉ်ကျေး သေသေချာချာ နားထောင်ပေးပါ'

မေသက်ကို ချစ်ရေးဆိုပြီးခဲ့စဉ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များက ခေါင်းထဲသို့ ဖြတ်သန်းရောက်ရှိလာသည်။

သည်တုန်းက မေသက်၊ ဖိုးလေးနှင့် သူ…

✣ ✣ ✣

'ဖိုးလေးကတော့ မင်းတို့လူငယ်တွေရဲ့ သံယောဇဉ်ကို ဘာတစ်ခုမှ မကန့်ကွက်ချင်ဘူး မောင်တိုး၊ ဒါပေမဲ့ မေသက်ဟာ ဖိုးလေးရဲ့တူမ အရင်းခေါက်ခေါက်ပါ၊ ဒီစကားတွေကို ပြောရမှာ ဖိုးလေး စိတ်မကောင်းပါဘူး မောင်တိုးရယ်'

ဖိုးလေးက ပင့်သက်ချပြီး သူ့မျက်နှာကို စူးစမ်းသလို လှမ်းကြည့်သည်။

သူ့နားထဲ မရှင်းသဖြင့်…

'ဖိုးလေး ပြောနေတာတွေကို ကျွန်တော် ဘာမှ သဘောမပေါက်ဘူး၊ ဖိုးလေး ဘာကိုပြောချင်တာလဲ၊ ဘာကို ဆိုင်းချင်တာလဲ၊ အဲဒါ ကျွန်တော် သိပ်သိချင်တယ်'

လက်ဖက်ရည်ဆိုင်၏ အတွင်းစားပွဲသည် ပူစပ်ပူလောင်လာ၏။ သည် လက်ဖက်ရည်ဆိုင်ကို သူ မထိုင်ခဲ့ဖူး။ မောင်သာ



www.burmeseclassic.com

www.burmeseclassic.com



ကို စကားပြောချင်လို့ဟုဆိုပြီး သည်နေရာ သည်ဆိုင်ကို ဖိုးလေးက ကားနှင့်ခေါ်လာခဲ့ခြင်းဖြစ်သည်။

'မောင်တိုးကို ဒါတွေ ပြောပြချင်လို့ ဖိုးလေး ဒီနေရာကို တမင်ခေါ်လာခဲ့တာပါ၊ ဒီလိုကွဲ့ မောင်တိုးရဲ့'

ဖိုးလေးက သူမသိခဲ့သော ဇာတ်ကြောင်းတစ်ခုကို ပြောပြသည်။

'လွန်ခဲ့တဲ့နှစ်က ဖိုးလေးတို့မိသားစုအားလုံး ရှမ်းပြည်နယ်ဘက်ကို ခရီးထွက်ခဲ့တာ မောင်တိုး မှတ်မိတယ် မဟုတ်လား'

သူက ခေါင်းညိတ်ပြသည်။

'အဲဒီတုန်းက ဖိုးလေးညီ၊ မေသက်ဖေဖေရဲ့ ငယ်သူငယ်ချင်းတစ်ယောက်နဲ့ ကျောက်မဲမှာ မထင်မှတ်ဘဲ တွေ့ခဲ့ကြတယ်၊ သူ့နာမည်က ဦးထွန်းလုံတဲ့၊ ပွဲရုံပိုင်ရှင်ကြီးပေါ့ကွယ်'

စကားတန့်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ပြန်၏။

'သူငယ်ချင်းနှစ်ယောက် တွေ့တော့ ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း သားရေး သမီးရေးကိစ္စတွေ ဆွေးနွေးခဲ့ကြတယ်'

ဖိုးလေးက သူ့အကြိုက် ဆေးပေါ့လိပ်ကို တစ်ရှိုက်ဖွာရှိုက်ရင်း ဆေးလိပ်ငွေ့များကို ဖြည်းဖြည်းလေးလေး မှုတ်ထုတ်လိုက်သည်။ ပြန့်ကြဲသွားသော မီးခိုးငွေ့ထဲမှာ မေသက်ပုံရိပ်ကို မြင်သည်။ မေသက်သည် ငယ်ငယ်ကလိုပဲ အပြစ်မဲ့စွာ





ပြုံးရယ်နေ၏။

'အဲဒါ ဦးထွန်းလုံမှာ သားတစ်ယောက်ကလည်း ပါလာတယ်၊ သားလေးကလည်း ဆရာဝန်ဘွဲ့ရထားတဲ့ သူငယ်ပါပဲ၊ တိုတိုနဲ့လိုရင်းကို ပြောရမယ်ဆိုရင် ဦးထွန်းလုံသား မင်းသက်အောင်နဲ့ မေသက်ကို နှစ်ဖက်မိဘတွေက စကားကတိနဲ့ သဘောတူခဲ့ကြပြီး...'

'တော်ပါတော့ ဖိုးလေးရယ်၊ ဒီလောက်ဆိုရင် ကျွန်တော် သဘောပေါက်ပါပြီ'

သူ့နှုတ်မှ စကားလုံးတွေ ခက်ခက်ခဲခဲ ခုန်ထွက်ကျလာသည်။

ဖိုးလေးက သူ့လက်ထဲမှ ဆေးလိပ်တိုကို ပြာခံခွက်ထဲ ထည့်လိုက်ပြီး လက်ဝါးနှစ်ဖက်ကို ပွတ်သပ်နေ၏။

'ဆုံးအောင်နားထောင်ပါဦး မောင်တိုးရယ်၊ ဖိုးလေး ဒီစကားတွေကို မပြောချင်ဘဲနဲ့ ပြောနေရတာပါ'

ဖိုးလေး ပြောနေသော်လည်း သူ့စိတ်တစ်ခုလုံးသည် ဖိုးလေးနှင့်အတူ ရှိမနေတော့။

ကျောက်မဲမှ မေသက် ပြန်ရောက်လာပြီးသည့်နောက်ပိုင်း မေသက်တို့မိသားစု သူ့အပေါ် ရုတ်ခြည်းစိမ်းသွားသည့် အဖြစ်ကို ခုမှ သူသဘောပေါက်လာသည်။

မေသက်ကိုလည်း သူ နာကြည်းသွားခဲ့သည်။

'ဖိုးလေးတို့ ရန်ကုန်ပြန်ရောက်ပြီး မကြာခင်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးသွန်းလှံနဲ့ ဒေါက်တာမင်းသက်အောင် ရန်ကုန်လိုက်လာတယ်၊ ဖိုးလေးတို့ဘက်က နှုတ်ကတိစကားကျွံခဲ့တာတွေကို အစပြန်ဖော်ပြီး စေ့စပ်ပွဲလုပ်ဖို့ ဦးထွန်းလှံဘက်က အတိအလင်း ကမ်းလှမ်းလာတယ်၊ အားလုံးက အားနာရလောင်အောင်ပဲ ဦးထွန်းလှံတို့ဘက်က ကောင်းခဲ့တယ် မောင်တိုး၊ ဒါကြောင့် မေသက်နဲ့ စေ့စပ်ဖို့ကို လိုလိုလားလားနဲ့ ခေါင်းညိတ်ခဲ့ကြတယ်'

စကားက သူပြန်ပြောနိုင်စွမ်းမရှိသောစကား။ သူ့ဘက်က ကန့်ကွက်စရာ တစ်စုံတစ်ရာမျှမရှိတော့သောစကား။

မေသက် မျက်နှာကို တရေးရေးမြင်လာသည်။

မေသက်သည် ထိုအကြောင်းစကားများနှင့် ပတ်သက်၍ လေသံကိုမျှပင် သူ့ကို မဟခဲ့ပါလား။

မေသက် သူ့ကို ကောင်းကောင်းလှည့်စားခဲ့ပြီပဲ။

'အဲဒါနဲ့ စေ့စပ်ပွဲအထိမ်းအမှတ်အဖြစ်နဲ့ ခြောက်မိုင်ကခြံနဲ့တိုက်ကို မေသက်နာမည်နဲ့ ဦးထွန်းလှံက မင်္ဂလာလက်ဖွဲ့အဖြစ် ပေးခဲ့တယ်'

'အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ ဖိုးလေး၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီစကားတွေ လာပြောနေရတာလဲဗျာ'

ဖိုးလေးက ပင့်သက်ကိုချ၍…

'အဲဒီစကားကိုသာ မောင်တိုးဖေဖေသိရင် ဖိုးလေးတို့လည်း ကောင်းမှာမဟုတ်တော့ဘူး၊ ဒါကြောင့် ပြောသင့် မပြောသင့် ချင့်ချိန်နေခဲ့တာပါ'





'ပြောပါ ဖိုးလေး၊ ဒီအချိန်မှာ အားနာတယ်ဆိုတဲ့စကားဟာ ကျွန်တော်တို့တစ်တွေရဲ့ကြားမှာ ရှိစရာမလိုတော့ပါဘူး'

ဖိုးလေး၏ အသက်ရှူသံပြင်းပြင်းကို သူကြားနေရသည်။

'မောင်တိုးနဲ့ မေသက်ဟာ တစ်မိဝမ်းထဲက မွေးလာရတဲ့တမယ် မောင်နှမလိုဘဝမျိုးနဲ့ နေခဲ့ကြတယ်ဆိုပေမယ့် အရွယ်တွေက မငယ်တော့ဘူးဆိုတာ အားလုံးသတိထားလာမိကြတဲ့အချိန်မှာ အကောင်းဆုံးကိုရွေးချယ်ဖို့ ဖိုးလေးတို့ တိုင်ပင်ကြရတော့တယ်၊ တကယ်တော့ သံယောဇဉ်ချင်းယှဉ်လိုက်ရင် မင်းသက်အောင်ထက် မောင်တိုးကို ဆယ်ဆပိုပါတယ်၊ မေသက်ဟာ မင်းသက်အောင်ထက် မောင်တိုးကိုပဲ…'

နှုတ်က မထွက်သင့်သော စကားဖြစ်နေသဖြင့် ဖိုးလေးက သူ့ကို အတန်ကြာငေးကြည့်နေသည်။

ခဏနေတော့မှ သူ့ကို မျက်နှာချင်းဆိုင်လိုက်ပြီး…

'ဖြစ်နိုင်ရင် မောင်တိုးကို ဖိုးလေးက အနူးအညွတ်တောင်းပန်ချင်တယ်၊ မေသက်နဲ့ ဒေါက်တာမင်းသက်အောင်တို့အတွက် အကောင်းဆုံးဖြစ်အောင် အဆက်အဆံ အသွားအလာကအစ မောင်တိုး ဆင်ခြင်ပေးဖို့၊ ပြီးတော့ မေသက်ကို ညီမလေးတစ်ယောက်ရဲ့အချစ်ထက်မပိုတဲ့ အချစ်တွေနဲ့…'

'တော်ပါတော့ ဖိုးလေးရယ်… ဒီလောက်ပြောရင် ကျွန်တော် နားလည်ပါပြီဗျာ'

ဖိုးလေး သူ့ကို သနားစရာအကောင်းဆုံး လှမ်းကြည့်သည်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ်နဲ့ စိုက်ကြည့်နေသည်။

သူ ခေါင်းကိုမော့ပစ်လိုက်၏။

မေသက်ကို သူ့ဘဝထဲကဖယ်ထုတ်ဖို့ အင်အားများစွာကို စိုက်ထုတ်ရပေတော့မည်။

ရှိတာတွေလည်း ရှိပါစေတော့ မေသက်ရယ်။

✣ ✣ ✣

## (၃၅)

'အကြောင်းအရာတွေက အဲဒါပဲ ယဉ်ကျေး'

သူ့ကိုကြည့်ပြီး ယဉ်ကျေးဝေ၏မျက်နှာ အမျိုးမျိုးပြောင်းလဲနေသည်။

'ဒါ... ဒါဆို မေသက်မှာ စေ့စပ်ပြီးသားရှိတယ်ပေါ့၊ ဟုတ်လား ကိုတိုး... ဟင်...'

သူ ငြိမ်သက်စွာနေလိုက်၏။

နာကျင်မှုကြီးစွာ ခံစားခဲ့ရသော နေ့ရက်များကို အပိုင်းပိုင်းဖြစ်အောင် ထုခွဲချေဖျက်ပစ်ချင်သော ဆန္ဒများကသာ ရင်ထဲမှာ လှိမ်းမိုးနေသည်။

ယဉ်ကျေးဝေ မသိသေးသော ပူပူနွေးနွေး အတိတ်၏ အပိုင်းအစများသည် သူ့ဘဝအတွက် နာကျင်ခံခက်ဖွယ် ဖြစ်ခဲ့သည်။

'ကိုယ်က လူတွေအားလုံးကို ထာဝရချစ်လှတ်တာတာ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားနေခဲ့သူပါ ယဉ်ကျေး၊ ကိုယ့်ကို ရိုက်ခတ်လာတဲ့ လှိုင်းတံပိုးတွေကို မတုန်မလှုပ် ရင်ဆိုင်ခဲ့သူပါ၊ မေသက်ဟာ ဒီအကြောင်းတွေကို ကိုယ်မသိဘူးအထင်နဲ့ ကိုယ့်ကို ရုပ်သေးရုပ်လို ကြိုးဆွဲလိမ်ညာချင်ခဲ့တယ်၊ ကိုယ်ကလည်း ဟန်ဆောင်ရယ်မောခဲ့တာပါပဲလေ၊ သူနဲ့ပတ်သက်ရင် မျက်နှာတစ်ချက်မပျက်အောင် စကားတစ်လုံးမမှားအောင် သတိထားခဲ့တာ၊ ဒါတွေက ဖိုးလေးနဲ့တွေ့ပြီးတဲ့ အချိန်ကတည်းကပါ ယဉ်ကျေး၊ ဒီအချိန်အခါမှာတော့ အားလုံးကိုနားလည်သွားတဲ့သူတစ်ယောက်အနေနဲ့ မေသက်နဲ့တွေ့ရင် ပြုံးပြရယ်ပြဆိုတာ မခဲယဉ်းတော့ပါဘူး'

စကားကို အစသတ်လိုက်သည်။

မေသက်သည် ဒီဘဝ ဒီတစ်သက်မှာ မည်သည့်နည်းနှင့်မျှ သူ့မေသက် ဖြစ်မလာနိုင်တော့။ မေသက်နှင့် သူသည် ခရီးတစ်ခုကို ဆန့်ကျင်ဘက် ကျောခိုင်းလျက် လမ်းခွဲထွက်မှန်းမသိ ထွက်ခဲ့ကြလေပြီ။

'ဒါတွေအားလုံးကို ယဉ်ကျေး ဘာတစ်ခုမှမသိခဲ့ဘူး ကိုတိုး၊ ဒီပွဲမှာ ယဉ်ကျေး နားမလည်နိုင်တာတွေ ရှိနေသေးတယ်ဆိုတာ ကိုတိုး ယုံပါ'

ယဉ်ကျေးဝေက ရင်ညွန့်ပေါ်တင်နေသောဆံပင်တစ်တွေးကို နောက်သို့ပို့သည်။ ပြီးမှ စကားကိုဆက်ပြောသည်။

'ဒါပေမဲ့ ယဉ်ကျေး တစ်ခုတော့ပြောချင်ပါတယ်၊ ဘာ





လဲဆိုတော့ မေသက်ကို အထင်မလွဲပါနဲ့၊ သူ ကိုတိုးကို သိပ်ချစ်တယ်ဆိုတာ ယဉ်ကျေး သိတယ်၊ သူ ယဉ်ကျေးကို သူ့ရင်ထဲမှာရှိတာတွေ အကုန်ဖွင့်ပြောသွားတယ်'

'ဘယ်လို…'

သူ နားမလည်နိုင်စွာဖြင့် ယဉ်ကျေးမျက်နှာကို ကြည့်လိုက်၏။

'ကိုတိုးတို့နှစ်ယောက် တကယ့် ငယ်သူငယ်ချင်းတွေပါ၊ သူငယ်ချင်းအချစ်ဆိုတာ တည်တံ့ခိုင်မြဲတယ်လို့ ယဉ်ကျေးကြားဖူးပါတယ်၊ ကိုတိုး မေသက်ကို သွားတွေ့လိုက်ပါ၊ သူ ကိုတိုးကို သိပ်တွေ့ချင်နေတယ်'

'မလိုတော့ဘူး ယဉ်ကျေး၊ ကိုယ် လုံးဝ ဆုံးဖြတ်ထားလိုက်ပြီ၊ ကိုယ် မေသက်ကို မချစ်တော့ဘူး'

ရင်ထဲစကားသည် အပြင်ဘက်သို့ လေးကန်စွာထွက်သွား၏။ ချစ်ခဲ့သော မေသက်သည် သူ့ဘဝ မြင့်မားသောနေရာတွင် ရောက်ရှိပျော်ပါးနေသည်ကိုသာ မြင်လိုပါသည်။

ဒါသည် မေသက်နှင့်ပတ်သက်သော သူ့စေတနာအမှန်လည်းဖြစ်ပါ၏။

'တစ်ဖက်သတ်ကြီးတော့ မဆုံးဖြတ်ပါနဲ့ ကိုတိုးရာ၊ လူ့ဆိုတာ လုပ်ရပ်မှားရင် တစ်ခါပြင်တာနဲ့ ရတယ်၊ ဆုံးဖြတ်ချက်မှားရင် တစ်သက်လုံးပြင်ရင်တောင် အမှန်ကို မရှောင်နိုင်တော့ဘူး၊ ကိုယ့်ကိုယ်ကိုယ် မလိမ်ညာချင်ပါနဲ့ ကိုတိုးရယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးရဲ့ရင်ထဲက အသည်းနှလုံးကို ယဉ်ကျေး ထွင်းဖောက်မြင်နေပါတယ်၊ မေသက်ကို ကိုတိုး ဘယ်အထိချစ်တယ်ဆိုတာ ယဉ်ကျေးသိတယ်၊ ဒီလောက်တော့ လူကဲခတ်မညံ့ပါဘူး'

'မချစ်ဘူး ယဉ်ကျေး၊ ကိုယ် မေသက်ကို မချစ်ဘူး'

'ချစ်ပါတယ်'

ယဉ်ကျေးက အသံထွက်အောင် ရယ်လိုက်သည်။

လက်ဖက်ရည်ဆိုင်မှာ လူရှင်းနေသဖြင့် ယဉ်ကျေးဝေ၏အရယ်ကို စောင်းငဲ့ကြည့်သူ တစ်ယောက်မျှပင်မရှိ။

'ယဉ်ကျေး ကိုတိုးကိုမေးမယ်လေ၊ မှန်မှန်ဖြေမလား'

'မေး'

သူ့အသံက ပြတ်နေ၏။

'ကိုတိုး မေသက်ကို မချစ်တော့တာ သေချာရဲ့လား'

'သိပ်သေချာတယ်'

'တကယ်နော်'

'ဆယ်ကယ်··· ဆယ်ကယ်'

'မေးပါ'

'ဒါဆို မေသက်ကို ဘာလို့ ကိုတိုး မချစ်တော့တာလဲ'

'အမြင်ကတ်လို့၊ မုန်းလို့'

'ဘာဖြစ်လို့ အမြင်ကတ်တာလဲ'

ယဉ်ကျေးက မေးပြီး ရယ်နေပြန်၏။

'အမြင်ကတ်တာ ကြည့်မရတော့လို့ပေါ့ ယဉ်ကျေးရ'





စိတ်ပေါက်ပေါက်နှင့် စိတ်ထဲတွေ့ရာ ဖြေချလိုက်သည်။

'လိမ်ပါ ကိုတိုး၊ တစ်လောကလုံးမှာ ရှိသမျှအရာတွေအားလုံးကို ဘယ်တော့မှဂရုမစိုက်ဘဲ ကိုတိုး လိမ်ပါ၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ မလိမ်ပါနဲ့၊ ကိုတိုးဘဝတစ်လျှောက်လုံး လိမ်ညာမိတဲ့ အပြစ်ဒဏ်ကို အသက်ရှိသရွေ့ ခံစားသွားရလိမ့်မယ်ဆိုတာ ယဉ်ကျေး ပြောချင်ပါတယ်'

သူ့ ခေါင်းထဲမှာ ပိတ်မိနေသလို ခံစားရသည်။

'အကောင်းဆုံးကို ယဉ်ကျေး ပြောရမယ်ဆိုရင် ကိုတိုး မေသက်ကိုရှာပြီး သွားတွေ့လိုက်ပါ၊ မေသက်ဟာ ကိုတိုး ထင်ထားတဲ့မေသက် မဟုတ်တော့ဘူးဆိုတာ အဲဒီအခါကျရင် သိပါလိမ့်မယ်၊ ပြီးတော့···'

ယဉ်ကျေးဝေက စကားကိုရပ်ပြီး သူ့မျက်နှာကို တစ်ချက်တွေကြည့်သည်။

'ကိုတိုးတို့နှစ်ယောက် ဘဝတစ်ခုကို ရင်ဆိုင်လက်တွဲနိုင်အောင် ကြိုးစားပါလို့ ယဉ်ကျေး ပြောချင်ပါတယ်'

ယဉ်ကျေးဝေ လေသံပြောင်းလဲသွားသည်ထင်သည်။

သူ ယဉ်ကျေးဝေကို ခပ်ဝေဝေလေးကြည့်ဖြစ်တော့ မျက်လုံးထောင့်စွန်းမှာ မျက်ရည်စကလေးကို တွေ့သည်။

အို··· သူ ဘာကိုမှ နားလည်နိုင်စွမ်းမရှိတော့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

စိတ်သည် ရွက်ကြွေလေးတစ်ခုလို လွင့်မျောပြီကို ယဉ်ကျေးဝေ ကိုယ့်ကိုယ်ကိုယ် သိလိုက်သည်။

စိတ်၏ ပြတ်တောက်နေသော ကြိုးမျှင်ကလေးကို သူမ ဆက်ကြည့်သည်။ မရ။ မြင်ကွင်းအားလုံးသည်လည်း သွေ့ခြောက်နေသော ကန္တာရပြင်ကျယ်တစ်ခုလို ဖြစ်နေ၏။

ဖြတ်တိုက်လာသော လေပြည်သည် ငြိမ်သက်နေသော သစ်ရွက်များကို ပုတ်နှိုးရင်း သူမနှင့်ဝေးရာအရပ်သို့ တိမ်းချာ ထွက်ပြေးလျက်ရှိသည်။

ရံဖန်ရံခါ အတွေးထဲမှာ အမေ့ရုပ်ပုံနွမ်းနွမ်းကို ယဉ်ကျေးဝေ မြင်မိသည်။ တစ်ခါတစ်ခါ ကုန်ဆုံးပျောက်ကွယ်ခဲ့ပြီဖြစ်သော အတိတ်ဆိုး အတိတ်ဆွေးများကို တသအောက်မေ့စွာ ယဉ်ကျေး လွမ်းနေမိသည်။





ဘာပဲဖြစ်ဖြစ် ယဉ်ကျေးဝေ အမေ့ရင်ခွင်သို့ ခိုဝင်ရပေတော့မည်။

ဦးနှောက်အသိမှလာသော ဆုံးဖြတ်ချက်သည် နှလုံးသားဆန္ဒနှင့် တစ်ထပ်တည်းကျခဲ့လေပြီ။

ဗီဒီယိုလုပ်ငန်းကြီးတစ်ခုမှ ဒါရိုက်တာကိုလွင်မောင် ပြောသောစကား နားထဲပြန်ရောက်လာသည်။

'စဉ်းစားပေါ့ မယဉ်ကျေးဝေ၊ ကျွန်တော်တို့ဘက်က တော့ မယဉ်ကျေးဝေရဲ့ သဘောထားအစစ်အမှန်ကို လပိုင်းရက်ပိုင်းအတွင်းမှာ တိတိကျကျ သိချင်တယ်၊ မယဉ်ကျေးဝေရဲ့ အရည်အချင်းကိုသိထားတော့ ဒုတိယသရုပ်ဆောင်နေရာက တောင် မသုံးပါဘူး၊ ခေါင်းဆောင်နေရာကိုသုံးမှာပါ၊ ဒါကလည်း ကျွန်တော် ယုံကြည်တဲ့အပိုင်း ရှိလို့ပေါ့လေ'

တစ်ဆက်တည်းမှာပင် ကိုတိုး၏စကားသံက နားထဲ ပြေးဝင်လာ၏။

'အနုပညာအလုပ်ကို လုပ်တယ်ဆိုတာ ဗျင်းလို့၊ အားလို့ အလုပ်လုပ်စရာမရှိလို့ လုပ်ရတဲ့အလုပ်မျိုးဆိုပြီး ဘယ်တော့မှ ပေါ့ပေါ့ဆဆမတွေးနဲ့ ယဉ်ကျေး၊ အနုပညာမှာ အသက်ရှိတယ်၊ ဈာန်ရှိတယ်၊ ခံစားမှုရဲ့ပုံရိပ်ရှိတယ်၊ ဒါကို အနုပညာသမားလုပ်မယ့်သူက နားလည်ရတယ်၊ ယဉ်ကျေး သရုပ်ဆောင်ကောင်း တစ်ယောက်ဖြစ်ချင်တယ်ဆိုတာကို လက်ခံပါတယ်၊ ကျွန်တော့် ဖို့ အကြောင်းလည်း ဘာမှမရှိပါဘူး၊ ဒါပေမဲ့ ယဉ်ကျေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တိုင်ပင်ကြည့်ပါဦး၊ ပြီးတော့ ကျောင်းထွက်ဖို့ကိစ္စကိုလည်း အလျှင်စလို မလုပ်ပါနဲ့ဦး၊ ကိုယ်ကတော့ ယဉ်ကျေး ကျောင်းထွက် မယ်ဆိုတဲ့ကိစ္စဟာ ဘာမှအဓိပ္ပာယ်မရှိဘူးလို့ထင်တယ်'

သည်တုန်းက ကိုတိုးစကားကိုနားထောင်ပြီး ယဉ်ကျေးဝေ ရယ်နေခဲ့မိသည် ထင်၏။ ကိုတိုးကို တစ်ခွန်းတလေမှ ယဉ်ကျေးဝေ မချေပခဲ့။ စကားတုံ့ပြန်မဆိုခဲ့။

စိတ်သည် မိမိကိုယ်မှာမရှိ။

'ဘာတွေတွေးပြီး ငေးလျှောက်နေတာလဲ ယဉ်ကျေး၊ အိမ်ရောက်ပြီ'

အသံကြောင့် သတိချက်ချင်းပြန်ဝင်သည်။

သူမ ထိတ်ထိတ်ပျာပျာဖြစ်သွားဟန်ကိုကြည့်ပြီး ကိုတိုးက ရယ်၏။

'ဟုတ်ပါရဲ့ ... ကိုတိုးတို့အိမ်ကိုတောင် ရောက်လာပြီ'

'ဖေဖေ ... ယဉ်ကျေးပါ အိမ်လိုက်လာတယ်'

ကိုတိုးက သူ့ဖေဖေကို လှမ်းအော်ပြောပြီး ခြံဝိုင်းကလေးထဲသို့ ဝင်ခဲ့ကြသည်။ ကိုတိုးဖေဖေက လက်ထဲမှသတင်းစာကိုကိုင်ထားရင်း မိမိတို့နှစ်ယောက်ကို လှမ်းကြည့်၏။

'အတော်ပဲဟေ့ ... သားတို့သူငယ်ချင်းနှစ်ယောက်ကို မင်္ဂလာသတင်းလေး ပြရဦးမယ်'

'ဘာမင်္ဂလာသတင်းလဲ ဖေဖေ'

'သားတို့သူငယ်ချင်းမေသက် စေ့စပ်လိုက်ပြီတဲ့'





'ဟင်'

သတင်းစာကို ယဉ်ကျေးဝေက လှမ်းယူကြည့်သည်။ ပြီး ကိုတိုး၏မျက်နှာကိုလည်း အကဲခတ်သလိုကြည့်လိုက်၏။

'ကိုယ် ယဉ်ကျေးကို ဘယ်တော့မှမလိမ်ဘူးဆိုတာ ယဉ်ကျေး ယုံပြီလားဟင်'

သူမက မျက်လုံးဝိုင်းကလေးနှင့် ကိုတိုးကိုသာ ငေးကြည့်နေမိပါ၏။

'ရွှေကို ရွှေနဲ့ထပ်တဲ့ပွဲပါပဲ သားရယ်၊ သားတို့ဖေဖေတို့ဟာ သူတို့နဲ့ ဘယ်လောက်ပဲ တရင်းတနှီးနေခဲ့ နေခဲ့၊ ဘဝနဲ့ ပတ်သက်လာရင် ဘယ်သူမှ အနာမခံလိုကြပါဘူး၊ အင်းလေ ... လူတွေဟာ လူတွေကျင့်တဲ့အကျင့်ကိုပဲ ကျင့်ကြတော့မှာပေါ့ကွာ'

ကိုတိုးဖေဖေက ချထားသော ဆေးပေါ့လိပ်ကို ကောက်ဖွာလိုက်၏။

မေသက်မျက်နှာကို ယဉ်ကျေးဝေ ပြေးမြင်သည်။

ကန်စပ် မြို့ရည်ဆိုင်မှာ မေသက်ပြောခဲ့သော စကားကို ပြန်သတိရ၏။

'ကိုတိုးကို မေသက် သိပ်ချစ်နေပြီ ယဉ်ကျေးရေ၊ မေသက်ကို ကူညီပါဦး'

အတွေးများနှင့် ယဉ်ကျေးဝေ ပင့်သက်အချမှာ ကိုတိုးဖေဖေက သူမနှင့် ကိုတိုးကို လှမ်းကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



'လောကကြီးမှာ နှမ်းပါးချို့တဲ့သူတွေဆီမှသာ သစ္စာတရားကို အများဆုံးတွေ့ရတယ် သား၊ ဂုဏ်တွေ ဓနတွေနဲ့ ဘက်သတ်ပြီး ခွဲခြားခံရတဲ့အဖြစ်တွေကို တွေးမိတိုင်း ဖေဖေ့ရင်ထဲမှာ ဝေဒနာတွေ ထပ်တိုးလာသလိုပဲ၊ ဒီအဖြစ်တွေကို ဘယ်တော့မှပြန်မပြောတော့ဘူးလို့ ဆုံးဖြတ်ခဲ့ပေမယ့် ခုတော့…'

သူမနှင့် ကိုတိုး မျက်လုံးအဝိုင်းသားလေးနှင့် နားစွင့်နေဆဲမှာ-

'မေသက်ဖေဖေနဲ့ ဖေဖေက ငယ်ငယ်က တစ်ယောက်နဲ့တစ်ယောက် အင်မတန်ချစ်ကြခင်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ပဲ သား'

စကားအတန့်မှာ သူမက ကိုတိုးကို လှမ်းကြည့်၏။

ကိုတိုးဖေဖေ ဦးလေးဦးအောင်တိုးက အပြင်ဘက်သို့ ဆွေးဆွေးမြေ့မြေ့ကလေး လှမ်းကြည့်ပြီး…

'အရွယ်ရောက်လာတဲ့အခါကျတော့ ဖေဖေတို့ဘဝထဲကို မိန်းကလေးတစ်ယောက် ရောက်လာတယ်၊ သူ့နာမည်က ခင်နွဲ့ဝေတဲ့'

'ရှင်'

'ဟုတ်တယ် သမီး၊ ခင်နွဲ့ဝေတဲ့၊ အငြိမ့်မင်းသမီး တစ်ယောက်ပေါ့ကွယ်'

ယဉ်ကျေးဝေ မျက်လုံးဝိုင်းဝိုင်းလည်နေဆဲမှာ ကိုတိုးက…





'ဖေဖေ ကျွန်တော့်ကို တစ်ခါမှ မပြောပြဖူးဘူး'

'ဟုတ်တယ် သား၊ ဖေဖေဟာ ငယ်ငယ်လေးကတည်းက တီးတာ မှုတ်တာ ကတာ ခုန်တာကို ဝါသနာပါခဲ့တဲ့လူဆိုတော့ ဆရာတစ်ယောက်ဆီမှာ အတီးအမှုတ်ပညာသင်ပြီး အငြိမ့်လောကထဲကို ခြေစုံပစ်ဝင်လိုက်တယ်၊ အဲဒီမှာ ဖေဖေနဲ့ ခင်နွဲ့ဝေ စတွေ့တော့တာပဲ'

'ဘုရား… ဘုရား'

'သမီးက ဘာဖြစ်လို့ ဘုရားတတာလဲကွယ်'

'မ… မဟုတ်ပါဘူး ဦး၊ ဘာမှမဟုတ်ပါဘူး'

ရင်တွေလှုပ်ခုန်ပြီး ယဉ်ကျေးဝေ ခေါင်းထဲမှာ အတွေးပေါင်းစုံ ဝင်ရောက်လာသည်။

မေမေသည် သူမကိုမမွေးခင်က အငြိမ့်ကခဲ့ဖူးသည်။

အငြိမ့်မင်းသမီး ခင်နွဲ့ဝေဘဝနှင့်လည်း နာမည်ကြီးခဲ့သူဖြစ်သည်။

'တစ်ယောက်နဲ့ တစ်ယောက် ခင်မင်လာတော့ ခင်နွဲ့ဝေကို မေသက်ဖေဖေ ဦးထွန်းပိုင်နဲ့ မိတ်ဆက်ပေးလိုက်တယ် ဆိုပါတော့၊ အဲဒီမှာ ဦးထွန်းပိုင်ဟာ ခင်နွဲ့ဝေကို ချစ်ခင်စုံမက်ပြီး ချစ်ခွင့်ကို အတိအလင်းတောင်းတော့တာပဲ၊ အဲဒီအချိန်မှာ [illegible] နဲ့ ခင်နွဲ့ဝေဟာ ချစ်သူရည်းစားဖြစ်နေကြပြီလေ'

ချစ်သူရည်းစား။

သူမနှုတ်မှ အသံတိမ်ကလေး တိုးသင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ တအောက်တည်းမှာပင် ခင်နွဲ့ဝေဆိုသည့်အမည်နှင့် ဝတ်သက်ပြီး ခံစားမှုတစ်မျိုးက ရင်ထဲရောက်ရှိလာ၏။

'ဒါပေမဲ့ ဖေဖေဟာ ဦးထွန်းပိုင်အပေါ်မှာ အနိုင်အထက်ပြုခဲ့တယ်၊ ဦးထွန်းပိုင်က မိဘတွေခေါ်လာပြီး ခင်နွဲ့ဝေရဲ့မိဘတွေဆီမှာ အတိအလင်းတောင်းရမ်းတဲ့အချိန်မှာ ခင်နွဲ့ဝေကို ဖေဖေ ရအောင်ခိုးယူခဲ့တယ် သား'

ဦးလေးအောင်တိုးက စကားကိုဖြတ်ပြီး သူမမျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

ယဉ်ကျေးဝေ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။

မျက်လုလုဖြစ်နေသည့် မျက်နှာထားကိုလည်း အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားနေရသည်။

'တကယ်ဆို ဖေဖေဟာ သူငယ်ချင်းကို ဒီကိစ္စတွေ ပွင့်ပွင့်လင်းလင်းပြောထားဖို့ ကောင်းတာပေါ့ကွာ၊ ဒါပေမဲ့ ဖေဖေဟာ ရှေငုံနှုတ်ပိတ်နဲ့ နေခဲ့တယ်၊ ဘာတစ်ခွန်းမှ ဦးထွန်းပိုင်ကို ဖွင့်မပြောခဲ့ဘူး၊ ဒါကြောင့်လည်း ဦးထွန်းပိုင်က ခင်နွဲ့ဝေကို အရှုးအမူးစွဲလမ်းခဲ့တာပေါ့'

ကိုတိုးကတော့ သူ့အဖေစကားတွေကို စိတ်ဝင်တစား နားထောင်ရင်း တစ်ချက်တစ်ချက်မှာ သူမကို လှမ်းကြည့်သည်။

'ခင်နွဲ့ဝေကလည်း ဖေဖေ့ကိုပဲ သံယောဇဉ်ကြီးမားခဲ့ပါတယ်။ ဒါပေမဲ့ကွယ် ဖေဖေခေါ်ရာနောက်ကို ခင်နွဲ့ဝေဟာ လိုက်ခဲ့ပြီး ဖေဖေနဲ့ ပေါင်းသင်းလို့ တစ်ပတ်လောက်ကြာတဲ့





အချိန်မှာ ခွေမျိုးအင်အားများခဲ့တဲ့ ဖေဖေ့မိဘ မောင်နှမတွေဟာ ဖေဖေနဲ့ ခင်နွဲ့ဝေကို ခွဲတော့တာပဲ သားရေ'

'အို…'

သူမ 'အို'ဆိုသော အသံလေးက ယောင်ယမ်းထွက်သွား၏။

ကိုတိုးက သူမကိုလှမ်းကြည့်ပြီး…

'ယဉ်ကျေးက ဖေဖေ့ဇာတ်လမ်းကို စိတ်ဝင်စားနေပြီနဲ့တူတယ်၊ နားထောင် ယဉ်ကျေးရေ၊ ဖေဖေ့ဆီမှာ တခြားစိတ်ဝင်စားစရာတွေ အများကြီးရှိသေးတယ်'

ကိုတိုးက ရယ်ရယ်မောမောနှင့် လှမ်းပြော၏။

ဦးလေးအောင်တိုးက စကားကို ဆက်ပြောသည်။

'နောက်ဆုံး ဖေဖေ့ရဲ့ သစ္စာမဲ့မှု၊ မိုက်မဲမှုတွေကြောင့် ခင်နွဲ့ဝေနဲ့ ဖေဖေဟာ ခွဲခွာခဲ့ကြရတယ်၊ ဒီအဖြစ်တွေဟာ ရာသီတွေသာ ပြောင်းသွား ဟောင်းသွားခဲ့ပေမယ့် ဖေဖေ့ရင်ထဲမှာ ဘယ်တော့မှ ပြောင်းသွား ဟောင်းသွားတော့မှာ မဟုတ်ပါဘူးကွယ်၊ ခု ဦးထွန်းပိုင်ဟာ ပညာရှိဆန်တဲ့ လုပ်ရပ်တွေနဲ့ ဖေဖေ့ကို တုံ့ပြန်ကလဲ့စားချေလိုက်တာပါ၊ ဖေဖေ အားလုံးကို သဘောပေါက်ပါတယ်'

ဦးလေးအောင်တိုး အသံတိမ်ဝင်သွား၏။

ယဉ်ကျေးဝေ ဦးလေးအောင်တိုးမျက်နှာကို တွေတွေကလေးစိုက်ကြည့်နေရင်းမှ မေမေပြောခဲ့သည့်စကားကို ခြေ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရသည်။

'သမီးရဲ့ဖေဖေဟာ သမီးကိုမွေးပြီးတဲ့အချိန်မှာ အသုတ်အအေးမိပြီး သေဆုံးသွားခဲ့တယ်လို့ မေမေ သမီးကို ပြောပြခဲ့ပြီးပြီပဲ၊ ဒီအကြောင်းတွေကို ထပ်ခါတလဲလဲ မေမေ့ကို မမေးစမ်းပါနဲ့ သမီးရယ်'

ယဉ်ကျေးဝေရင်မှာ လှိုက်ခုန်လာသည်။

ဦးလေးအောင်တိုးနှင့် အကြောင်းပါခဲ့သူ ဒေါ်ခင်နွဲ့ဝေသည် မေမေများလားဆိုသည့်အတွေး။

ဖြစ်များဖြစ်ခဲ့လျှင်

အို… ဒါဆို ကိုတိုးဟာ…

အမြင်တွေဝေဝါးလာသည်။

မျက်လုံးတွေပူလာသည်။

ကိုတိုးရယ်…

ယဉ်ကျေး ရူးတော့မယ် ထင်ပါရဲ့။

✣ ✣ ✣



(၃၇)

'ဦးလေးအောင်တိုးဆိုတဲ့အမည်ဟာ မေမေ့အသည်းနှလုံးထဲမှာ ရှိနေခဲ့တယ်ဆိုရင်တော့ ဦးလေးအောင်တိုးဟာ…'

ယဉ်ကျေးဝေက စကားကိုတန့်ပြီး သူမမေမေကို စိုက်ကြည့်လိုက်သည်။ မေမေ့မျက်လုံးအိမ်ထဲမှ မျက်ရည်ပေါက်တွေစီးကျလာတာတွေ့တော့…

'သေချာပါပြီ မေမေရယ်၊ ဒါကြောင့် သမီး မေမေ့ကို ရန်ကုန်ကို တစ်ခါတည်းခေါ်လာခဲ့တာပေါ့၊ ဟိုရောက်လို့ ဦးလေးအောင်တိုးနဲ့တွေ့ရင် မေမေ့သံသယတွေ၊ နာကြည်းမုန်းတီးမှုတွေ ပျောက်ပြယ်သွားလိမ့်မယ်လို့ သမီးထင်တယ်'

'မေမေ့အပေါ်မှာ ရက်စက်စိမ်းကားသွားတဲ့ လူစိမ်းကားကြီးကို မေမေ မတွေ့ပါရစေနဲ့တော့ သမီးရယ်၊ မေမေ သူ့ကို အိမ်ကို မလိုက်ပါရစေနဲ့'

မေမေက အကြောက်အကန်သာ ငြင်းမြဲငြင်းနေသည်၊

'မဟုတ်ဘူး မေမေရယ်၊ ဦးလေးအောင်တိုးဟာ သူ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေအတွက် အမြဲနောင်တရတယ်ဆိုတာ သမီး သိတယ်၊ မေမေ့ကိုသာ သူတွေ့လိုက်ရင် သူ သိပ်ဝမ်းသာသွားမှာအမှန်ပဲ မေမေ၊ လာပါ… ရှေ့တစ်ကွေ့ဆိုရင် ရောက်တော့မှာပါ'

ပြောလည်းပြော၊ မေမေ့လက်ကိုလည်း လွှတ်မပေးဘဲ ခပ်တင်းတင်းဆွဲခေါ်လာရသည်။

ယဉ်ကျေးဝေ ရင်ထဲမှာတော့ တလှပ်လှပ်။

ကိုတိုးနှင့်တွေ့လျှင် ပြောပြဖို့စကားတွေကိုလည်း ရင်ထဲမှာ စုစည်းလာခဲ့သည်။

ကိုတိုးက သူမ နယ်အပြန် ဘူတာရုံလိုက်ပါခဲ့စဉ်က သူမကိုပြောသော စကားလေးတစ်ခွန်းရှိသည်။

ယဉ်ကျေး ရန်ကုန်ပြန်ရောက်မှ ဝမ်းသာစရာစကားကို ကိုယ်ပြောတော့မယ်ဆိုသည့်စကား။ အဲဒီတုန်းက သိချင်စိတ်တွေ တဖွားဖွားပေါ်ခဲ့တာ အမှန်ပါပဲ။ သို့သော်လည်း ကြာမြေ ဆယ်ပြီး ယဉ်ကျေးဝေ တည်တည်ငြိမ်ငြိမ်နေလာခဲ့ပါသည်။

သို့သော်လည်း သည်စကားသည် မိမိအကြားချင်ဆုံးသော စကားဖြစ်ပါစေဟု စိတ်ထဲမှ သတိရတိုင်း ဆုတောင်းနေခဲ့သည်။

ခု ကိုတိုးကို တွေ့ရတော့မည်။

တွေ့ဆုံရေးသည် နှလုံးသွေးနှင့် ဆက်နေသည်ကိုလည်း ယဉ်ကျေးဝေ နားလည်သဘောပေါက်ပါ၏။

ဩော်… ကံတရားတွေပါပဲလေ။

✢ ✢ ✢



(၃၈)

သူ့ဦးနှောက်တစ်ခုလုံး ချာချာလည်သွားသည်။ ဖေဖေ ဆေးလိပ်သောက်မပျက် ဖြစ်နေသည်ကိုလည်း တအံ့တဩဖြစ်ရင်း သူက…

'ဒါ… ဒါဆို ယဉ်… ယဉ်ကျေးဟာ ကျွန်တော်နဲ့ သွေးသားတော်စပ်နေသလားဗျာ'

ယဉ်ကျေးဝေမေမေက ခေါင်းကို အသာခါယမ်းပြသည်။

'ယဉ်ကျေးဟာ မောင်ညီတိုးနဲ့ ဘာမှမတော်စပ်ပါဘူးကွယ်၊ ကိုအောင်တိုးရဲ့ရင်သွေး ဒေါ်လေးမှာ မပါခဲ့ပါဘူး၊ ယဉ်ကျေးဟာ နောက်အိမ်ထောင်နဲ့ရတဲ့ ဒေါ်လေးရဲ့သမီးပါ'

'ယဉ်ကျေးရယ်'

သူ ယဉ်ကျေးဝေနာမည်ကို တမ်းတမ်းတတလေးခေါ်တော့ ယဉ်ကျေးဝေက ခေါင်းကိုငုံ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်း… အရွယ်ရောက်နေတဲ့ သားသမီးတွေရှေ့မှာ ခွင့်လွှတ်ပါဆိုတဲ့စကားကို ရှက်ရှက်နဲ့ပဲ ထပ်ခါတလဲလဲ ပြောရတော့မှာပဲ ခင်နွဲ့ရယ်၊ ကိုယ် အမှားကြီးမှားခဲ့ပါတယ်၊ အဲဒီအမှားတွေအတွက် ခင်နွဲ့ ကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ပါ့မယ်'

ဖေဖေက ဒေါ်ခင်နွဲ့ဝေကို ကြေကြေကွဲကွဲကြည့်သည်။

'ခင်နွဲ့ကို လိုက်ရှာပါသေးတယ်၊ အငြိမ့်လောကကို စိတ်နာပြီး ခြေရာဖျောက် ထွက်ပြေးသွားတဲ့ ခင်နွဲ့ကို ကိုယ် ဘယ်လိုလုပ်ပြီး တွေ့အောင်ရှာနိုင်မှာတဲ့လဲ'

'ပြော်… ကိုအောင်တိုးရယ်၊ ခင်နွဲ့တို့ဘဝက အနိမ့်ခံဘဝပါ၊ ကိုအောင်တိုးနဲ့ပတ်သက်တဲ့ အားလုံးကို ခင်နွဲ့ မေ့နိုင်အောင်ကြိုးစားရင်း သမီးလေး ပညာတတ်ဖြစ်အောင် ပြုစုပျိုးထောင်ခဲ့ပါတယ်၊ ခင်နွဲ့လိုဘဝမျိုး ရောက်မှာစိုးလို့ သူ့အနုပညာစိတ်ကို အမျိုးမျိုးဟန့်တားပေမယ့် မရခဲ့ပါဘူး၊ ခုတော့ သမီးလေးကို လွှတ်လပ်ခွင့်အားလုံး ခင်နွဲ့ပေးထားပါတယ်'

ဖေဖေ့မျက်နှာမှာ အပြုံးတွေရှိနေ၏။

ဖေဖေနှင့် ဒေါ်ခင်နွဲ့ဝေ စကားတွေ လွှတ်လွှတ်လပ်လပ် ပြောနိုင်ဖို့အတွက် သူနှင့် ယဉ်ကျေးဝေ ခြံဝိုင်းထဲသို့ မယောင်မလည်ဆင်းခဲ့သည်။

ခြံနောက်ဘက်က ခနော်နီခနော်နဲ့ရိုက်ထားသည့် ခုံတန်းလေးမှာ ဝင်ထိုင်ဖြစ်တော့ သူက…





'မေသက်နဲ့ကိုယ်နဲ့ နားလည်မှုရသွားကြပြီ ယဉ်ကျေး၊ အဲဒါ ယဉ်ကျေးကိုပြောမလို့'

'ရှင်'

သူ့စကားအတွက် ယဉ်ကျေးဝေမျက်နှာ ကွက်ခနဲပျက်သွားသည်။ တဆက်တည်းမှာပင် မျက်နှာက ညှိုးရိပ်သန်းသွားသည်ကို သူသတိပြုမိ၏။

သူက ရယ်ပြီး…

'အဲဒါ ယဉ်ကျေးကို တမင်မပြောဘဲထားတာ၊ ယဉ်ကျေးနယ်က ပြန်ရောက်တဲ့အချိန်မှာ ရုတ်တရက် ဝမ်းသာသွားအောင်လို့လေ'

သူ့မျက်နှာမှ ပျော်ရွှင်နေမှုများကို ယဉ်ကျေးဝေက မျက်လုံးဝိုင်းဝိုင်းစက်စက်ကလေးနှင့် ကြည့်ပြီး…

'ယဉ်ကျေးကို ကိုတိုးပြောမယ့် ဝမ်းသာစကားဆိုတာ အဲဒါလားဟင် ကိုတိုး'

'ဒါပေါ့ ယဉ်ကျေးရဲ့၊ ဘာလဲ ယဉ်ကျေးက မင်္ဂလာလက်ဖွဲ့ရမှာကို တွေးပြီး နှမြောစိတ်ရှိနေတာလား'

ယဉ်ကျေးဝေက ကပျာကယာဖြေသည်။

'မဟုတ်ဘူး ကိုတိုး၊ မဟုတ်ပါဘူး၊ ယဉ်ကျေး ဝမ်းလည်းသာပါတယ်၊ ကျေလည်း ကျေနပ်ပါတယ်၊ ကိုတိုးရဲ့ပျော်ရွှင်မှုဟာ ယဉ်ကျေးရဲ့ပျော်ရွှင်မှုပါပဲ'

သူ၏ နက်ရှိုင်းသောအပြုံးကို ယဉ်ကျေးဝေ နားလည်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်မဟုတ်။

'နက်ဖြန် ညရထားနဲ့ မန္တလေးကို ကိုယ် မေသက်ကို ခိုးပြေးမှာ၊ အဲဒါ ယဉ်ကျေး ဘူတာကို လိုက်ပို့နော်၊ ယဉ်ကျေးနဲ့ကိုယ်က ဘူတာကို အရင်သွားနှင့်မယ်၊ မေသက်က ဘူတာကို လိုက်လာလိမ့်မယ်'

ယဉ်ကျေးဝေ နှုတ်ခမ်းလေး ဖိကိုက်ထားသည်ကို သူ သိသည်။ မသိချင်ယောင်ဆောင်ပြီး အကြည့်ကိုလွှဲလိုက်၏။

သူ့စိတ်တစ်ခုလုံး ဖက်ရှက်လို ပေါ့ပါးနေသည်ကိုလည်း ယဉ်ကျေးဝေ သိလိမ့်မည်မဟုတ်။ အကျိုးအကြောင်းအားလုံးကို သူ ဖေဖေ့ကို ဖွင့်ဟတိုင်ပင်တုန်းက…

'သား… စိတ်ချမ်းသာသလိုလုပ်ပေါ့ကွာ'

ဆိုသည့် စကားကို ဖေဖေသည် ရယ်ရယ်ပြုံးပြုံးနှင့် သူ့ကို ပြောခဲ့ပါ၏။

✣ ✣ ✣



## (၃၉)

ဘူတာရောက်တော့ အေးစက်စက်ဖြစ်နေသည့် သူ၏ အမူအရာကိုကြည့်ပြီး ယဉ်ကျေးဝေက…

'မေသက်ရောဟင်၊ မေသက် မရောက်သေးဘူးထင်တယ်၊ လိုက်ရှာရအောင် ကိုတိုး'

'မရှာပါနဲ့'

'ဩော်… ကိုတိုးတို့ ဒီလက်မှတ်ရုံနားမှာပဲ ချိန်းထားတာလား'

'ဟင့်အင်း'

'ကိုတိုး ဘယ်လိုဖြစ်နေတာလဲ'

ယဉ်ကျေးဝေက သူ့ကို မျက်လုံးပြူးကလေးနှင့် မေးသည်။ သူက ပြုံးရင်းနှင့် လွယ်ထားသည့် အညိုရောင်အိတ်ထဲမှ စာရွက်ခေါက်လေးကို အသာဆွဲထုတ်ပြီး ယဉ်ကျေးဝေကို လှမ်းပေးသည်။ စာခေါက်လေးကိုကြည့်ပြီး ယဉ်ကျေးဝေ ကြောက်နေ၏။

'ဘာစာလဲ ကိုတိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဖတ်ကြည့်လေ… ဖတ်ကြည့်မှသိမှာပေါ့'

ယဉ်ကျေးဝေက စာရွက်ခေါက်လေးကို ဖြန့်ဖတ်သည်။

စာက မေသက်ရေးပေးထားသောစာ။

**သူငယ်ချင်း ယဉ်ကျေး**

*ဒီစာကို မင်းဖတ်နေတဲ့အချိန်မှာ မင်းစိတ်တွေ ရှုပ်ထွေးနေလိမ့်မယ်ဆိုတာ ကိုယ်ခန့်မှန်းမိပါတယ်။ မင်းကို ကိုယ်ပြောချင်တာတွေ ကိုယ့်ရင်ထဲမှာ အများကြီးရှိပါတယ် ယဉ်ကျေး။ ဒါပေမဲ့ ကိုယ့်ဘက်က ဘာစပြောရမှန်းမသိဘူး။ ဒီပွဲမှာ အားလုံးရဲ့အညာကို မင်းခံလိုက်ရပြီလေ။ ဇာတ်လမ်းက တစ်မျိုးဖြစ်နေပြီကိုး။*

*မင်းနယ်ပြန်သွားတဲ့ရက်မှာ ကိုယ် မင်းနေတဲ့အဆောင်ကို ရောက်ခဲ့တယ် ယဉ်ကျေး။ အဲဒီမှာ မင်း အခန်းထဲက စားပွဲမှာတင်ထားတဲ့ စာအုပ်ကလေးကို ကိုယ်ဖတ်မိခဲ့တယ်ဆိုပါတော့ကွာ။ စာအုပ်က မင်းလက်ရေးဝိုင်းဝိုင်းလေးနဲ့ ရေးထားတဲ့ 'သော့ပိတ်ထားရသော နှလုံးသားအကျဉ်းခံနေ့ရက်များ' ဆိုတဲ့ စာအုပ်ပါ။*

*ကိုယ့်ကို မင်း အပြစ်တင်စကားဆိုမယ်ဆိုလည်း ကိုယ်ခံရမှာပါ။ မတတ်နိုင်ဘူး သူငယ်ချင်းရယ်။ ကိုယ်ကလည်း မျက်နှာဖုံးမှာ မင်နီနဲ့ရေးထားတဲ့ ခေါင်းစည်းစာတမ်းလေးကို စိတ်ဝင်စားပြီး ဖတ်လိုက်မိတာပါ။*

*စာအုပ်ထဲမှာ အနုပညာနဲ့ပတ်သက်ပြီး ခံစားနေရတဲ့*





*မင်းရဲ့ဝေဒနာတွေအကြောင်း၊ ပြီးတော့ အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်တွေတူလို့ ကိုတိုးကို မင်း နှလုံးသားကရွေးဦးနှောက်ကပါ လက်ခံထားတဲ့ မင်းရဲ့ တိတ်တခိုးဝေဒနာတွေအကြောင်း။ စိတ်မကောင်းဘူး သူငယ်ချင်းရယ်။*

*ဖြူစင်ရိုးသားတဲ့ မင်းရဲ့နှလုံးသားကို ကိုယ် ဦးညွှတ်အလေးပြုပါတယ် သူငယ်ချင်း။ တကယ်ဆို ကိုယ်ကသာ မင်းအပေါ် မရိုးသားခဲ့တာပါ။*

*အင်းလျားက မြီးရှည်ဆိုင်မှာ မင်းနဲ့ ကိုယ်နဲ့ တွေ့ခဲ့ကြတဲ့ နေ့ကလေးကို မင်းမှတ်မိနေဦးမှာပါ။ မင်း ကိုယ့်ကို ပြောချင်တဲ့စကားကို မင်းမပြောခင်ကတည်းက ကိုယ်ရိပ်စားမိခဲ့ပါတယ် သူငယ်ချင်း။*

*ဒါကြောင့်လည်း မင်းပြောမယ့်စကားတွေကို နားထောင်နိုင်စွမ်းမရှိလို့ စကားအနိုင်လုပြီး မင်းပြောမှာတွေကို ကိုယ်ကပဲ ဦးဆောင်ပြောလိုက်တာ၊ အဲဒါဟာ ကိုယ့်ရဲ့ မရိုးသားမှုပါ ယဉ်ကျေးရယ်။*

*ကိုတိုးဖေဖေ ဦးလေးအောင်တိုးနဲ့ ပတ်သက်ပြီး ကိုယ့်ဖေဖေဟာ နာကြည်းစရာတွေ ရှိထားခဲ့ဖူးတယ်။ လိုရင်းက ယဉ်ကျေးရယ်… ဖေဖေက သူ အသည်းနာခဲ့ရသလို အောင်တိုးရဲ့သားလည်း အသည်းနာစေရမယ်ဆိုတဲ့ ခေတ်ဟောင်းကလဲ့စားချေနည်းမျိုးနဲ့ တုံ့ပြန်ခဲ့တယ်ပေါ့။*

*ဒီအကြောင်းတွေကို ကိုတိုးပြောပြလို့ မင်းလည်း သိ*



www.burmeseclassic.com

www.burmeseclassic.com



*ထားမှာပါ။ တကယ်တော့ ကိုတိုးက အပြစ်မဲ့လူတစ်ယောက်ပါ။*

*နောက်ဆုံးကွယ်*

*မင်းကလည်း မင်းကို ကိုတိုးနဲ့ နီးစပ်သွားမှာ သဝန်ကြောင်မိတော့ ကိုယ့်ရင်ထဲမှာမရှိတဲ့စကားကို မျက်စိမှိတ်ပြောခဲ့မိတယ်။ တကယ်ဆို…*

*ကိုယ်က မင်းကိုသာ ဦးစားပေးရမှာပါ။ ကိုတိုးကို အိမ်ထောင်ဘက်တစ်ယောက်အဖြစ်နဲ့ ဘယ်တော့မှ မပတ်သက်သင့်တော့ပါဘူး။ ပတ်သက်ခွင့်လည်း ကိုယ့်မှာမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာ မကြာခင်သောအချိန်မှာ ဒေါက်တာမင်းသက်အောင်ရဲ့ အိမ်သူဇနီးဖြစ်တော့မှာမို့ပါ။ ချစ်တာ မချစ်တာ အပထား။ ဇနီးကောင်းပီသစွာနဲ့တော့ ကိုယ်ဟာ မင်းသက်အောင်အပေါ် သစ္စာရှိပေးရတော့မှာပါ။*

*ကဲ… ခုဆို ဒီစာကိုဖတ်တာ ပြီးဆုံးလောက်ပါပြီ။ အထက်တန်းဝင်ပေါက်များမှာ ကိုယ် မင်းနဲ့ ကိုတိုးကို စောင့်ကြိုနေပါတယ်။ နောက်ပြီး ကိုယ်ယူထားတဲ့ မင်းရဲ့မှတ်တမ်းစာအုပ်ကလေးကိုလည်း ကိုယ်ပြန်ပေးချင်နေပါတယ်။*

***သူငယ်ချင်းတို့ဘဝ***

***ငြိမ်းချမ်းပါစေ၊ အေးချမ်းပါစေ***

***မေသက်***





စာဆုံးသည်နှင့် ယဉ်ကျေးဝေက သူ့မျက်နှာကို မော့ကြည့်သည်။

ယဉ်ကျေးဝေ၏ မျက်လုံးအိမ်မှာ မျက်ရည်ကလေးတွေ ဝဲရစ်နေပါ၏။

ဩော်… ယဉ်ကျေးရယ်။

လွမ်းစရာလည်း မကောင်းပါဘူး။

ငိုစရာလည်း မကောင်းပါဘူး။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

'ယဉ်ကျေး... သူငယ်ချင်းရယ်'

မေသက်က ယဉ်ကျေးဝေပခုံးကို ဖျစ်ညှစ်ဆုပ်ဖက်သည်။ ယဉ်ကျေးဝေမျက်ဝန်းမှာ မျက်ရည်တွေဝိုင်းတက်လာသည်ကို သူ မြင်၏။

မေသက်က ပြုံးနေသည်။

'ကိုယ် အရမ်းဝမ်းသာတယ် ယဉ်ကျေး၊ ကိုယ် ဒီနေ့ သိပ်ပျော်နေသလိုပဲ၊ ကိုယ့်ရင်ထဲမှာ လှိုက်တက်နေတယ်'

သူကတော့ စကားတစ်လုံးမျှပင် မဝင်။

မေသက်နှင့် ယဉ်ကျေးဝေကိုသာ ကြည့်နေသည်။

'ကိုတိုး ကိုယ့်ကို သံယောဇဉ်ပိုကောင်းပိုပါလိမ့်မယ်၊ ဒါပမဲ့ အချစ်ကတော့ မင်းကိုပိုပါတယ် ယဉ်ကျေးရယ်၊ မင်းတို့ ရန်ကုန်က ပြောင်းသွားပြီးကတည်းက ကိုတိုး မင်းကို အမြဲ တမ်းတနေခဲ့တာပါ၊ ကိုတိုးနဲ့ အနီးကပ်ဆုံးနေတဲ့ ကိုယ်က မင်း ထက်ပိုသိခဲ့ပါတယ်'





ပြောပြီး မေသက်အကြည့်က ရထားတွဲများဆီ ရောက် သွားသည်။

'ခု ကိုတိုးက ယဉ်ကျေးကိုခိုးသွားပြီနော်'

'ကိုတိုးက ယဉ်ကျေးကိုအသိမပေးဘဲ သူလုပ်ချင်တာ တွေ လျှောက်လုပ်နေတာပါ၊ မေမေကတော့ ဘာမှမသိရှာဘူး၊ ခု အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ မေသက်ရယ်'

'ဘာပဲဖြစ်ဖြစ် ပျော်စရာကောင်းတဲ့ ပျားရည်ဆမ်းခရီး လေးပါ'

ပြောရင်းနှင့် မေသက် မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လာသည်။ သို့သော် ပါးပြင်ပေါ်သို့ မျက်ရည်တွေလိမ့်ဆင်း မလာ။ မေသက်က မျက်ရည်များကို အပြုံးနှင့်ဆီးတားထား သည်။ ယဉ်ကျေးဝေကတော့ ညိုနေသောမျက်နှာပေါ်မှ အရိပ် များကို နှုတ်ခမ်းနှစ်ခု ဖိကိုက်ရင်း အားတင်းထားသည်။

'ယဉ်ကျေးနဲ့ ကိုတိုး အချစ်ကို ကိုးကွယ်သည်ထက် ပိုပြီး ကိုးကွယ်နိုင်ကြပါစေ'

ယဉ်ကျေးဝေထံမှ ရှိုက်သံမွှင့်ထွက်လာ၏။

'မင်း ဘာဖြစ်လို့ ငိုရတာလဲဟင်၊ ကိုယ့်အတွက် မင်း ဝမ်းနည်းနေလို့လား၊ ဘဝကိုယ်စီပါကွာ၊ ကိုယ့်ကိုချစ်ရင် မင်း မငိုပါနဲ့ ယဉ်ကျေး၊ မျက်ရည်တွေကို သုတ်လိုက်ပါ'

ယဉ်ကျေးဝေကို မျက်ရည်တွေသုတ်ခိုင်းနေပြီး မေသက် မျက်လုံးမှာ မျက်ရည်ပေါက်တွေက လိမ့်ကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းကို ငိုက်အချမှာ မေသက်က သူတို့ထံပါးမှ တစ်လှမ်းချင်း လှမ်းထွက်သွားသည်။

'တိုတိုးရယ်…'

ပခုံးစွန်းပေါ် ယဉ်ကျေးဝေက ပါးကလေးတင်သည်။ စိုစွတ်သောမျက်ရည်များသည် သူ့နှလုံးသားထိ စီးဝင်သွားပြီ ဟု သူ ထင်လိုက်ပါသည်။

သည့်နောက်…

ယဉ်ကျေးဝေ၏ လက်ချောင်းကလေးများကို ဖွဖွဆုပ်ကိုင်ပြီး သူ ခြေလှမ်းသစ်ကို စလိုက်သည်။

ရန်ကုန်-မန္တလေး အမြန်မီးရထားကြီးက ထွက်တော့မည်။

**မောင်သာပြည့်**

BURMESE CLASSIC

www.burmeseclassic.com